မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၁၃)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်သမ္မတ၏မိန့်ခွန်း တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပြောကြားမှုကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာမျက်နှာ ➤ ၈

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၃၃/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါပြည်ထောင်စုဝန်ကြီးဌာန အသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဦးတင်ဦးလွင်	နိုင်ငံခြားရေးဝန်ကြီးဌာန
(၂)	ဒေါက်တာအောင်မြတ်ဦး	မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန
(၃)	ဒေါ်လဲ့လဲ့သိန်း	အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဖွဲ့ချုပ်အသီးသီး၏ အောင်နိုင်စိတ်ပြင်းပြစွာဖြင့် တက်ကုန်ရှက်ကုန်ဖွင့် ကြိုးပမ်းအားထုတ်နေ

နေပြည်တော် ဩဂုတ် ၁၃

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးနှင့် မြန်မာ့အားကစားအဖွဲ့ အောင်နိုင်ရေးအတွက် ပြိုင်ပွဲတွင်ထည့်သွင်းကျင်းပမည့် အားကစားနည်းအလိုက် အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် အစိုးရနှင့် အားကစားအဖွဲ့ချုပ်များအကြား အမြဲရှင်သန်အားကောင်းနေသည့် ဆက်ဆံရေးထူထောင်ထားရှိရန် *စာမျက်နှာ ၃ ကော်လံ ၅* ❒

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးနှင့် မြန်မာ့အားကစားအဖွဲ့အောင်နိုင်ရေးအတွက် ပြိုင်ပွဲတွင်ထည့်သွင်းကျင်းပမည့် အားကစားနည်းအလိုက် အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် ညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရန်ကုန်ဆိပ်ကမ်းမြင်ကွင်းတစ်နေရာကို ဤသို့ တွေ့ရသည်။

မွန်ပြည်နယ်၌ ကုလားကုတ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ထိုင်းကုမ္ပဏီတို့လေ့လာမှုစတင်မည်

ရန်ကုန် ဩဂုတ် ၁၃

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံသည် နယ်ပယ်ကဏ္ဍအသီးသီးတွင် တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများဖြင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိရာ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ထိုင်းနိုင်ငံမှ ကုမ္ပဏီတစ်ခုတို့ပူးပေါင်းကာ ကုလားကုတ်ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်သည်။

"ကုလားကုတ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နဲ့ ထိုင်းနိုင်ငံမှ The Emerald Grand Hotel Co.,Ltd . တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှုကို မကြာခင်က ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်" ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ကုလားကုတ်ရေနက်ဆိပ်ကမ်းမှာ မွန်ပြည်နယ်ရှိ မော်လမြိုင်မြို့နှင့် ရေးမြို့အကြားတွင်ရှိပြီး ကုလားကုတ်ကျွန်းပတ်ဝန်းကျင်တွင် တည်ဆောက်နိုင်ရေး ဖြစ်နိုင်ခြေလေ့လာမှုများ ပြုလုပ်မည်ဖြစ်သည်။ ထိုသို့ ရေနက်ဆိပ်ကမ်းဖြစ်နိုင်ခြေလေ့လာမှုများကို ထိုင်းကုမ္ပဏီမှ အကုန်အကျခံကာ ဆောင်ရွက်မည်ဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❖

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စိုက်ပျိုးရေနှင့် အညာမြေ

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးနှင့်မကွေး တိုင်းဒေသကြီးတို့သည် မြန်မာနိုင်ငံ၏ မိုးနည်းရေရှားရပ်ဝန်း ဒေသများဖြစ်ကြပါသည်။ နှစ်စဉ်မိုးရွာသွန်းမှု အလွန်နည်းသော ဒေသများ ဖြစ်ကြပါသည်။ "ရွှေကိုမလို ရေကိုသာလိုသည်" ဆိုသော ဒေသများသည် ဤဒေသများဖြစ်ကြပါသည်။ ရေသာ ရှိမည်ဆိုလျှင် ဒေသနေလယ်သမားမိသားစုများ စားဝတ်နေမှု အတွက် အထိုက်အလျောက်အဆင်ပြေကြပါသည်။ သို့သော်လည်း သုံးနှစ်တွင်မှ တစ်နှစ်လောက် မိုးမှန်သည့်အတွက် ဒေသနေ တောင်သူလယ်သမားအများစုသည် မိုးလေဝသ၏ နှိပ်စက်မှုဒဏ် ကို ခံကြရရှာပါသည်။

ပြီးခဲ့သော မိုးဦးကာလအတွင်း မြန်မာနိုင်ငံတောင်ပိုင်း ဒေသများသို့ မုတ်သုံမဝင်ရောက်မီ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ များ၌ မိုးကြီးတစ်မိုးရွာသွန်းခဲ့ပါသည်။ ဤမိုးကို အကြောင်းပြုပြီး ဒေသနေလယ်သမားအများစုသည် ပဲ၊ နှမ်း၊ ပြောင်း၊ ဝါသီးနှံ အဖြာဖြာကို စိုက်ပျိုးခဲ့ကြပါသည်။ မိုးသည် ပုံမှန်ရွာသွန်းသော မိုးမဟုတ်သည့်အတွက် နောက်မိုး မလိုက်ဘဲ ကောက်ပဲသီးနှံပင်များ မဖြစ်ထွန်းနိုင်ဘဲ ဖြစ်ခဲ့ရပါသည်။ အချို့သော တောင်သူများမှာ စိုက်ပျိုးစရိတ်ချေးငွေဖြင့် စိုက်ပျိုးခဲ့ရာ မျိုးဖိုးကိုပင် ပြန်မရဘဲ မျိုးဆုံးရသည့် အနေအထားနှင့် ကြုံကြရပါသည်။

ဤအခြေအနေဆိုးမှ လွတ်မြောက်ရှောင်ရှားနိုင်ရန်ကား မိုးနည်းရေရှားရပ်ဝန်းဒေသများ၌ စိုက်ပျိုးရေအလုံအလောက် ရရှိနိုင်သည့် ဆည်မြောင်း၊ ကန်ချောင်းတို့ကို တည်ဆောက်အကောင် အထည်ဖော်ပေးခြင်းမှတစ်ပါး အခြားမရှိနိုင်ပါ။ မြေအောက်ရေ ရရှိရေး၊ ဆည်ရေသောက်စနစ်များ တိုးချဲ့ဖော်ဆောင်ရေးနှင့် ရေရရှိနိုင်မည့် နည်းလမ်းပေါင်းများစွာကို အကြားအလပ်မရှိ အသုံးချဖော်ဆောင် ပေးခြင်းဖြင့် စိုက်ပျိုးရေအလုံအလောက်ရရှိကာ ဒေသနေတောင်သူ လယ်သမားများ မိုးခေါင်မှုဒဏ်ကို ရှောင်ရှား နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

နိုင်ငံတော်သမ္မတကြီးကလည်း အစိုးရတာဝန်ယူသည့် ငါးနှစ်တာကာလအနက် ကျန်ရှိသော လပေါင်း ၃၀ အတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်သွားရမည်ဟူသော အချက်တစ်ချက်ကို မကြာမီက တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်ကို သတိပြုမိပါသည်။ ဤလမ်းညွှန် မှာကြားချက်အတိုင်း စီမံကိန်းများ ဖော်ဆောင်သည့်အခါ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသများကို ဦးစားပေး ဆောင်ရွက်ပေးမည်ဆိုပါက ဒေသခံတောင်သူ လယ်သမားတို့ ပျော်ရွှင်ကြမည်ဖြစ်ပါသည်။ အညာမြေဒေသနေ တောင်သူလယ်သမားတို့အတွက် စိုက်ပျိုးရေသည် အသက် သွေးကြောသာလျှင် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

သဘာဝဘေးအန္တရာယ်ဆိုင်ရာ မြန်မာ-ဂျပန် ဝန်ကြီးများအဆင့်စည်းဝေး

နေပြည်တော် ဩဂုတ် ၁၃

သဘာဝဘေးအန္တရာယ်ဆိုင်ရာ မြန်မာ-ဂျပန် ဝန်ကြီးများအဆင့် အစည်း အဝေးကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက နေပြည်တော်ဟိုတယ် ဇုန် သင်္ဂဟဟိုတယ်၌ ကျင်းပရာ ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက် အအုံ၊ ပို့ဆောင်ရေးနှင့်ခရီးသွားလာ ရေးဝန်ကြီး Mr. Akihiro Ohta က အမှာစကားပြောကြားသည်။**(အောက်ပုံ)** ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း အောင်က ဂျပန်နိုင်ငံမှ Weather Rader သုံးလုံး၊ Automatic Observation System ၃၀ လုံးကို ကူညီပေးရန် သဘောတူထားပြီးဖြစ် ပါကြောင်း၊ မိုးလေဝသသာမက ငလျင်နှင့် ပတ်သက်သော သဘာဝ ဘေးအန္တရာယ် နည်းပညာများ၊ Equipments များကို ဂျပန်နိုင်ငံက ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ Weather Rader သုံးလုံးကို ကျောက်ဖြူ ရန်ကုန်၊ မန္တလေးတွင် တပ်ဆင်မည် ဖြစ်ပြီး ကျောက်ဖြူတွင် ပထမဆုံး တပ်ဆင်ရန် ရည်ရွယ်ထားပါကြောင်း၊ Weather Rader များ တပ်ဆင် ပြီးပါက ဘင်္ဂလားပင်လယ်အော်၏ မိုးလေဝသအခြေအနေ၊ မုန်တိုင်း အခြေအနေများကို ကြိုတင်သိရှိ ခန့်မှန်းနိုင်မည်ဖြစ်ပြီး ကျရောက်လာ နိုင်သည့် ဘေးများမှ ကြိုတင်ကာကွယ် နိုင်မည်ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ် တစ်လျှောက် ဒေသများ စိုက်ပျိုးရေရရှိ ရေး၊ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲ နိုင်ရေးအတွက် တာတမံဆည်များ (Law Head Dam) များ တည် ဆောက်ရန် စီစဉ်လျက်ရှိရာ ဂျပန် နိုင်ငံမှ ODA ချေးယူရရှိနိုင်ရေး ဆောင်ရွက်ပေးပါရန် သို့မဟုတ် ဂျပန် နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပါဝင် ဆောင်ရွက်လိုပါက ဖိတ်ခေါ်ပါ ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ် အုန်းခင်က သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်းကို

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတ မြို့နယ်၌ တည်ထောင်ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများတွင် မြန်မာ-ဂျပန် နှစ် နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြော ကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးခင်ဇော်က ဆည်တမံများ၏ လုံခြုံဘေးကင်းမှုကို စိစစ်ရေးအတွက် လိုအပ်မည့် စက်ပစ္စည်းကိရိယာများ တပ်ဆင်ခြင်းနှင့် ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး လုပ်ငန်းများတွင် မြစ်ဝှမ်းကြီးတစ်ခုလုံးကို ခြုံငုံသုံး သပ်လေ့လာနိုင်ရန်အတွက် နည်း ပညာ ကျွမ်းကျင်မှုနှင့် ခေတ်မီ တိုင်းတာရေး ကိရိယာတပ်ဆင်ခြင်း လုပ်ငန်းများတွင် ဂျပန်အစိုးရနှင့် ပူးပေါင်းဆောင်ရွက် လိုပါကြောင်း ပြောကြားခဲ့သည်။ ယနေ့ကျင်းပသော သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ မြန်မာ-ဂျပန် ဝန်ကြီးများအဆင့် အစည်းအဝေးမှ သဘာဝဘေးစီမံ ခန့်ခွဲမှုတွင် မြန်မာ-ဂျပန် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာ ချက် ထုတ်ပြန်နိုင်ခဲ့ကြောင်း သတင်းရ ရှိသည်။ **(သတင်းစဉ်)**

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၁၃

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတ ဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတော စသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက် ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော် လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော် လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော် ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇- ၄၃၂၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ကျိုင်းတုံမြို့အမှတ်(၃)၊ အမှတ်(၄) ရပ်ကွက်များ ရေပြန်လည်ကျဆင်း

ကျိုင်းတုံ ဩဂုတ် ၁၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ဩဂုတ် ၉ ရက်နှင့် ၁၀ ရက် ညပိုင်းက မိုးအဆက် မပြတ်ရွာ၍ နမ့်လပ်ချောင်းမှ တောင်ကျရေလျှံကာ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက ကျိုင်းတုံမြို့၏ အနိမ့်ပိုင်းရပ်ကွက်များ ဖြစ်သော မြို့သစ် အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့ရှိ နေအိမ်အချို့ ရေဝင်ရောက်ခဲ့ပြီး လေယာဉ်ကွင်း လမ်းနှင့် ချယ်ရီလမ်းထောင့်တစ်ဝိုက် ကားလမ်းပေါ်၌ရေလွှမ်းခဲ့သည်။

အဆိုပါနေရာများသို့ဌာနဆိုင်ရာ များ၊ တပ်မတော်သားများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့များမှ ရေကင်း များချထား စောင့်ကြည့်ခဲ့ပြီး လူမှုရေး အဖွဲ့အစည်းများက ရေဝင်ရောက် သော အိမ်များသို့ ထမင်းထုပ်၊ ခေါက်ဆွဲခြောက်ထုပ်၊ ရေသန့်ဘူး နှင့်ရိက္ခာများ လိုက်လံဝေငှပေးခဲ့ သည်။

ဆက်လက်ပံ့ပိုးပေး

ဩဂုတ် ၁၂ ရက် ညနေပိုင်းက အနိမ့်ပိုင်းကျသော အချို့နေရာများ မှလွဲ၍ ရေပြန်လည်ကျဆင်းသွားပြီး တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက ရိက္ခာများ ဆက်လက်ပံ့ပိုးပေးလျက်ရှိ ကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

မီဒီယာသည် လူမှုရေးစံနှုန်းများကို ရှင်းလင်းပုံဖော်ရာ၌အရေးကြီး ပြည်သူများအပေါ် တာဝန်ကျေပွန်အောင်ကြိုးစားလုပ်ဆောင်သွားကြရန်လိုအပ်

နေပြည်တော် ဩဂုတ် ၁၃

အာရှ-ပစိဖိတ် ရုပ်သံထုတ်လွှင့်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်း(AIBD)က ကြီးမှူးပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် Forever Group တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် “(၃၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် AIBD အထွေထွေညီလာခံဖွင့်ပွဲ” အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အာရှ-ပစိဖိတ် ရုပ်သံထုတ်လွှင့်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်း (AIBD)က ၂၀၁၃ ခုနှစ်အတွက်ပေးအပ်သောဆုကို ဆုရရှိသူတစ်ဦးအားချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် Forever Group မှ CEO ဦးဝင်းမော်က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး AIBD အထွေထွေညီလာခံဥက္ကဋ္ဌ Mrs. Rosarita Niken Widiastuti က ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားရာ၌ ခေတ်သစ်ကမ္ဘာတွင် မီဒီယာသည် လူမှုရေးစံနှုန်းများကို ရှင်းလင်းပုံဖော်ရာ၌ အရေးကြီးပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသကြီး တစ်ခုလုံးတွင် ခိုင်မာ၍ လူမှုတာဝန်သိသော မီဒီယာများက မှန်ကန်မျှတ၍ ဘက်လိုက်မှုကင်းသော အစီအစဉ်များဖြင့် လူထုပရိသတ်ကို သတင်းအချက်အလက်များပေးရန်၊ ပညာဗဟုသုတပေးရန်နှင့် ဖျော်ဖြေမှုပေးရန်တို့ကို လုပ်ဆောင်ပေးသွားရမည် ဖြစ်ပါကြောင်း။

ယင်းသို့ မီဒီယာသည် ကမ္ဘာတစ်ဝန်းရှိ လူထုပရိသတ်အား သတင်းအချက်အလက်နှင့် အသိပညာများ မျှဝေပေးခြင်းအားဖြင့် လူ့အဖွဲ့အစည်းများနှင့် နိုင်ငံများအကြား နားလည်မှုနှင့် သည်းခံနိုင်မှုတို့ကို တိုးပွားလာစေပြီး အသိဉာဏ်ပညာထက်မြက်သော လူ့အဖွဲ့အစည်းများကို ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ရာ မီဒီယာများအနေဖြင့် ပြည်သူများအပေါ် တာဝန်ကျေပွန်အောင် ကြိုးစားလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် AIBD က ၂၀၁၃ ခုနှစ်အတွက် ပေးအပ်သော ဆုများနှင့် ဂုဏ်ပြုလက်မှတ်များကို ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ AIBD ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကာ အခမ်းအနား အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးရဲထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ AIBD အထွေထွေညီလာခံ ဥက္ကဋ္ဌ Mrs. Rosarita Niken Widiastuti၊ AIBD မှ Director Mr. Yang Binyuan၊ Forever Group မှ တာဝန်ရှိသူများ၊ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ကိုယ်စားလှယ် ၆၇ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထိုညီလာခံကို ဩဂုတ် ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် အမေရိကန်အခြေစိုက် USAID အဖွဲ့တို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီခွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဦးဆောင်သောအဖွဲ့နှင့် အမေရိကန်နိုင်ငံအခြေစိုက် နိုင်ငံတကာဖွံ့ဖြိုးရေး အထောက်အပံ့အကူအညီပေးရေး အေဂျင်စီ USAID အဖွဲ့မှ Dr. Stephanie Wessels ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လက်ငင်းရေတိုရေရှည် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လက်ငင်းအကောင်အထည်ဖော်ရန် လုပ်ငန်းများအပေါ် USAID အဖွဲ့မှ ရေတိုရေရှည် စီမံကိန်းများကို အကူအညီပေးရန် ကဏ္ဍအလိုက်၊ နယ်ပယ်အလိုက် အပြန်အလှန် ညှိနှိုင်းပေါင်းစပ်နိုင်မည့် အစီအမံများကို ရေးဆွဲအကောင်အထည်ဖော်ရန် အစည်းအဝေးပြုလုပ်ရခြင်းဖြစ်ကြောင်း၊ USAID အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိလယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကို လက်တွေ့ဆောင်ရွက်နေသော လုပ်ငန်းများအပေါ် ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် လက်တွေ့အကူအညီပေးနိုင်ရန် လုပ်ငန်းနယ်ပယ်အလိုက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

❒ *ရှေ့ဖုံးမှ*

လိုအပ်ပါကြောင်း၊ ထိုသို့သော ဆက်ဆံရေး ထူထောင်ရန်အတွက် မကြာခဏ ထိတွေ့ဆက်ဆံရန်၊ ပူးပေါင်းဆောင်ရွက်ရန်၊ အပြန်အလှန်လေးစားမှုရှိရန်လိုအပ်ပြီး အားကစားဖွံ့ဖြိုးတိုးတက်ရန် သက်ဆိုင်ရာ ကဏ္ဍအသီးသီး၌ ပါဝင်ဆောင်ရွက်နေသည့် တာဝန်ရှိသူများအနေဖြင့် ဘဏ္ဍာရေးနှင့် နည်းစနစ်ပိုင်းတွင် တာဝန်ရှိမှုနှင့် တာဝန်ခံမှုရှိရန်လိုအပ်ပါကြောင်း။

အစိုးရနှင့် အားကစားအဖွဲ့ချုပ်များအကြားတွင် နှစ်ဦးနှစ်ဖက် လိုအပ်ချက်များကို အပြန်အလှန်လေးစားမှုဖြင့် ဖြေရှင်းပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိသည် အဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့်မကြာခဏ ထိတွေ့ခဲ့ပါကြောင်း၊ ထိုသို့သော ထိတွေ့ဆက်ဆံမှုများကြောင့် အဖွဲ့ချုပ်အသီးသီး၏ အောင်နိုင်စိတ်ပြင်းပြစွာဖြင့် တက်ကုန်ရွက်ကုန်ဖွင့် ကြိုးပမ်းအားထုတ်နေသည်ကို အားတက်ဖွယ်တွေ့မြင်နေရပါကြောင်း။

လာမည့် ရက်ပေါင်း ၁၀၀ ကျော်ကာလအတွင်း မြန်မာ့မြေပေါ်သို့ အရှေ့တောင်အာရှအားကစားပွဲတော်ကြီး ရောက်ရှိလာတော့မည်ဖြစ်ပါကြောင်း၊ အဆိုပါ အားကစားပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် အားကစားပြိုင်ပွဲကြီးတွင် နိုင်ငံဂုဏ်ဆောင်မည့် အားကစားသမားများ အောင်မြင်မှုရရှိရန်၊ နိုင်ငံတော်၏ စီးပွားရေးအခွင့်အလမ်းကောင်းများကို ဂုဏ်ယူပြသနိုင်ရန်အတွက် စိန်ခေါ်မှုများကို တွေ့ကြုံနေရသည့်ကာလလည်းဖြစ်ပါကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို မိမိတို့နှင့်အတူ အားကစားအဖွဲ့ချုပ်အသီးသီး၏ ကြိုးပမ်းအားထုတ်မှုများဖြင့် နိုင်ငံတော်အတွက် ခမ်းနားကြီးကျယ်သည့် သမိုင်းဝင်ဖြစ်ရပ်ကြီးအဖြစ် ပြောင်းလဲပစ်နိုင်မည့် အခွင့်အလမ်းကောင်းကြီးအဖြစ် ယုံကြည်ပါကြောင်း။

ထို့ကြောင့် အားကစားအဖွဲ့ချုပ်အသီးသီးသည် မိမိတို့တွင် ရှိပြီးဖြစ်သည့် အရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချနိုင်ရန်နှင့် အားကစားအဖွဲ့အလိုက် အောင်နိုင်ရေးအတွက် မဟာဗျူဟာစီမံချက်နှင့် လုပ်ငန်းစီမံချက်များကို စနစ်တကျရေးဆွဲပြီး စီမံချက်များအတိုင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အဖွဲ့ချုပ်အသီးသီး၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အားကစားနည်းအလိုက် လက်ရွေးစင်အားကစားသမားများ ရွေးချယ်ထားရှိမှု၊ လေ့ကျင့်ပေးနေမှုနှင့် အားကစားပြိုင်ပွဲကြီးတွင် အောင်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီဝင် ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဘဏ္ဍာငွေရှာဖွေရေး၊ ထိန်းသိမ်းရေးနှင့်ဆုချီးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်သည့် ဦးဇော်ဝင်းနှင့် ဦးသောင်းထိုက်တို့က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အောင်နိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များနှင့်လိုအပ်ချက်များကို သုံးသပ်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အားကစားအမျိုးအစားအလိုက်အောင်နိုင်ရေးအတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌများ ယခုထက်ပိုမို၍ ကြိုးပမ်းအားထုတ်ကြရန်နှင့် တာဝန်ရှိသူအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် အဓိကဆောင်ရွက်ပေးရမည့် အားကစားကွင်း၊ အားကစားရုံနှင့် အားကစားနေရာများကို နိုင်ငံတကာအဆင့်မီအောင် ဆောင်ရွက်ပေးထားပါကြောင်း၊ ထို့အတူ အားကစားအဖွဲ့ချုပ် အသီးသီးကလည်း အောင်စိတ်ပြင်းပြစွာဖြင့် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့မြင်ရပါကြောင်း၊ အောင်မြင်မှု၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လေ့ကျင့်သားပြည့်ဝခြင်း၊ စည်းကမ်းရှိခြင်း၊ အပြင်းအထန်ကြိုးပမ်းအားထုတ်ခြင်းတို့နှင့် ပြည့်စုံသော အသင်းကောင်းများဖြစ်ရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ အားကစားအဖွဲ့ချုပ်များ၊ အားကစားမောင်မယ်များအားလုံး အားကစားပွဲကြီး အောင်မြင်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

မာလီသမ္မတရွေးကောက်ပွဲ ဝန်ကြီးချုပ်ဟောင်းအနိုင်ရ

မာလီ ဩဂုတ် ၁၃

မာလီသမ္မတ ရွေးကောက်ပွဲတွင် အီဘရာဟင် ဘိုးဘာကာကိတာသည် ၎င်း၏ပြိုင်ဘက်က ဒုတိယအကျော့ ယှဉ်ပြိုင်ရာ၌ ရှုံးနိမ့်ကြောင်း ဝန်ခံ ပြောကြားလိုက်ပြီးနောက် အနိုင်ရရှိသွားခဲ့သည်။

မစ္စတာကိတာသည် ၎င်း၏ ဆန္ဒပြည့်ဝသွားပြီဖြစ်၍ ဂုဏ်ယူပါကြောင်း ပြိုင်ဘက်ဘဏ္ဍာရေးဝန်ကြီးဟောင်း ဆိုးမိုင်လာဆစ်ဆေးက ပြောသည်။ အသက် ၆၈ နှစ်ရှိ မစ္စတာကိတာသည် ၁၉၉၄ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ မာလီနိုင်ငံသည် စစ်အာဏာသိမ်းမှုအပါအဝင် တစ်နှစ်ခန့်အကြာ နိုင်ငံမတည်ငြိမ်မှုများ ခံစားခဲ့ရပြီး ပြင်သစ်ဦးဆောင်သော တပ်ဖွဲ့ဝင်များက မြောက်ပိုင်းရှိ သူပုန်များကို တိုက်ထုတ်ပေးခဲ့ရသည်။

တနင်္ဂနွေနေ့က ကျင်းပပြီးစီးသွားသောသမ္မတရွေးကောက်ပွဲ ပြီးဆုံးသွားသော်လည်း တရားဝင်ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိသေးပေ။ သို့သော်လည်း မစ္စတာကိတာ အနိုင်ရကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ ပထမအကျော့ရလဒ်တွင် မစ္စတာဆစ်ဆေးက ၁၉ ရာခိုင်နှုန်းရပြီး မစ္စတာကိတာက ၄၀ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်။ ဆန္ဒမဲပေးသူအများစုက မစ္စတာကိတာကို မဲပေးခဲ့ကြသည်ဟု ဆိုသည်။ အိုင်ဘီကေဟု လူသိများသည့် မစ္စတာကိတာသည် နိုင်ငံထူထောင်ရေး ပြုလုပ်ရန် နိုင်ငံခြားအကူအညီ အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်ရရှိရန် ကတိကဝတ်ပြု ပြောဆိုထားသည်။

(ဘီဘီစီ)

အီရန်အစိုးရဝန်ကြီးအဖွဲ့ ဖွဲ့စည်းရေး သမ္မတရိုဟာနီအဆိုပြု တင်သွင်းသော ဝန်ကြီးအဖွဲ့စာရင်းကို အီရန်မာဂျလီလွှတ်တော်တွင် ဩဂုတ် ၁၂ ရက်က ဆွေးနွေးစဉ်။

သမ္မတရိုဟာနီအဆိုပြုသော အီရန်အစိုးရအဖွဲ့ဝင်စာရင်း လွှတ်တော်တွင် အပြန်အလှန်ဆွေးနွေးနေ

တီဟီရန် ဩဂုတ် ၁၃

အီရန်နိုင်ငံသမ္မတဟာဆန်ရိုဟာနီအဆိုပြုသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အမည်စာရင်းနှင့် ပတ်သက်ပြီး အချေအတင်ဆွေးနွေးခြင်းကို အီရန်မာဂျလီလွှတ်တော်တွင် ပြန်လည်စတင်ကြောင်း ပရက်စ်တီဗွီက ဩဂုတ် ၁၃ ရက်၌ သတင်းဖော်ပြသည်။

အီရန်ဝန်ကြီးအဖွဲ့ ၁၈ ဦးကို သမ္မတ အဆိုပြုချက်အပေါ် ပထမအကျော့ ဆွေးနွေးခြင်းကို ဩဂုတ် ၁၂ ရက်တွင် စတင်ခဲ့သည်။ လွှတ်တော်တွင် အီရန်အစိုးရသစ်၏ အထွေထွေမူဝါဒများနှင့် ပတ်သက်ပြီး အသေးစိတ် အစီအစဉ်များကို ဥပဒေပြုအမတ်များအား သမ္မတရိုဟာနီက ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲကို စတင်ဖွင့်လှစ်ခဲ့သည်။

သမ္မတသစ်ရွေးချယ်ထားသော ဝန်ကြီးများအဖွဲ့နှင့်ပတ်သက်ပြီး လွှတ်တော်အမတ်များက အချေအတင်ဆွေးနွေးကြရာ ဩဂုတ် ၁၂ ရက် လွှတ်တော်တွင် သဘောတူညီမှုမရရှိနိုင်ဘဲ ဖြစ်ခဲ့သည်။

မိုဟာမတ်အလီနာ ဂျာဖီအား ပညာရေးဝန်ကြီးခန့်အပ်ခြင်း အပေါ် ထောက်ခံသူနှင့် ကန့်ကွက်သူများကြား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး စည်းဝေးပွဲအဆုံးသတ်သည်။

ဩဂုတ် ၁၃ ရက် အစည်းအဝေးခန်းမကို နာဂျာဖီ၏အစီအစဉ်များ ရှင်းလင်းပြောကြားခြင်းဖြင့် စတင်သည်။

နာဂျာဖီသည် ယခင် သမ္မတဟောင်းအကာဘာဟာရှီမီရပ်ဖ်ဆန်ဂျာနီအစိုးရလက်ထက် ၁၉၈၉ ခုနှစ်မှ ၁၉၉၇ခုနှစ်အတွင်း ပညာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းခဲ့သူဖြစ်သည်။

ပညာရေးဝန်ကြီးဌာနတွင် လုပ်ကိုင်ဖူးသော အတွေ့အကြုံများနှင့် ကျင့်သုံးချမှတ်ဆဲ မဟာဗျူဟာစီမံကိန်းများ၏ ဟာကွက်များကို နာဂျာဖီက ရှင်းလင်းပြဆိုပြီး "ရင်ဆိုင်နေရတဲ့ ပညာရေး ယိမ်းယိုင်ချည့်နဲ့နေခြင်းက မဟာဗျူဟာ မကျွမ်းကျင်မှုကြောင့်ပါ။ ရှေ့နောက်မညီ ဆုံးဖြတ်ချက်တွေ ချမှတ်ပြီး အကောင်အထည်ဖော်နေကြတာကြောင့်ပဲ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဩဂုတ် ၁၃ ရက် အစည်းအဝေးခန်းမသို့ သမ္မတရိုဟာနီတက်ရောက်လာခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌအလီလာရီဂျာနီက ခရီးဦးကြိုဆိုခဲ့သည်။

သမ္မတရိုဟာနီသည် ဩဂုတ် ၄ ရက်က မာဂျလီလွှတ်တော်တွင် ကျင်းပခဲ့သော ရာထူးလက်ခံခြင်း အခမ်းအနား၌ ဝန်ကြီးအဖွဲ့အစည်း စာရင်းကို တင်ပြခဲ့ခြင်းဖြစ်သည်။

(ပရက်စ်တီဗွီ)

ပြည်သူ့အသံ နားကြားရန် နော်ဝေဝန်ကြီးချုပ် ယာဉ်မောင်းအဖြစ် ရုပ်ဖျက်ကာ တက္ကစီပြေးဆွဲ

အော်စလို ဩဂုတ် ၁၃

နော်ဝေ ဝန်ကြီးချုပ် ဂျန်းစတိုတန်ဘတ်ချ်က ပြည်သူ့အသံကို အမှန်အတိုင်း ကြားနာရရန် တက္ကစီသမားတစ်ဦးကဲ့သို့ ရုပ်ဖျက်ကာ အော်စလိုမြို့တွင်း တစ်ခုသော နေ့လယ်ခင်း အချိန်များတွင် တက္ကစီ ပြေးဆွဲခဲ့ဖူးကြောင်း ဖွင့်ဟသည်။

စတိုတန်ဘတ်ချ်သည် နေကာမျက်မှန်နှင့် အော်စလိုတက္ကစီယာဉ်မောင်းယူနီဖောင်းကို ဝတ်ဆင်ကာ ရုပ်ဖျက်ပြီး တက္ကစီစီးခရီးသည်များနှင့် စကားပြောဆို ဆွေးနွေးသည်ကို လျှို့ဝှက်ကင်မရာဖြင့် ဖမ်းယူကြည့်ရှုခဲ့သည်။

ထိုရိုက်ကူးထားသော ကင်မရာမှ ရုပ်ရှင်နှင့်ဓာတ်ပုံတို့ကို ဝန်ကြီးချုပ်က စက်တင်ဘာရွေးကောက်ပွဲအတွက် လှုံ့ဆော်မှုတစ်ရပ်အနေဖြင့် သူ၏ ဖေ့စ်ဘုတ်တွင်တင်၍ ဖော်ပြခဲ့သည်။

"ကျွန်တော့်အတွက် အရေးကြီးဆုံးက ပြည်သူတွေ ဘာတွေတွေးကြသလဲဆိုတာ အမှန်အတိုင်းသိဖို့ပါ။ တက္ကစီငှားစီးရင်း အချိန်ပိုင်းမှာ အကြောင်းအရာ တော်တော်များများကို ပြောဆိုတတ်ကြတယ်။ ကိစ္စအများစုကို ပြောဆိုရင်းကနေ နိုင်ငံရေးဘက် စကားဦးပြောင်းခဲ့တာပါပဲ" ဟု၍ ဝန်ကြီးချုပ်က ဖွင့်ဟသည်။

"ကားငှားစီးကြသော ခရီးသည်တော်တော်များများက ယာဉ်မောင်းကို သတိမထားမိကြဘူး၊ ခရီးသည်တစ်ယောက်ကတော့ ဒီအနေအထားက နေကြည့်တော့ ခင်ဗျားက စတိုတန်ဘတ်ချ်နဲ့ တော်တော်လေးတူတယ်လို့ ပြောသွားခဲ့တာတော့ရှိပါတယ်" ဟုလည်း ကားနောက်ခန်းမှသာ လိုက်ပါ စီးနင်းပြီး ရှစ်နှစ်ကြာကား မမောင်းဘဲ ယခုမှ တက္ကစီတက်မောင်းခဲ့သူ စတိုတန်ဘတ်ချ်က ကားသမားလုပ်ခဲ့သည့် အတွေ့အကြုံကို VG သတင်းစာသို့ ပြောကြားခဲ့သည်။

နော်ဝေနိုင်ငံတွင် စတိုတန်ဘတ်ချ်သည် လူထုကြားရေပန်းစားသော်လည်း အတိုက်အခံတို့က မဲရလဒ်တွင် နှာတစ်ဖျားသာနေသည့် အနေအထားတွင် ရှိနေသည်။

(ဘီဘီစီ)

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများဖြစ်ပွား အနည်းဆုံး ၃၀ သေဆုံးပြီး ၁၀၄ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၁၃

အီရတ်နိုင်ငံ၌ ဩဂုတ် ၁၂ ရက်က ဖြစ်ပွားသော သီးခြားစီတိုက်ခိုက်မှုများအတွင်း အနည်းဆုံး ၃၀ သေဆုံးပြီး ၁၀၄ ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမည်မသိအသေခံ ဗုံးခွဲတိုက်ခိုက်ရေးသမားတစ်ဦးက မြို့တော်ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၈၀ အကွာ ဘာလက်မြို့ ကဖေးတစ်ခုအတွင်း ခါးပတ်ဗုံးတွဲ စနက်တံဖြုတ်ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ၂၃ ဦးသေဆုံးပြီး ၆၆ ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသို့ပြောကြားသည်။

ယင်းဖောက်ခွဲတိုက်ခိုက်မှုကြောင့် ကဖေးဆိုင်မှာပျက်စီးသွားပြီး ဒဏ်ရာရသူများအား ဆွာလက်အက်ဒင်ပြည်နယ် ရှီးယိုက်မြို့ ဘာလက်ဆေးရုံသို့ တင်ပို့လိုက်ရသည်ဟုဆိုသည်။

ဘဂ္ဂဒက်အရှေ့မြောက်ဘက် ၆၅ ကီလိုမီတာအကွာ နာမည်ကြီး သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ဈေးအတွင်း လမ်းဘေးထောင်ဗုံးတစ်လုံး ဖောက်ခွဲခဲ့ရာ လေးဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

(ဆင်ဟွာ)

နယ်သာလန်အိမ်ရှေ့မင်းသားဖရီဆို ရေခဲတောင်၌မတော်တဆဖြစ်ပြီး တစ်နှစ်ခွဲအကြာ ကွယ်လွန်

လန်ဒန် ဩဂုတ် ၁၃

နယ်သာလန် အိမ်ရှေ့မင်းသား ဂျိုဟန်ဖရီဆိုသည် ဩစတြီးယားနိုင်ငံရှိ ရေခဲလျှောစီး အပန်းဖြေစခန်းတစ်ခု၌ မတော်တဆ ဖြစ်ပွားပြီး တစ်နှစ်ခွဲကြာ မျောနေခဲ့ပြီးနောက် ကွယ်လွန်သွားပြီ ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဇနီးဖြစ်သူ မာဘယ်နှင့်အတူ နယ်သာလန်အိမ်ရှေ့စံ ဖရီဆိုကို တွေ့ရစဉ်။

အသက် ၄၄ နှစ်ရှိ မင်းသား ဖရီဆိုအား ပြီးခဲ့သောလက လန်ဒန်ဆေးရုံမှ နယ်သာလန်သို့ ပြန်ပို့ခဲ့ပြီးနောက် ဦးနှောက်နှင့်ပတ်သက်ပြီး ရှုပ်ထွေးသော ရောဂါဝေဒနာများ ခံစားခဲ့ရသည်။ ၎င်းသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလက နှင်းတောင်ပြိုကျပြီး ၂၅ မိနစ်အကြာ ရေခဲများအောက်နစ်မြုပ်နေခဲ့သည်။

ဘုရင်ဝီလျံ အလက်ဇန္ဒြားနှင့် မိဖုရား မက်ဆီမာတို့သည် ဂရိအားလပ်ရက်မှ ယင်းသတင်းကြောင့် အိမ်သို့ အမြန်ပြန်ကြမည်ဟု ပြောသည်။ အိမ်ရှေ့မင်းသား ဖရီဆိုသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က ဩစတြီးယားနိုင်ငံ လက်ချ်ရေခဲတောင်၌ စကိတ်စီးစဉ် မတော်တဆဖြစ်ပြီး ဦးနှောက်ထိခိုက်မှုဝေဒနာများနှင့် ဆက်စပ်ပြီး သေဆုံးခဲ့ရကြောင်း တော်ဝင်နန်းတော်ကြေညာချက်တွင် ဖော်ပြသည်။

ဖရီဆိုကွယ်လွန်ချိန်တွင် ဇနီးသည် မာဘယ်နှင့်အတူ သမီးတော်နှစ်ပါး ကျန်ရစ်သည်။

(ဘီဘီစီ)

နိုင်ငံတကာသတင်း

တိုးမြင့်လာသော ဆီးရီးယားဒုက္ခသည်များအခြေအနေ

မောင်မဟာ

ဆီးရီးယားနိုင်ငံရဲ့လာတာကီးရား မြို့အနီး ကမ်းရိုးတန်းဒေသတစ်လျှောက်မှာ အိုးမဲ့အိမ်မဲ့ပြည်သူတွေ ၃၀၀၀ ကျော်ခန့်ရှိနေပြီး နေထိုင်စရာမရှိ၊ စားနပ်ရိက္ခာဖူလုံမှုမရှိနဲ့ ဒုက္ခကြုံတွေ့နေရတယ်လို့ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားရေးအဖွဲ့က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အဲဒီပြည်သူတွေဟာ လာတာကီးရားမြို့ဝန်းကျင်မှာရှိတဲ့ ကျေးရွာပေါင်း ၃၀ ခန့်ကပြည်သူတွေဖြစ်ပြီး စစ်ဘေး စစ်ဒဏ်ကြောင့် အခုလို အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသူတွေဖြစ်တယ်လို့ ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ အက်ဒ္ဒာဒိုဒဲလ်ဘူအီက ပြောကြားနေပါတယ်။

ဆီးရီးယား အစိုးရတပ်တော့ လာတာကီးရားမြို့အတွင်းမှာ ဒုက္ခသည်တွေနေထိုင်ဖို့ ယာယီစခန်းသုံးခုဖွင့်လှစ်ထားပေမယ့် လုံလောက်မှုမရှိတာမို့ ၈၀ ရာခိုင်နှုန်းဟာ မြေပြင်ပေါ်မှာ ဖြစ်သလိုနေထိုင်နေရတယ်လို့ဆိုပါတယ်။

ဆီးရီးယား အစိုးရတပ်ဖွဲ့တွေနဲ့ လက်နက်ကိုင် ခုခံရေးသမားတွေရဲ့ အပြန်အလှန်တိုက်ခိုက်မှုတွေကြောင့် လာတာကီးရားမြို့ပတ်ဝန်းကျင်မှာ အိုးမဲ့အိမ်မဲ့တွေ အများအပြားထွက်ပေါ်လာတာပဲဖြစ်ပါတယ်။ လာတာကီးရားမြို့ဟာ ဆီးရီးယားသမ္မတ အယ်အာဆက်ရဲ့ မွေးရပ်ဇာတိဖြစ်ပြီး ပြီးခဲ့တဲ့ရက်ပိုင်းတွေမှာ တိုက်ပွဲတွေ အပြင်းအထန်ဖြစ်ပွားခဲ့တဲ့နေရာလည်းဖြစ်ပါတယ်။

ဆီးရီးယားသမ္မတ အာဆက်ရဲ့ တပ်ဖွဲ့ဝင်တွေဟာ ဆီးရီးယားနိုင်ငံ အလယ်ပိုင်းနဲ့ တောင်ပိုင်းဒေသတွေမှာ ထိန်းချုပ်ထားနိုင်ပြီး ဆီးရီးယားနိုင်ငံမြောက်ပိုင်းဒေသတွေကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ဒါပေမယ့် ခုခံတိုက်ခိုက်ရေးသမားတွေနဲ့ တိုက်ပွဲတွေ အပြင်းအထန်ဖြစ်ပွားနေတယ်လို့ ဆိုပါတယ်။

ဆီးရီးယားနိုင်ငံအတွင်းမှာ အပြန်အလှန် တိုက်ခိုက်မှုတွေကြောင့် အိမ်နီးချင်း ဂျော်ဒန်နိုင်ငံအတွင်းကို ဆီးရီးယားဒုက္ခသည် ၁ ဒသမ ၅ သန်းခန့် ထွက်ပြေးခဲ့ရပါတယ်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးရဲ့ ထုတ်ပြန်တဲ့စာရင်းတွေအရ ဆီးရီးယားဒုက္ခသည်ပေါင်းဟာ ၂၀၀၀၀၀ ကျော်အထိ ရှိနေတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ဆီးရီးယားနိုင်ငံအတွင်းမှာ အကူအညီလိုအပ်နေတဲ့ ပြည်သူ ခြောက်သန်းခန့်ရှိနေပြီး အဲဒီလူဦးရေအထဲမှာ ခိုကိုးရာမဲ့ဖြစ်နေတဲ့ ပြည်သူက လေးသန်းကျော်လောက်ရှိနေတယ်လို့လည်း ယူအင်န်အိတ်ချ်စီအာရ်ရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

နောက်ပြီး ဆီးရီးယားနိုင်ငံတစ်ဝန်းမှာ အပြန်အလှန်တိုက်ခိုက်မှုတွေကြောင့် ပြည်တွင်းမှာ တစ်နေ့ကို လူ ၁၀၀၀၀ ခန့် ဘေးဒုက္ခနဲ့ ရင်ဆိုင်ကြုံတွေ့နေရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဆီးရီးယားနိုင်ငံမှာ ဘေးဒုက္ခကြုံတွေ့နေရတဲ့ ပြည်သူတွေရဲ့ ဦးရေဟာ တဖြည်းဖြည်း မြင့်တက်နေဆဲပဲဖြစ်တယ်ဆိုတာ တင်ပြလိုက်ပါတယ်။

ယမန်နှစ်က အီးယူဘဏ် ၅၅၀၀ ပိတ်ခဲ့ရ

ဥရောပသမဂ္ဂ(အီးယူ)က ပြီးခဲ့သည့်နှစ်က ဥရောပတိုက်တစ်ဝန်း ဘဏ်ခွဲပေါင်း ၅၅၀၀ပိတ်ခဲ့ရကြောင်း၊ ယင်းမှာ ၂၀၀၈ ခုနှစ် ငွေကြေးအကျပ်အတည်း မတိုင်မီကထက်နည်းကြောင်း ဆန်းစစ်လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ အီးယူက ၂၀၁၂ ခုနှစ်အတွင်း စုစုပေါင်းဘဏ်ခွဲ၏ ၂ ဒသမ ၅ ရာခိုင်နှုန်းကို ပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ်ကထက် ဘဏ်များပိတ်ခဲ့ရမှု ပိုနည်းကြောင်း ဥရောပဗဟိုဘဏ်စာရင်းဇယားများကို ရိုက်တာက သုံးသပ်တင်ပြထားသည်။ စပိန်ဘဏ်ကွန်ရက်အတွင်း ၂၀၁၂ ခုနှစ်က ဘဏ်ခွဲပေါင်း ၁၉၆၃ ခု ပိတ်ခဲ့ရသည်။

အီဂျစ်သမ္မတဟောင်းမော်စီအား ထပ်မံဖမ်းဆီးထားမည်

အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီအား ၁၅ ရက်ထက်မနည်း ဆက်လက်ဖမ်းဆီးထားမည်ဖြစ်ကြောင်း နိုင်ငံပိုင်အွန်လိုင်းစာမျက်နှာ အယ်လ်အာဟမ်းတွင် ဖော်ပြထားသည်။ မော်စီအား ဟားမတ်စ်တို့အပေါ် သူလျှိုလုပ်မှုအပေါ် စုံစမ်းစစ်ဆေးရန် ၁၅ ရက်ကြာ ထပ်မံဖမ်းဆီးထားမည်ဖြစ်ကြောင်း ဩဂုတ် ၁၂ ရက်က တရားရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ မော်စီသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလက ဟားမတ်စ်တို့နှင့် ဆက်သွယ်သည်ဟု စွပ်စွဲခံနေရသည်။

အစ္စရေးတရားမဝင်နေအိမ်ဆောက်လုပ်မှုသတိပေး

ပါလက်စတိုင်းတို့ သိမ်းပိုက်နယ်မြေအတွင်း အစ္စရေးက နေအိမ် ၁၂၀၀ ခန့်ကို တည်ဆောက်ရန် သဘောတူညီလိုက်ခြင်းကို အီးယူက တရားမဝင်ကြောင်း အစ္စရေးအစိုးရအား သတိပေးလိုက်သည်။

အဆိုပါ သတိပေးချက်ကို အီးယူနိုင်ငံခြားရေးရုံး ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်မန်းက သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အနောက်ဘက်ကမ်းဒေသတွင် အစ္စရေးအစိုးရက အခြေချနေအိမ်များဆောက်လုပ်နေထိုင်ခြင်းသည် နိုင်ငံတကာဥပဒေအရ တရားမဝင်ဘဲ နှစ်နိုင်ငံငြိမ်းချမ်းရေးဆွေးနွေးမှုကို ခြိမ်းခြောက်နေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အစ္စရေးအိမ်ရာဝန်ကြီး ယူရီအာရီရယ်က အရှေ့ဂျေရုဆလင်တွင် နေအိမ် ၇၉၃ လုံးနှင့် အနောက်ဘက်ကမ်း၌ နေအိမ် ၃၉၄ လုံးဆောက်လုပ်ရန် သဘောတူလိုက်ပြီးနောက် သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

မြင့်မောင်စိုး-စုစည်းသည်

စာမေးပွဲအရည်အချင်းရမှတ်နိမ့်ကျခြင်းက လူငယ်တို့၏ တက်လမ်းရည်မှန်းချက်များကို ပြိုလဲစေ

ဗြိတိန်ရှိ ငယ်ရွယ်သော လူငယ်ငါးဦးလျှင် တစ်ဦးသည် စာမေးပွဲအဆင့် နိမ့်ကျခြင်းအရ ဖြစ်ပေါ်သော စိတ်ခံစားချက်ကြောင့် ရည်ရွယ်ချက်များကို လက်လွှတ်ခဲ့ကြကြောင်း သတင်းတစ်ရပ်က သတိပေးဖော်ပြသည်။

ပရင့်စ်ထရပ်စ် လူမှုကူညီရေးအသင်းတစ်သင်းတွင် ဆန္ဒပေးကြသူ စာမေးပွဲရမှတ်နိမ့် အသက် ၁၆ နှစ်နှင့် ၂၅ နှစ်ကြားလူငယ်များ၏ ၃၄ ရာခိုင်နှုန်းခန့်သည် တက်လမ်းများပျောက်ကာလမ်းဆုံးနေပြီဟု ယူဆလျက်ရှိသည်။

ကျောင်းတွင်း အခက်အခဲနှင့် အိမ်တွင်းရေး ပဋိပက္ခများလည်း ရှိနေရာ စာမေးပွဲရလဒ်သည် လူငယ်တို့၏ အမှန် ကိုယ်ရည်ကိုယ်သွေးတည်ရှိမှုနှင့် အနာဂတ်လားရာတို့အပေါ် တန်ပြန်မှုရှိမနေတော့ကြောင်း ၎င်းသတင်းက ပြောကြားသည်။

ထိုသို့သော လူငယ်လေးများအတွက် နောက်ဆုံးလုပ်ဆောင်ပေးရသည်မှာ အသက်မွေးမှု ပညာသင်ကြားပေးနေရခြင်းသာ ဖြစ်ကြောင်း အစိုးရအဖွဲ့အစည်းက ဆိုသည်။

အစိုးရအနေဖြင့် ၁၆ နှစ်နှင့် ၁၇ နှစ်အရွယ် ထီးတည်းနေလိုသူများအတွက်လည်း သင်ကြားရေးနှင့် လေ့ကျင့်ရေးတွင် ကဏ္ဍတစ်ရပ် ဖန်တီးပေးသင့်ကြောင်း ပညာရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုသည်။

စာမေးပွဲရမှတ် နည်းပါးပြီး ကျောင်းထွက်ခဲ့သူများ၏ လေးပုံတစ်ပုံခန့်သည် ၎င်းတို့၏ အရည်အချင်းရမှတ်ကြောင့် အမြဲတစေ နောက်ကောက် ကျနေရစ်မည်ဟုလည်း ယုံကြည်နေကြကြောင်း ဆန္ဒမဲစစ်တမ်းအရ သိရသည်။

နှစ်စဉ်နှစ်တိုင်း စာမေးပွဲရမှတ်ကြောင့် ရည်ရွယ်ချက်များ ပြိုလဲသွားသူ လူငယ်ထောင်ပေါင်းများစွာရှိနေကြောင်း ပရင့်စ်ထရပ်စ်၏ ဥက္ကဋ္ဌ မာလီနာမဲလ်ဘန်းက ဆိုသည်။

စာမေးပွဲအရည်အချင်း နည်းပါးသည့် လူငယ်များကြားတွင် အိမ်တွင်းရေးမပြေလည်မှုများနှင့် ကျောင်းတွင်းကြိုးနိုင်ငယ်ညှဉ်း ဆက်ဆံခံရမှုများလည်း ရင်ဆိုင်နေရကြောင်း မာတီနာက ဆက်လက်ပြောကြားသည်။

ထို့ကြောင့် ထူးချွန်စွာမအောင်မြင်ကြသော လူငယ်လေးများအတွက် အသက်မွေးမှုထောက်ကူပြုခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့တွင် ရင်းနှီးမြှုပ်နှံရန် လွန်စွာအရေးကြီးသည်ဟု မာတီနာက ပြောကြားခဲ့သည်။

ဩသစကျော်-ရေးသည်

စစ်သုံးစက်ရုပ်များ ထုတ်လုပ်မည်

ဝေယံဦး-ရေးသည်

စစ်ဘက်ရေးရာ စစ်ဆင်ရေးများတွင် တိုက်ခိုက်မှုစွမ်းရည်အသာစီး ရရှိစေရန်အတွက် စစ်ဘက်သုံးစက်ရုပ်များတီထွင်ထုတ်လုပ်ရေးစီမံကိန်းကို စတင်မည်ဖြစ်ကြောင်း တောင်ကိုရီးယား စစ်ဘက်ကပြောကြားသည်။

စက်ရုပ်များကို စစ်ဆင်ရေးများတွင် အသုံးပြုခြင်းမှာ ရန်သူ၏စစ်ဘက်နေရာများ၊ ဆက်သွယ်ရေးစနစ်များ၊ ဖျက်ဆီးသင့်သည့်နေရာများတွင် ချထားမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးက စစ်ဘက်စက်ရုပ်စီမံကိန်းဌာနသစ်ကို ထူထောင်ကာ စက်ရုပ်များထုတ်လုပ်သွားမည်ဖြစ်သည်။

အဆိုပါစက်ရုပ်များသည် ရန်သူတို့ စစ်ဘက်ကန့်သတ်နယ်မြေအတွင်း ဝင်ရောက်ဖျက်ဆီးပစ်နိုင်စွမ်းရှိသည်။ ထို့အပြင် ထောက်လှမ်းနိုင်စွမ်းနှင့်တိုက်ခိုက်နိုင်စွမ်းရှိသော စက်ရုပ်များကို ထုတ်လုပ်သွားရန် မျှော်မှန်းထားသည်။

တောင်ကိုရီးယားနိုင်ငံက စစ်ဘက်ရေးရာများတွင် စွမ်းရည်မြင့်တက်စေရန်နှင့် နည်းပညာပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအပေါ် တောင်ကိုရီးယားနိုင်ငံ၏ သိပ္ပံရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

စက်ရုပ်များက ရန်သူ့စစ်လက်နက်များ ဖျက်ဆီးရန် နည်းပညာနှင့် လိုအပ်သော ဆော့ဖ်ဝဲလ်များကို အသုံးပြုရန် ကုန်သွယ်ရေး စက်မှု၊ စွမ်းအင်နှင့်သိပ္ပံရေးရာဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ဆောင်းပါး

၂၀၁၃ ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ်

ဒေါက်တာအောင်ထွဏ်း ကျန်းမာရေးဝန်ကြီးဌာန

နှစ်စဉ် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းလျက် ဩဂုတ်လအတွင်း ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာကျောင်းအလိုက် ကျန်းမာရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ မြို့နယ်ပညာရေးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ဆောင်ရွက်ခဲ့ကြပါသည်။

ယခုနှစ်တွင်လည်း ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၂ရက်မှ ၁၇ ရက်အထိ သတ်မှတ်ကာ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

အမျိုးသားကျန်းမာရေးအစ၊ စာသင်ကျောင်းက

နိုင်ငံတော်အတွက် အရေးပါလှသော အင်အားစုတစ်ရပ်ဖြစ်သည့် နိုင်ငံ့ရတနာကျောင်းသားလူငယ်များအတွက် ဆောင်ရွက်နေသည့် ကျောင်းကျန်းမာရေးလုပ်ငန်းသည် အလွန်အရေးပါလှသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကျောင်းကျန်းမာရေးလုပ်ငန်းကို ကောင်းမွန်တိုးတက်အောင် ရင်းနှီးမြှုပ်နှံခြင်းသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် စရိတ်နည်းနည်းနှင့် အကျိုးများစေသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း တစ်ကမ္ဘာလုံးမှာ ကျောင်းကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားလာရေးအတွက် အဖွဲ့ဝင်အားလုံးက တူညီသည့်ရည်မှန်းချက် လုပ်နည်း လုပ်ဟန်တို့နှင့် ပါဝင်ဆောင်ရွက်ကြရန် Global School Health Initiative ကို ၁၉၉၅ ခုနှစ်ကတည်းက စတင်လှုံ့ဆော်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အချက်အချာအကျဆုံးနှင့် အရေးကြီးဆုံးအုပ်စုဖြစ်သည့် ယနေ့ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ထိရောက်သည့် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုနှင့် မှုမှန်သည့်ကျန်းမာရေးအလေ့အကျင့်ကောင်းများ အခြေချပေးနိုင်မှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် စိတ်အေးရမည်ဖြစ်သည်။ အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းကဆိုသလို အမျိုးသားကျန်းမာရေးအစ၊ စာသင်ကျောင်းကပင်ဖြစ်ပါသည်။

ယခုအခါ အမျိုးသားကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေးစောင့်ရှောက်မှုစီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် **'ကျောင်းကျန်းမာရေးလုပ်ငန်း'** စီမံချက်ဖြင့် မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက ကျောင်းသားကျောင်းသူများအတွက် အဓိကဌာနဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးကော်မတီများဖြစ်သည့် ဗဟိုအဆင့်၊ တိုင်းဒေသကြီး / ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့်ကျောင်းအဆင့်ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းကာ ကျောင်းကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိခင်ကလေးကျန်းမာရေးအဖွဲ့များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းတို့အား စဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲကာ လိုအပ်ချက်မှန်သမျှ တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိပါသည်။

တစ်ဖန် နှစ်စဉ်တိုးတက်များပြားလာသော ကျောင်းနှင့်ကျောင်းသားဦးရေတို့အား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျောင်းကျန်းမာရေးအဖွဲ့ ၈၀၊ မိခင်ကလေးကျန်းမာရေးဌာန ၅၂ ခုနှင့်အတူ မြို့နယ်တိုင်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများမှ သက်ဆိုင်ရာဒေသအလိုက် (မြို့မ/ကျေးလက်)ကျောင်းကျန်းမာရေးလုပ်ငန်းကို တစ်နိုင်ငံဆောင်ရွက်စေခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။

ကျောင်းကျန်းမာရေးလုပ်ငန်း၏ ရည်ရွယ်ချက်

ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးဟူသော ရည်မှန်းချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးနှင့်နှီးနွယ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ကူညီပူးပေါင်းပါဝင်မှုတို့ဖြင့် အောက်ပါကျန်းမာရေးလုပ်ငန်းရည်ရွယ်ချက်များ ပေါက်မြောက်အောင် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်းမြင့်မားတိုးတက်လာစေရန်၊

(ခ) ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးပညာနှင့် အပြုအမူများ သိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝ (Healthy living life Style)ပိုင်ရှင်များ ဖြစ်လာစေရန်၊

(ဂ) ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသော ရောဂါပြဿနာများကို စောစီးစွာ ရှာဖွေကုသပေးရန်၊

(ဃ) ကျန်းမာရေးနှင့်ညီညွတ်၍သန့်ရှင်းသာယာသော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်၊

(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊

(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှတစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့်တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားတိုးတက်လာစေရန်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်းထူထောင်ရေးလုပ်ငန်း

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းဆိုသည်မှာ လူအင်အား၊ ပစ္စည်းအင်အား မည်သို့ပင်ရှိစေကာမူ မိမိ၏ကျောင်းနှင့် ကျောင်းသား/ကျောင်းသူများ၊ ပညာရေးမိသားစုများ၏ ကျန်းမာရေးအဆင့်အတန်းကို အစဉ်အမြဲ တိုးတက်မြင့်မားအောင် ဆောင်ရွက်နေသော လုပ်ငန်းပင်ဖြစ်သည်။ စင်စစ်၍လုပ်ငန်းသည် ယခင်ဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေးလုပ်ငန်းများကို လက်ရှိအခြေအနေနှင့်ပြုပြင်ရေးဆွဲ၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ရပ်သာဖြစ်ပါသည်။ ယခုအခါ မြို့နယ်အားလုံးတို့တွင် လွှမ်းခြုံအကောင်အထည်ဖော်လျက်ရှိပါသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်းထူထောင်ရေးစီမံချက်အရ သမားရိုးကျ ကျောင်းကျန်းမာရေးလုပ်ငန်းအား ကျောင်းသားလူငယ်များ ငယ်ရွယ်စဉ်မှစတင်၍ မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာလုံးအတွက် ကျန်းမာရေးအလေ့အကျင့်ကောင်းများရရှိရေးအတွက် ကျန်းမာရေးအဆင့်မြှင့် လုပ်ငန်းစဉ်များကို ပြောင်းလဲချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြို့နယ်တိုင်းတွင် နှစ်စဉ်ကျောင်းအုပ်များကို ကျောင်းကျန်းမာရေးသင်တန်းပို့ချ၍ စာသင်နှစ်တစ်နှစ်အတွက် ကျောင်းအလိုက်လုပ်ဆောင်ရမည့် ကျောင်းကျန်းမာရေးလုပ်ငန်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

မြို့နယ်များရှိ ကျောင်းကျန်းမာရေးဌာန(သို့မဟုတ်) မြို့နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများက ဒေသအလိုက် ကျောင်းများသို့ ကွင်းဆင်း၍ အောက်ပါကျောင်းကျန်းမာရေးလုပ်ငန်းကြီး (၉)ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(၁) ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း

(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း

(၃) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း

(၄) ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့်အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း

(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

(၆) ကျောင်းမှ ပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း

(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့်လူမှုရေးပံ့ပိုးမှုလုပ်ငန်း

(၈) သင်တန်းနှင့်သုတေသနလုပ်ငန်း

(၉) ကျောင်းအားကစားနှင့်ကာယလုပ်ငန်း

၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်နေသည့် ဆေးလိပ်ကင်းဝေးရေးကျောင်း၊ ခြင်ကျားကင်းစင်ကျောင်း၊ အမှိုက်ကင်းစင်ကျောင်းနှင့် ကျောင်းကျန်းမာရေးစံပြကျောင်းများ ဖြစ်ထွန်းရေးလုပ်ငန်းများကို ဆရာ၊ ကျောင်းသားများနှင့်တကွ နှီးနွယ်ဌာန၊ အဖွဲ့အစည်းအားလုံး လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး၊ ဒုတိယကျန်းမာရေးဦးစီးဌာနမှူးနှင့် မိခင်ကလေးကျောင်းကျန်းမာရေး ဆရာဝန်ကြီးတို့က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများသို့ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲလျက် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ်ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုကို တိုင်းဒေသကြီးနှင့်ဗဟို၊ မြို့နယ်အဆင့်လူထုကျန်းမာရေးစောင့်ရှောက်မှု ဆန်းစစ်ဆွေးနွေးပွဲများနှင့်အတူ ပူးတွဲဆန်းစစ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်၏ အချက်အချာအကျဆုံးနှင့် အရေးအကြီးဆုံးအုပ်စုဖြစ်သည့် ယနေ့ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ထိရောက်သည့် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုနှင့်မှုမှန်သည့် ကျန်းမာရေးအလေ့အကျင့်ကောင်းများ အခြေချပေးနိုင်မှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စိတ်အေးရမည်ဖြစ်ပါသည်။ အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းကဆိုသလို အမျိုးသားကျန်းမာရေး အစ၊ စာသင်ကျောင်းကပင် ဖြစ်ပါသည်။

ကျောင်းအဆင့်တွင် ဆရာ ဆရာမများသည် ကျန်းမာရေးအဆင့်မြှင့်ကျောင်းထူထောင်ရေး သင်တန်းမှရရှိလာသော အသိပညာများဖြင့် အတန်းတိုင်းတွင် ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်များကို ဦးစားပေးပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

အခြားနီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ထို့ပြင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးဘာသာရပ်များအား ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်သင်ရိုးတွင် ထည့်သွင်းရာတွင်လည်းကောင်း၊ သန့်လေးသန့်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကိုလည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ World Vision, WFWP, AMI စသည့် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့များနှင့် WHO, UNICEF ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများကလည်း ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့နိုင်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အေးဒီး(စ်)ခြင်ကျား ကင်းစင်ကျောင်းများ ထူထောင်ပေး

အထူးတင်ပြလိုသည့်အချက်မှာ ကျောင်းသားလူငယ်များအား သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်မှကင်းဝေးရေးအတွက် အေးဒီး(စ်)ခြင်ကျားဖြစ်စေသော ပိုးလောက်လမ်းပေါက်ပွားမှု သုတ်သင်နှိမ်နင်းရေးလုပ်ငန်းကို ကျောင်းများတွင် နှစ်စဉ်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးစီမံချက်ရေးဆွဲဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိရာမှ ယခုအခါ အရှိန်အဟုန်မြှင့်၍ **အေးဒီး(စ်)ခြင်ကျား ကင်းစင်ကျောင်းများ ထူထောင်ရေး စီမံချက်**ရေးဆွဲအကောင်အထည်ဖော်လျက်ရှိခြင်းပင်ဖြစ်သည်။ ယခုအခါ သွေးလွန်တုပ်ကွေးရောဂါသည် ချင်းပြည်နယ်မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် အားလုံးတွင် ဖြစ်ပွားလျက်ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကျောင်းဖွင့်စ မိုးရာသီတွင် အထူးဖြစ်ပွားလေ့ရှိပြီး တစ်နှစ်ပတ်လုံးတွင်လည်း ကျောင်း၊ ကျောင်းပတ်ဝန်းကျင်နှင့် အိမ်၊ နေအိမ်ပတ်ဝန်းကျင်တွင် အေးဒီး(စ်)ခြင်ကျားဖြစ်စေသော ပိုးလောက်လမ်းများ ပေါက်ပွားနေပါက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနိုင်သဖြင့် ကျောင်းသားလူငယ်များအတွင်း အန္တရာယ်ကျရောက်စေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ကျောင်းတိုင်း အေးဒီး(စ်)ခြင်ကျားကင်းစင်ကျောင်းများဖြစ်ပေါ်လာစေရန် ဆရာ၊ ကျောင်းသားများပါဝင်၍ တစ်နှစ်ပတ်လုံးအကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အစီအစဉ်များ

ကျောင်းကျန်းမာရေး သီတင်းပတ်ဖြစ်သော ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှ ၁၇ ရက်အတွင်း ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ညှိနှိုင်း၍ ကျောင်းအုပ်စုအလိုက်၊ အခြေခံပညာကျောင်းအလိုက်၊ အောက်ပါ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ် (၅)ရပ်ကို အထူးဆောင်ရွက်မည်ဖြစ်သည်။

(က) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း

(ခ) ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း

(ဂ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း

(ဃ) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း

(င) ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်း

ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းအလိုက် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ကို တိုင်းတာပြီးပါက အသက်အရွယ်အလိုက် ရှိသင့်သည့် အတိုင်းအတာထက် လျော့နည်းနေသူများကို သီးခြားအချိန်ယူ၍ အသေးစိတ်ပြန်လည်စစ်ဆေးပြီး တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကုသရေးနှင့် ကျွေးမွေးပြုစုရေး အစီအစဉ်များ ဆောင်ရွက်ကြပါမည်။

ထို့ပြင် အာဟာရဌာနနှင့် ပူးပေါင်း၍ UNICEF နှင့် WHO တို့၏ ပံ့ပိုးမှုဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးရှိ မြို့နယ်များမှ မူလတန်းကျောင်းသား စုစုပေါင်း ငါးသန်းခန့်ကို ၂၀၁၃ ခုနှစ် ဩဂုတ်လမှစ၍ ကျောင်းကျန်းမာရေး သီတင်းပတ်အထိ သန်ချဆေးများ ပထမအကြိမ် ဆက်လက်တိုက်ကျွေးမည်ဖြစ်ပါသည်။

ကျောင်းသားလူငယ်ကျန်းမာဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် အရေးပါလှသည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးနေစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ နှီးနွယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မိဘပြည်သူများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

လွှတ်တော်ရေးရာကဏ္ဍ

■ *ပြည်ထောင်စုလွှတ်တော်မှ*

ဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးဇော်မြင့်ဖေ၊ အတွင်းရေးမှူးအဖြစ် ချောင်းဦး မဲဆန္ဒနယ်မှ ဦးစောလှထွန်းနှင့် အဖွဲ့ဝင် ၂၇ ဦး ပါဝင်သည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ဦးကြည်ရှိန်၊ ဦးမော်သန်း၊ ဦးကျော်မင်းထွန်း၊ ဦးသန်းအောင်ရင်နှင့် ဒေါက်တာလှမောင်တို့အား ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် (အောက်တိုဘာလမှ မတ်လထိ) အတွက် အမျိုးသားစီမံကိန်းအကောင်အထည်ဖော်မှုအစီရင်ခံစာနှင့် ပြည်ထောင်စုဘဏ္ဍာငွေအရ အသုံးဆိုင်ရာ အကောင်အထည်ဖော်မှု အစီရင်ခံစာများနှင့်စပ်လျဉ်း၍ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က အစီရင်ခံစာကို အချက်အလက်အပြည့်အစုံနှင့် သုံးလပတ်အလိုက်တင်ပြရန်လိုအပ်မည် ထင်ပါကြောင်း၊ သက်ဆိုင်ရာဌာနများက ကိန်းဂဏန်းများကို တိကျမှန်ကန်စွာ တင်ပြပေးစေလိုကြောင်း၊ ဘတ်ဂျက်နှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ကော်မတီများတွင် တာဝန်ရှိပါကြောင်း၊ စီမံကိန်းတချို့ကို စာရင်းများတွင်သာမက လုပ်ငန်းခွင်ကိုပါ စစ်ဆေးရန် လိုအပ်မည် ထင်ပါကြောင်း၊ စီမံကိန်းများ ဖော်ပြရာတွင် အောင်မြင်မှု၊ ငွေကြေးသုံးစွဲမှုတို့ကို တစ်ခုချင်းအလိုက် တင်ပြထားသည်ကို မတွေ့ရှိရပါကြောင်း၊ ကဏ္ဍတစ်ခုလုံး၌ အစီရင်ခံစာတင်ပြသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လုပ်ငန်းများ ဖော်ပြပေးစေလိုကြောင်း၊ သို့မှသာ ပွင့်လင်းမြင်သာစွာ သိရှိနိုင်မည်ဖြစ်ကြောင်း၊ အစီရင်ခံစာများကို လေ့လာရာတွင် ဘဏ္ဍာရေးအသုံးစရိတ်များ လျာထားချက်ပြည့်မီကျော်လွန်သည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်ကို တွေ့ရှိ

ကော်မရှင်အဖွဲ့ဝင် ဦးသိန်းထွန်းဦး။

ရပါကြောင်း၊ ယင်းအချက်များကိုလည်း ပြန်လည်သုံးသပ်ကြ စေလိုကြောင်း၊ ထုတ်လုပ်မှုအပိုင်း အောင်မြင်မှသာ အလုပ်သမား အလုပ်အကိုင်ရရှိရေး၊ ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ထုတ်လုပ်မှုအပိုင်းကို တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့က ပြန်လည်ရှင်းလင်းတင်ပြကြပြီး ယင်းအစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်သည်။

"ပထမခြောက်လပတ် အစီရင်ခံစာနဲ့ ဒုတိယခြောက်လပတ်အစီရင်ခံစာမှာ တချို့နှစ်အလိုက်နှိုင်းယှဉ်ပြီး ဖော်ပြတာတွေ့ရတယ်။ အစီရင်ခံစာထဲမှာ နှစ်အလိုက်တိုးတက်မှုတွေကို နှိုင်းယှဉ်ထားတာ တွေ့ရပါတယ်။ တိုးတက်လာတဲ့ အနေအထားဟာ လက်ခံနိုင်စရာ အနေအထား ဖြစ်ရဲ့လား၊ အာဆီယံ၊ ကမ္ဘာ့နိုင်ငံတွေနဲ့ ကျွန်တော်တို့နိုင်ငံ နှိုင်းယှဉ်လိုက်ရင် ကဏ္ဍအလိုက် တိုးတက်မှုတွေဟာ ကျေနပ်စရာကောင်းရဲ့လား၊ လက်ခံနိုင်စရာ ကောင်းရဲ့လားဆိုတာကို သုံးသပ်ဖို့လိုမယ်လို့ ထင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်း ပြောထားတာ ရှိပါတယ်။ တိုးတက်မှုနှုန်းတွေက တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဖြန့်ကြက်တိုးတက်ဖို့ လိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက်ကြောင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်" ဟု မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းအကောင်အထည်ဖော်မှုအစီရင်ခံစာအပေါ် ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၃) ကို ကော်မရှင်အဖွဲ့ဝင် ဦးသိန်းထွန်းဦးက လွှတ်တော်သို့ ရှင်းလင်းတင်သွင်းသည်။

ဆုံးဖြတ်ချက်ချ

"ပြည်ထောင်စုလွှတ်တော်ကနေ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ရမယ်ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ နဲ့အညီ အစီရင်ခံစာအပိုင်း (၁) နှင့်(၂)မှာလည်း ကော်မရှင်ဥက္ကဋ္ဌက အဆိုတစ်ရပ် တင်သွင်းသွားပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ အဲဒီဆုံးဖြတ်ချက်အတိုင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ပေးပို့ထားပါတယ်။ အစိုးရဘက်အပိုင်းကလည်း ပြန်ပေးမယ်ဆိုရင်တောင် လူမများအောင်လို့ ဆောင်ရွက်ရတာတွေ ရှိပါတယ်။ တပ်မြေကိစ္စနဲ့ပတ်သက်ရင် တပ်မတော်အနေနဲ့ နေ့မအား ညမနား ဆောင်ရွက်နေတာရှိပါတယ်။ မြေကိစ္စကို အချိန်ကန့်သတ်ပြီးတော့ ဆောလျင်စွာ ဆောင်ရွက်ပေးဖို့ အဆိုပြုချက်ကိုတောင် လက်မခံဘဲ ပုဒ်မ ၂၂၈ နဲ့အညီ ဆောင်ရွက်ပါတယ်။ ရမယ့်ပြည်သူကလည်း တစ်ချိန်က မရနိုင်တဲ့ အခြေအနေကနေ အခုပြန်ပြီးရနိုင်တဲ့အခြေအနေလေးရောက်တဲ့ အနေအထားမှာ စိတ်ရှည်သီးခံပြီး စောင့်စေချင်ပါတယ်"ဟု ကော်မရှင်အဖွဲ့ဝင် ဦးသိန်းထွန်းဦးက ၎င်းအမြင်ကို ပြောပြခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

ရောင်းချခြင်းများသာရှိခဲ့ပါသည်။ ခေတ်စနစ်တွေပြောင်းလဲလာပြီး နည်းပညာများတိုးတက်လာကာ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငါးသယံဇာတများကို ခေတ်မီနည်းပညာများဖြင့် ဖမ်းဆီးကြပြီး ပြည်တွင်းပြည်ပတင်ပို့ရောင်းချခြင်း၊ ရေပေါ်ရေအောက် ငါးသယံဇာတများ မွေးမြူထုတ်လုပ်ခြင်း၊ ပြည်ပပို့ကုန်များ အရည်အသွေးမြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကမ်းရိုးတန်းရေပြင်ကြီးတွင် ၂၀၁၃ခုနှစ် မတ်လ၌ ကမ်းနီးငါးဖမ်း ရေယာဉ် ၁၀၁၂၅ စင်း၊ ကမ်းဝေးငါးဖမ်းရေယာဉ် ၇၃၂ စင်း ဒေသခံကမ်းဝေး ၄၆၀ စီးနှင့် ငါးသယ်ရေယာဉ်အစင်း ၉၀ ဖြင့် ရေလုပ်သား ၄၇၅၀၀ ဦးခန့်ဖြင့် ရေလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရရှိလာသော ငါးသယံဇာတများကို ပြည်တွင်း ပြည်ပတိုက်ရိုက်တင်ပို့ခြင်းနှင့် အအေးခန်း စက်ရုံများ၌ အရည်အသွေးမြှင့်တင်ခြင်းဖြင့် ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။

ငါးသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စိုက်ပျိုးခြင်းများဆောင်ရွက်ရာတွင် ဗျူးခြေထောက်၊ လမုပင်၊ သမဲ့ပင်၊ ကနစိုး၊ မဓမ၊ ဆောင်၊ ဗျူးဘိုတောင့်အပင်များကို စိုက်ပျိုးထားရှိလျက်ရှိကြသည်။ ဒီရေတောထိန်းသိမ်းခြင်းများဆောင်ရွက်လျက်ရှိသည့်နည်းတူ ရေငန်ငါးမျိုးစုံ၊ ပုစွန်သားပေါက်များနှင့် ကဏန်းများမျိုးစိုက်ထည့်ခြင်း၊ ငါးမဖမ်းရရာသီ(Close Season) ငါးမဖမ်းရဇရိယာ (Close Area) သတ်မှတ်ခြင်း ဘေးမဲ့ဇုန်များ သတ်မှတ်ထားရှိခြင်း မျိုးထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် CAGE CULTURE လှောင်အိမ်ဖြင့် ငါးမွေးမြူရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေမှော်မွေးမြူရေး SEAWEET CULTURE အထူးစီမံကိန်းဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ငါးမွေးမြူခြင်းကဏ္ဍတွင် ရေမြေဒေသနှင့် ကိုက်ညီ၍ နိုင်ငံတကာတွင် လူကြိုက်များပြီး ဈေးကွက်ဝင်ငါးဖြစ်သော ကကတစ်ငါးကို ဦးစားပေးမွေးမြူလျက်ရှိသည်။ ကကတစ်ငါးသည် ကြီးထွားနှုန်းကောင်းခြင်း၊ မျိုးရိုးဗီဇမှန်ကန်ခြင်း၊ သက်တမ်းတူ အရွယ်တူအချင်းချင်း ရေချိုရေငန်မရွေး မွေးမြူနိုင်ခြင်းအချိန်တိုအတွင်း သားပေါက်စခန်းများမှ သားပေါက်လုံလောက်စွာ ရရှိနိုင်ခြင်းကြောင့် လုပ်ငန်းရှင်များက တိုးချဲ့မွေးမြူလျက်ရှိကြသည်။

အဆိုပါ ငါးကို ငါးလုပ်ငန်းဦးစီးဌာန ပြင်ထပ်အော်ငါးသုတေသနစခန်းမှ ၂၀၁၁-၂၀၁၂ခုနှစ်တွင် သားဖောက်ခြင်းလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ ၎င်းအပြင် ယူနိုက်တက်ကုမ္ပဏီမြိတ်ကလည်း ကကတစ်ငါးသားပေါက်များကို စီးပွားဖြစ် မွေးမြူထုတ်လုပ်လျက်ရှိသည်။ ပြင်ထပ် အော်ငါးသုတေသနစခန်းအနေဖြင့် ရေမြေဒေသနှင့်ကိုက်ညီသော ကျောက် ငါးသားဖောက်ခြင်းလုပ်ငန်းကို အောင်မြင်စွာသားဖောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကျောက်ငါးသားပေါက်များအောင်မြင်စွာဆောင်ရွက်နိုင်ပါက ဈေးကွက်ဝင်တန်ဖိုးမြင့် ကျောက်ငါးများကို နေရာအနှံ့ မွေးမြူဆောင်ရွက်သွားမည်ဖြစ်သည်။ ရေမှော်မွေးမြူရေးကဏ္ဍတွင် Myanmar MSC မှ စမ်းသပ်စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး ရေမှော်ပင်များသည် ကမ်းရိုးတန်းရေပြင်တွင် စိုက်ပျိုးရန်သင့်တော်သည့် နေရာများရှိသည့် ဒေသဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် စီးပွားရေးအရ အရေးပါသော ရေထွက်ပစ္စည်းအသစ်တစ်ခုဖြစ်သည်။

တင်ပို့ရောင်းချနိုင်

ကမ်းရိုးတန်းရေပြင်တွင် ကမ်းနီးကမ်းဝေး ငါးဖမ်းယာဉ်များဖြင့် ရရှိသော ငါးသယံဇာတများ၊ မွေးမြူရေးတွင်ရရှိသော ငါးသယံဇာတများကို အအေးခန်းစက်ရုံများ၊ ငါးမုန့်စက်ရုံများတွင် ပြုပြင်မွမ်းမံ ကုန်ချောထုတ်လုပ်လျက်ရှိပြီး ပြည်တွင်း ပြည်ပ တင်ပို့ရောင်းချလျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် အအေးခန်းစက်ရုံ ၁၅ ရုံရှိပြီး ငါးမုန့်ကြိတ်စက်ရုံ ၇ရုံရှိသည်။ အဆိုပါစက်ရုံများမှ ကုန်ချောထုတ်လုပ်ပြီး ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့ရောင်းချမှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မတ်လအထိ ကုန်တန်ချိန် ၁၄၄၆၈၃. ၂၀၅၆ မက်ထရစ်(တန်) အမေရိကန်ဒေါ်လာ ၁၄၆. ၃၂၃ (ကျပ်သန်းပေါင်း ၁၅၄၅. ၁၃၈) တင်ပို့ရောင်းချနိုင်ခဲ့သည်။

မြန်မာနိုင်ငံတောင်ဘက် ဘင်္ဂလားပင်လယ်အရှေ့ဘက်ဖျား ရှည်လျားလှသည့် တနင်္သာရီကမ်းရိုးတန်းသည် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းကြီးတစ်ခုဖြစ်သည့်အလျောက် ရေလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေသူများသည် မိမိလုပ်ငန်းအောင်မြင်လျက် မိမိဒေသအကျိုးနိုင်ငံအကျိုးကို တစ်ဖက်တစ်လမ်းမှ ထမ်းဆောင်နေသူများဖြစ်သည်။ သို့အတွက်ကြောင့် ငါးသယံဇာတများ မပျက်စီးရေး၊ မပြုန်းတီးရေး၊ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ရေလုပ်ငန်းရှင်များအတွက် မိမိတို့၏လုပ်ငန်းများကို ရေရှည်စဉ်ဆက်မပြတ် သားစဉ်မြေးဆက် လုပ်ကိုင်နိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။

လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၁၃

အုတ်တွင်းမြို့နယ်မှ NLD ပါတီဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း (၇၃)ဦးနှင့် လွှတ်တော်အရည်အသွေးမြှင့်တင်ရေးသင်တန်း နည်းပြလေးဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပနေပုံများကို လာရောက်လေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါခေါင်လပြည့်နေ့ ဆွမ်းဆန်တော်လှူဒါန်းပွဲကျင်းပမည်

မန္တလေး ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆိုင်ရာ စတုပစ္စယာနုဂ္ဂဟပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းခြင်းကို နှစ်စဉ်ဆောင်ရွက်ခဲ့ရာ မန္တလေး၊ အမရပူရ၊ ပုသိမ်ကြီးမြို့နယ်များရှိ ကျောင်းတိုက်များရှိ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ဓမ္မာစရိယ စာချဆရာတော်များ၊ ရဟန်းသာမဏေများနှင့် သီလရှင်များအား (၂၃) ကြိမ်မြောက် ဆွမ်းဆန်တော်လှူဒါန်းပွဲအခမ်းအနားကို ဝါခေါင်လပြည့်နေ့ (ဩဂုတ် ၂၀ ရက်)နေ့တွင် မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ် (၂၃)ကြိမ်မြောက် စတုပစ္စယာနုဂ္ဂဟပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းပွဲတွင်လည်း ယခင်နှစ်က ထက်မနည်း ပိုမိုပါဝင်လှူဒါန်းနိုင်ပါရန်နှင့် လှူဒါန်းမည့်အလှူငွေများကို ရန်ပုံငွေအလှူခံရေး ကော်မတီ (မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ငွေစာရင်းဌာန) သို့လည်းကောင်း၊ ဆွမ်းဆန်တော်အိတ်များကို တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနသို့လည်းကောင်း ထည့်ဝင်လှူဒါန်းသွားရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၈-၂၀၁၃(ဗုဒ္ဓဟူးနေ့)
ဝါခေါင်လဆန်း ၈ ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး ပရိတ်တရားတော်
- ၆း၅၀ ဘုတလင်မြို့ ကြောင်ပန်းတော်ရ ကျေးဇူးရှင်ပထမဆရာတော် အရှင်ကုန္ဒက၏ တစ်ဘဝ သာသနာထေရုပ္ပတ္တိဖြစ်စဉ် (အပိုင်း-၇)
- ၇း၂၀ မဟာဝံသမြတ်ဗုဒ္ဓ မြတ်ဘုရားရှင်၏ ဝါဆိုစဉ်
- ၈း၂၅ ဘဒ္ဒန္တတေဇောသာရာဘိဝံသ (အဘိဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ နိကာယနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါသထ ဥပုသ်ဆောက်တည်ခြင်း
- ၁၀း၀၀ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းနာခံခြင်းနှင့်**

ကတိသစ္စာပြုခြင်း အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

နေ့လယ်ပိုင်း

- ၁၂း၂၅ ဖြူ/မည်း ရုပ်ရှင် **ပန်းတွေနဲ့ဝေ** ညွှန့်ဝင်း၊ အောင်လွင်၊ ခင်ယုမေ (ဒါရိုက်တာ-မောင်ဝဏ္ဏ)

ညပိုင်း

- ၁၅း၀၀ ပြည်တွင်းသတင်း
- ၁၅း၁၅ အိန္ဒိယရုပ်ရှင် **ရွက်ပုန်းသီး** (ဇာတ်သိမ်း)
- ၁၆း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
- ၂၁း၀၀ My Mind Game My SEA Games - **သုခုမရှင်ခွင်အငြိမ့်သဘင်** (ဟာသလွှင်ပြင်အငြိမ့်) မင်းသမီး- ပိုပိုချစ်၊ လူရွှင်တော်- ဝက်မ၊ လန်ဒန်၊ ငွေတိုး၊ ဆည်းဆာ (ဒါရိုက်တာ- ဖုန်းမြင့်အောင်)

ညောင်ဦးမြို့တွင် ကမ္ဘာလှည့်ခရီးသည်များ၏လုံခြုံရေးအတွက်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၃

ဩဂုတ် ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံဘေးကင်းစွာ သွားလာနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး ကမ္ဘာလှည့်ခရီးသည်နိုင်ငံခြားသားများ၏ လုံခြုံရေးနှင့် သွားလာရာတွင်လုယက်မှုမခံရစေရေး ဆောင်ရွက်ထားရှိမှုနှင့် အကြံပြုချက်များ၊ ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်မည့် အစီအမံများနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာလှည့် ခရီးသည်များ လုံခြုံဘေးကင်းစွာ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးသည့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည်များ၏ လုံခြုံရေးအတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့်နယ်မြေခံရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်သုံးစီး၊ မော်တော်ဆိုင်ကယ် ၁၈ စီး၊ စက်ဘီးအစီး ၂၀ အသုံးပြု၍ လှည့်ကင်း/ဝပ်ကင်းများဆောင်ရွက်ခြင်းဖြင့် မှုခင်းများ မဖြစ်ပွားစေရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အစားအသောက်ဆိုသည်မှာ ဆေးဝါး၊ ဆေးရွက်ကြီးနှင့် အလှကုန်ပစ္စည်းများမှအပ လူတို့စားသောက်နိုင်သော စားသောက်ဖွယ်ရာနှင့် ယင်းတို့တွင်ပါရှိသောပစ္စည်း သို့မဟုတ် အစားအသောက် ထပ်ဖြည့်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အစားအသောက်ဟု သတ်မှတ်သော ပစ္စည်းလည်း ပါဝင်သည်။"

၃။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၈၊ ၂၂၊၂၄၊ ၂၅ နှင့် ၃၁ တို့တွင် ပါရှိသော "သိုလှောင်ခြင်း" ဆိုသည့်စကားရပ်၏ နောက်တွင် "သယ်ယူပို့ဆောင်ခြင်း" ဆိုသည့် စကားရပ်ကို အသီးသီးဖြည့်စွက်ရမည်။

၄။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အစားအသောက်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။"

၅။ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(က)၌ ပါရှိသော "သိုလှောင်ခြင်း" ဆိုသည့် စကားရပ်၏နောက်တွင် "သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း" ဆိုသည့်စကားရပ်ကိုလည်းကောင်း၊ ပုဒ်မခွဲ(ခ)၌ပါရှိသော "သိုလှောင်သော" ဆိုသည့်စကားရပ်၏နောက်တွင် "သယ်ယူပို့ဆောင်သော၊ ဖြန့်ဖြူးသော" ဆိုသည့် စကားရပ်ကိုလည်းကောင်း ဖြည့်စွက်ရမည်။

၆။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့၌ပါရှိသော "သက်ဆိုင်ရာဝန်ကြီး သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်တွင် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်း ၍လည်းကောင်း၊ အခြားဒေသများတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့နှင့် ညှိနှိုင်း၍လည်းကောင်း သင့်လျော်သော ဝန်ထမ်းများကို အစားအသောက် စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည်။"

၈။ အမျိုးသားအစားအသောက်ဥပဒေတွင်-

(က) ပုဒ်မ ၂၆ ၌ ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၇ ၌ပါရှိသော "ငွေဒဏ်ကျပ် ၅၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်ငါးထောင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)၌ ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "ကျပ်သုံးသိန်း ထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၉ ၌ပါရှိသော"ငွေဒဏ် အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၃၀ နှင့် ၃၁တို့၌ ပါရှိသော "ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၂ တွင်-

(က) ပုဒ်မခွဲ(က)နှင့်(ခ)တို့၌ ပါရှိသော "ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်များ" ဆိုသည့် စကားရပ်ကို "နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)၌ ပါရှိသော "သက်ဆိုင်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက ဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ထုတ်ကုန်များနှင့် ဆက်စပ်သုံးစွဲသည့်ကိရိယာများ လေလွင့်မှုမရှိစေရေး ကြပ်မတ်ထိန်းသိမ်းရန်လို

နေပြည်တော် ဩဂုတ် ၁၃

စက်ရုံများမှ အရာထမ်းများ အနေဖြင့် လက်အောက်ဝန်ထမ်းများအား တာဝန်ပေးအပ်ရာတွင် အတတ်ပညာအရည်အချင်းအလိုက် သင့်လျော်မျှတစွာ လူမှန်နေရာမှန် တာဝန်ပေးအပ်ရန် လိုအပ်ကြောင်း၊ မိမိတာဝန်ယူရသော ဌာနများ စည်းကမ်းစနစ်တကျရှိနေစေရေး ထိန်းသိမ်းကြပ်မတ်ပြုပြင်သွားရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများအပေါ်တွင် ဂုဏ်ယူတတ်စေရေး စိတ်ဓာတ်မြှင့်တင်ပြုပြင်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းများအောင်မြင်ရန်အတွက် ဒေသန္တရအုပ်ချုပ်မှု အဖွဲ့အစည်းများနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင်က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေအစည်းအဝေးခန်းမနှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး) အစည်းအဝေးခန်းမတို့၌ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ဌာနမှူး/ အရာထမ်းများနှင့်တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန်းရေနံမြေ တွင်းအမှတ်-၂၀၄မှ ရေနံထုတ်လုပ်နေမှု၊ တွင်းအမှတ်-၁၂၆ တွင်းပြုပြင်နေမှုနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေနံဓာတုဗေဒ စက်ရုံစု(သံပရာကန်) စက်ရုံခန်းမဆောင်၌ စက်ရုံမှအရာထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက စက်ရုံများလည်ပတ်မှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် ထွက်ကုန်အရည်အသွေးများ ထိန်းသိမ်းရေးတို့ကိုမှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထောက်ရှာပင်-ကမ်းနီရေနံမြေရှိ ရေနံတွင်းအမှတ်-၈၃၅ တွင်း အသစ်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေနံမြေခန်းမ၌ဌာနမှူးများ/ အရာထမ်းများနှင့် တွေ့ဆုံ၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မျိုးဆက်သစ် အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ လက်ဆင့်ကမ်းမွေးထုတ်သွားရန်ဖြစ်ကြောင်း၊ ထုတ်ကုန်များနှင့် ဆက်စပ်သုံးစွဲသည့် ကိရိယာများ လေလွင့်မှုမရှိစေရေး ကြပ်မတ်ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် စွမ်းအင်ကဏ္ဍသည် အဓိကကျကြောင်း သိရှိနားလည် ဆောင်ရွက်ကြရေး မှာကြားခဲ့သည်။ **(သတင်းစဉ်)**

❖ ရွှေဖုံးမှ

"ကုလားကုတ် ရေနက်ဆိပ်ကမ်းဖြစ်နိုင်ခြေ လေ့လာမှုလုပ်ငန်းတွေကို နှစ်ဖက်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။ လက်မှတ်ရေးထိုးပြီး သုံးလအတွင်းမှာ လုပ်ငန်းတွေစတင်ရမှာဖြစ်ပါတယ်။ ဒီလိုလေ့လာမှုတွေ စတင်ပြုလုပ်တဲ့အခါ ဘက်ပေါင်းစုံကနေပြီး လေ့လာမှုပြုလုပ်သွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ၄င်းက ပြောကြားသည်။

အသုံးပြုနိုင်

ကုလားကုတ် ရေနက်ဆိပ်ကမ်းတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်က ယခင်ကတည်းက လျာထားခဲ့ဖူးသော စီမံကိန်းဖြစ်သည်။ ယင်းရေနက်ဆိပ်ကမ်းသည် ထိုင်း-မြန်မာနယ်စပ်ဖြစ်သော ဘုရားသုံးဆူလမ်းကြောင်းနှင့်လည်း ဆက်စပ်အသုံးပြုနိုင်မည် ဖြစ်သည်။

ကုလားကုတ် ရေနက်ဆိပ်ကမ်းဖြစ်နိုင်ခြေ လေ့လာမှုလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိ၊ ဒေသခံများ၏ လူမှုစီးပွား ထိခိုက်နိုင်မှု ရှိ မရှိစသည့်အချက်များကိုလည်း ဘက်ပေါင်းစုံမှ လေ့လာဆောင်ရွက်သွားမည်ဖြစ်သည်။

ပူးတွဲဆောင်ရွက်

ကုလားကုတ်ရေနက်ဆိပ်ကမ်းသည် မွန်ပြည်နယ်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပူးတွဲဆောင်ရွက်မည့် ပထမဆုံးရေနက်ဆိပ်ကမ်းလည်း ဖြစ်လာမည်ဖြစ်သည်။

မလေးရှားနိုင်ငံမှ ပြန်ရောက်ရှိသည့်အလုပ်သမားများအား အလုပ်အကိုင်များတွင် နေရာချထားနိုင်ရေးအတွက် လူတွေ့စစ်ဆေးခံနိုင်ရန် အသိပေး

နေပြည်တော် ဩဂုတ် ၁၃

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနသည် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံသားအလုပ်သမားများအား သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ **၁၉-၆-၂၀၁၃ ရက်နေ့မှစ၍** အလုပ်လာရောက် လျှောက်ထားသူ ၉၅၀ ဦးအနက် **ကျား ၆၈၀၊ မ ၂၂၅ ဦး စုစုပေါင်း ၉၀၅ ဦးအား** အလုပ်ခန့်ထား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍လည်း ပြည်တွင်းကုမ္ပဏီများ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ခန့်ထားနိုင်ရေး ဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ **၁၅-၈-၂၀၁၃ ရက်နေ့နှင့် ၁၆-၈-၂၀၁၃** ရက်နေ့များတွင် (၀၉:၀၀) နာရီမှစတင်၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်(၁၃) ရပ်ကွက် မြနန္ဒာလမ်း၊ အမှတ် (၂၉၈) ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်းတွင် လူတွေ့စစ်ဆေးခံနိုင်ကြောင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အလုပ်သမားများအနေဖြင့်လည်း ဒေသအတွင်း အလုပ်အကိုင်နေရာများတွင် လုပ်ကိုင်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်ထားသည့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ (တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် / မြို့နယ်) ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

(သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံများ စစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီးရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသို့ သွားရောက်ရာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူက SMEs ဌာနဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ မူဝါဒများ၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျကြောင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SMEs လုပ်ငန်းများကို အခြေခံအုတ်မြစ်ဟု ယူဆနိုင်ကြောင်း၊ SMEs လုပ်ငန်းများ ပံ့ပိုးကူညီထောက်ပံ့ရေးကို တစိုက်မတ်မတ် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံဗဟုသုတများ မျှဝေနိုင်ရန် ပြည်တွင်းရှိ SMEs Cluster များနှင့် ညှိနှိုင်းခြင်း၊ ပြည်တွင်းပြည်ပမှ အတွေ့အကြုံဗဟုသုတများကိုလေ့လာ၍ ပြန်လည်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ အခြားဆက်စပ်အဖွဲ့အစည်းများနှင့်လည်းကောင်း SMEs ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကိုဆက်သွယ်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ SMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် National Level Workshop တစ်ခုကို အောက်တိုဘာလတွင် ဆောင်ရွက်နိုင်ရေးနှင့် Frame ရွေးချယ်နိုင်ရေး မှာကြားသည်။

ထို့နောက် အမှတ်(၁၁) အကြီးစားစက်ရုံ(ရန်ကုန်) သို့သွားရောက်၍ စက်ရုံထုတ် မော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ်အသေးများ ထုတ်လုပ်နေမှု၊ Myanmar Mini ကားများအတွက် After Sale Service ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှိုင်မြို့နယ် ပါရမီလမ်းရှိ LED မီးသီးအလုပ်ရုံနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)ရှိ Solar နှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေသည့် အမှတ်(၂၄) အကြီးစားစက်ရုံ (ဒဂုံ)သို့ သွားရောက်စစ်ဆေးပြီး ထုတ်လုပ်နေသော ထုတ်ကုန်များကို ခေတ်နှင့်လျော်ညီစွာ Technology Upgrade ပြုလုပ်ကာ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန်မှာကြားပြီး စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မရမ်းကုန်းမြို့နယ် အထည်အလိပ်ဂိုဒေါင်များရှိ အထည်ကြားစခန်းသို့သွားရောက်၍ လက်ရှိထုတ်လုပ်ပြီးအထည်များကို လာမည့်တစ်နှစ်အတွင်း လေလွင့်ပျက်စီးဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ရန်၊ အထည်အလိပ်များ ထားသိုရာ၌ လေဝင်လေထွက် ကောင်းအောင်ထားရှိရန်၊ အထည်များထားသိုသည့် စနစ်ဖြင့် ထိန်းသိမ်းထားရှိရန်၊ တစ်နှစ်တာအတွင်း ဈေးကွက်သို့ အမြန်ဆုံးရောင်းချနိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ လက်ရှိပြင်ပဈေးကွက်၊ မိမိပစ္စည်းများရောင်းချရမည့် ဈေးနှုန်းတွက်ချက်တင်ပြရန်၊ ပစ္စည်းများကို ပြင်ပဈေးနှုန်းနှင့် နှိုင်းယှဉ်ပြီး သက်သာသောဈေးနှုန်းဖြင့် ရောင်းချရန်၊ ဝန်ကြီးဌာန၏ ဝင်းသူဇာဆိုင်များကိုသာ အားပြုရောင်းချခြင်းမျိုးမဟုတ်ဘဲ ကျယ်ကျယ်ပြန့်ပြန့် နိုင်ငံတစ်ဝန်း အရောင်းအေးဂျင့်များကိုဖိတ်ခေါ်ပြီး ထုတ်လုပ်ထားသော ပစ္စည်းများအား ဖြန့်ဖြူးရောင်းချရန်၊ ပွင့်လင်းမြင်သာမှုရှိအောင် တင်ဒါခေါ်ယူပြီး အများပြည်သူများ သိရှိအောင် ဆောင်ရွက်ရန်မှာကြားကာ စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမှတ်(၁၁) အကြီးစားစက်ရုံ (ရန်ကုန်) စက်ရုံထုတ် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

၂၀၁၃ ခုနှစ် ဟာ့ဂ်ျဘုရားဖူးစေလွှတ်ရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန၏ ကြေညာချက်

ဟာ့ဂ်ျဘုရားဖူးစေလွှတ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခင်နှစ်များ၌ မြန်မာနိုင်ငံမှ စေလွှတ်သည့် ဟာ့ဂ်ျဘုရားဖူး ၅၀၀၀ အနက်မှ ၄၆၅၀ ခွဲတမ်းကိုဆော်ဒီအာရေးဗီးယားနိုင်ငံ၊ ဟာ့ဂ်ျဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံးတို့က ဟာ့ဂ်ျဘုရားဖူးစေလွှတ်ရေး ကုမ္ပဏီများသို့ တိုက်ရိုက်ခွဲဝေပေးခဲ့ပါသည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံ မက္ကာမြို့၌ နှစ်ကာလကြာမြင့်စွာကတည်းက အခမဲ့တည်းခိုနေထိုင်ခွင့်ရရှိခဲ့သော ဟာ့ဂ်ျဘုရားဖူး ၃၅၀ သွားရောက်ခွင့်နှင့်ပတ်သက်၍ သာသနာရေးဝန်ကြီးဌာနမှ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီသည့် ကုမ္ပဏီတစ်ခုကို ယခင်က တာဝန်ပေးအပ်ခဲ့သော်လည်း အဆိုပါလုပ်ငန်းသည် ခေတ်စနစ်နှင့် မလျော်ညီခြင်း၊ ဥပဒေနှင့်ကိုက်ညီမှုမရှိခြင်း၊ သာသနာရေးဝန်ကြီးဌာနသည် စီးပွားရေးဝန်ကြီးဌာန မဟုတ်ခြင်းတို့ကြောင့် ယခုနှစ်မှစ၍ အဆိုပါဟာ့ဂ်ျဘုရားဖူး ၃၅၀ စေလွှတ်ရေးလုပ်ငန်းအား ကိုင်တွယ်ဆောင်ရွက်ခြင်းမပြုတော့ဘဲ ဖြေလျှော့ပေးခဲ့ပြီးဖြစ်ပါသည်။

ဟာ့ဂ်ျဘုရားဖူးခရီးသွားကုမ္ပဏီ ၁၀၄ ခုမှ အများဆန္ဒနှင့်အညီ ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့သော "၂၀၁၃ ခုနှစ် ဟာ့ဂ်ျဘုရားဖူးစေလွှတ်ရေးလုပ်ငန်းကော်မတီ" ကို အဖွဲ့ဝင်ရှစ်ဦးဖြင့်လည်းကောင်း၊ အစ္စလာမ်ဘာသာရေးအဖွဲ့ငါးဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းထားသော "ဟာ့ဂ်ျဘုရားဖူးစေလွှတ်ရေး ကြီးကြပ်မှုကော်မတီ"ကို အဖွဲ့ဝင်ငါးဦးဖြင့်လည်းကောင်း ဖွဲ့စည်းစေခဲ့ပြီး ဟာ့ဂ်ျခရီးသွားလုပ်ငန်းကို လွတ်လပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။

ယခုနှစ်တွင် ဆော်ဒီအာရေးဗီးယားနိုင်ငံ မက္ကာမြို့၌ အခမဲ့တည်းခိုနေထိုင်ခွင့်ရရှိသော ဟာ့ဂ်ျဘုရားဖူး ၃၅၀ အတွက် ကုမ္ပဏီများအားတင်ဒါခေါ်ယူရာတွင် ပွင့်လင်းမြင်သာမှုရှိရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၄၉)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အားလုံးပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ သင့်တင့်သောနှုန်းထားဖြစ်ရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေးနှင့် ဘုရားဖူးများအတွက် အာမခံချက်ရှိမာရေးတို့မှာ "ဟာ့ဂ်ျဘုရားဖူးစေလွှတ်ရေးလုပ်ငန်းကော်မတီ" နှင့် "ဟာ့ဂ်ျဘုရားဖူးစေလွှတ်ရေး ကြီးကြပ်မှုကော်မတီ"တို့က ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များသာ ဖြစ်ပါသည်။

သာသနာရေးဝန်ကြီးဌာနအနေဖြင့် "ဟာ့ဂ်ျဘုရားဖူးစေလွှတ်ရေး ကြီးကြပ်မှုကော်မတီ"မှ အတည်ပြုရွေးချယ်ပေးလာသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဆော်ဒီအာရေးဗီးယားနိုင်ငံ၊ ဟာ့ဂ်ျဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံးတို့သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဆက်လက်ထောက်ခံအကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။

ဟာ့ဂ်ျဘုရားဖူး ၃၅၀ ခွဲတမ်း လုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီများအား တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ရေးနှင့် ဘုရားဖူးများအချိန်မီစေလွှတ်နိုင်ရေးကိစ္စမှာ "ဟာ့ဂ်ျဘုရားဖူးစေလွှတ်ရေးလုပ်ငန်းကော်မတီ" နှင့် "ဟာ့ဂ်ျဘုရားဖူးစေလွှတ်ရေးကြီးကြပ်မှုကော်မတီ" တို့က ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များသာဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပျူမြို့ဟောင်းများ ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရန် ဆောင်ရွက်ရန်ကိစ္စများ ရှင်းလင်း

နေပြည်တော် ဩဂုတ် ၁၃

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၇)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီ ညီလာခံသို့ တက်ရောက်ခဲ့မှုနှင့် ပျူမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်ကိစ္စများအား ရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းပွဲတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ (၃၇)ကြိမ်မြောက် ညီလာခံ တက်ရောက်ခဲ့မှုနှင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပျူရှေးဟောင်းမြို့သုံးမြို့နှင့် ပတ်သက်သော ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်၊ တည်နေရာ၊ အကျယ်အဝန်းနှင့် သမိုင်းကြောင်းများ၊ ရေရှည်ထိန်းသိမ်းဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်တို့နှင့်အတူ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားရန် ကိစ္စရပ်များကို ရှင်းလင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးကြိုတင် ကာကွယ်ရေးအသိပေး

မြိုင် ဩဂုတ် ၁၃

မြိုင်မြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဩဂုတ် ၁၁ ရက်က လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းဗိုလ်နှင့်တပ်ဖွဲ့ဝင်များသည် မြိုင်-မန္တလေး၊ မြိုင်-ရန်ကုန်အဝေးပြေး မော်တော်ယာဉ်များပေါ်တွင် ခရီးသွားပြည်သူများ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးသတ်ဘူးများ အသုံးပြုဆောင်ထားရန် အရှိန်ဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။ **စိန်မြိုင်(မြိုင်)**

ရန်ကုန်တိရစ္ဆာန်ရုံသို့ ကျားဖြူတစ်ကောင်ပေးပို့ ပြည်သူများ ကြည့်ရှုလေ့လာနိုင်ကြတော့မည်

သတင်း - မောင်နွေသစ်
ဓာတ်ပုံ - ကျော်သူဝင်း

နေပြည်တော် ဩဂုတ် ၁၃

ရန်ကုန်တိရစ္ဆာန်ရုံ၌ ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ကျားဖြူတစ်ကောင်ကို တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)မှ ပေးပို့ထားပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

"တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) မှာ တရုတ်ကျားဖြူတစ်စုံက ပေါက်ဖွားခဲ့တဲ့ ကျားဖြူကို ရန်ကုန်မြို့နေ ပြည်သူများကြည့်ရှုလေ့လာနိုင်ရန် ဩဂုတ် ၁၂ ရက်က ပေးပို့ခဲ့ပါတယ်။ ဒီကျားက အမဖြစ်ပြီး အလွန်ရှားပါးတဲ့ နှင်းကျားလို့လည်း ခေါ်ကြပါတယ်။ အသက်နှစ်နှစ်ခွဲခန့်ရှိပါတယ်" ဟု တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)မှ အုပ်ချုပ်ရေးမှူး ဦးခင်မြင့်က ပြောသည်။

"ဒီလိုပဲ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)ကိုလည်း မန္တလေးမြို့နေ ပြည်သူအများ ကြည့်ရှုနိုင်ရန် နေပြည်တော်မှ ဘိုတစ်လုံးကုလားအုပ်တစ်စုံနဲ့ မြင်းကျားတစ်စုံကိုလည်း သစ်တောရေးရာဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရယူပြီး ပေးပို့ထားပါပြီ" ဟုလည်း ဦးခင်မြင့်က ဆက်လက်ရှင်းပြသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)မှ အုပ်ချုပ်ရေးမှူး ဦးခင်မြင့်။

ယခုအခါ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ တရုတ်ကျားဖြူတစ်စုံနှင့် အာဖရိကကျားဖြူတစ်စုံ စုစုပေါင်း လေးကောင်ရှိကြောင်း သိရသည်။ ထို့အပြင် အာရှမျိုးစိတ်ကျားဝါငါးကောင်လည်း တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ မွေးမြူထားရှိသဖြင့် စုစုပေါင်း ကျားကိုးကောင်ရှိကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ၌ တွားသွားသတ္တဝါမျိုးစိတ် ခုနစ်မျိုး၊ နို့တိုက်သတ္တဝါ ၃၆ မျိုးနှင့် ကျေးငှက် ၂၇ မျိုး စုစုပေါင်း မျိုးစိတ် ၇၀ ရှိသည်။ ကောင်ရေအားဖြင့် ၅၂၈ ကောင်ရှိသည်။ ယင်းတိရစ္ဆာန်ဥယျာဉ်နှင့် ကပ်လျက် ဆာဖာရီဥယျာဉ်တွင် နို့တိုက်သတ္တဝါ ၁၈ မျိုးနှင့် ကျေးငှက်တစ်မျိုးတို့ကို မွေးမြူပြသထားသည်။ ဆာဖာရီဥယျာဉ်၌ အာဖရိကနှင့် ဩစတြေးလျသတ္တဝါများ မွေးမြူပြသထားသည်။



တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ ကျားဖြူတစ်ကောင်ကို တွေ့ရစဉ်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ နက္ခတ္တာရာပြခန်း၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) နှင့် ရန်ကုန်တိရစ္ဆာန်ရုံများကို ၂၀၁၁ ခုနှစ်မှစပြီး ထူးကုမ္ပဏီအုပ်စုက သစ်တောရေးရာဝန်ကြီးဌာနမှ လွှဲပြောင်းရယူပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၃

မြန်မာ – ဂျပန် စီးပွားရေးဆိုင်ရာဆွေးနွေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ရန်ကုန်အခြေစိုက် ဂျပန်နိုင်ငံ JETRO ရုံးတို့နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး မြန်မာ-ဂျပန် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်/စက်မှုအသင်းချုပ်၌ကျင်းပရာ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးနှင့်ဂျပန်နိုင်ငံ JETRO ရုံးမှ Executive Vice - President Mr.Soichi Yoshimura တို့က မိတ်ဆက်စကားပြောကြားကြပြီး မြန်မာ-ဂျပန်လုပ်ငန်းရှင်များက စီးပွားရေးလုပ်ငန်းများအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ်များအကြား နိုင်ငံခြားငွေကြေးဈေးကွက်၏ သတင်းအချက်အလက်များ ဖြန့်ဝေသွားမည်

၁။ နိုင်ငံတော်၏စီးပွားရေးစနစ်အတွင်း နိုင်ငံခြားငွေကြေးစီးဆင်းမှု ပိုမိုလွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံခြားငွေဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးစေရန်အတွက် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရ (Authorised Dealer) ဘဏ်များအကြား နိုင်ငံခြားငွေကြေးဈေးကွက် (Interbank Foreign Exchange Spot Market) ကို (၅-၈-၂၀၁၃)ရက်နေ့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂။ (၁၂-၈-၂၀၁၃) ရက်နေ့မှစတင်၍ ဘဏ်များအကြား နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာဈေးနှုန်းများနှင့် ရောင်း/ဝယ်သည့် နိုင်ငံခြားငွေကြေးပမာဏများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website;www.com.gov.mm တွင် ဖော်ပြထားခြင်းဖြင့်လည်းကောင်း၊ အလိုအလျောက် ဖြေကြားသည့် တယ်လီဖုန်းအမှတ် ၀၁- ၈၆၀၅၁၀၀ သို့ဆက်သွယ်မေးမြန်းခြင်းဖြင့်လည်းကောင်း၊ ပြည်သူများနှင့် စီးပွားရေးဝန်းကျင်သို့ အသိပေးတင်ပြသွားရန် စီစဉ်ထားရှိကြောင်း ဖော်ပြအပ်ပါသည်။

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)

ပြည်တွင်းသတင်း

ဧရာဝတီတိုင်းဒေသကြီး ကြိမ်ပင်ဆည်-စကြော့-ဓနုဖြူ-ဇလွန်လမ်း ပြင်ဆင်ထိန်းသိမ်း

နေပြည်တော် ဩဂုတ် ၁၃

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကြိမ်ပင်ဆည်- စကြော့- ဓနုဖြူ- ဇလွန်လမ်း ပြင်ဆင်ထိန်းသိမ်းရေးစီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မိမိတို့တာဝန်ယူရသောလမ်းပိုင်းများတွင် တာဝန်ခံအင်ဂျင်နီယာများအား စနစ်တကျ တာဝန်ပေးပြီး အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရန်ကုန်-ပုသိမ်လမ်းနှင့်ဗိုလ်မြတ်ထွန်းတံတား ကြံ့ခိုင်မှုအခြေအနေ၊ ကြိမ်ပင်ဆည်-စကြော့-ဓနုဖြူ-ဇလွန်လမ်း မိုင်တိုင် (၁၀/၀) နှင့်(၁၀/၁)အကြား ကျောက်ခင်းခြင်းလုပ်ငန်းများ၊ မိုင်တိုင်(၈/၇)နှင့် (၉/၀) အကြား လမ်းပေါက်ဖာခြင်းလုပ်ငန်းများ၊ ဧရာဝတီတံတား (ညောင်တုန်း) ချဉ်းကပ်လမ်းနှင့် ပင်မတံတားကြံ့ခိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝင်းဇော်ဦး၏ အသက်ကယ်ရန်ပံ့ငွေ လှူဒါန်းနိုင်

၂၄-၆-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးမှာ နတ်မောက်မြို့နယ် ထုံးပေါက်ချိုင်းရွာက အရပ် ခုနစ်ပေ ၁၀ လက်မရှိပြီး ခန္ဓာကိုယ် အဆမတန်ကြီးထွားနေတဲ့ ဝင်းဇော်ဦးအကြောင်း ပါလာပါတယ်။ ပြည်သူလူထုအနေနဲ့တော့ ဝင်းဇော်ဦးက လူထူးလူဆန်းကြီးတစ်ယောက်လို ထင်နေကြပေမယ့် ကျွန်တော်ကတော့ အဲဒီသတင်းကို ဖတ်လိုက်တာနဲ့ တစ်ပြိုင်နက် ဝင်းဇော်ဦးဟာ ဦးနှောက်အောက်က ပီကျူထရီ အကျိတ်ကနေ ကြီးထွားမှုဟော်မုန်း ထုတ်တာများတဲ့ အခရိုမီဂလီ (acromegaly) ရောဂါခံစားနေရတဲ့သူ ဖြစ်တယ်ဆိုတာကို သိလိုက်ပါတယ်။ အဲဒါကြောင့် လိုအပ်တဲ့ ဆေးဝါးကုသမှုခံယူဖို့ သူ့ကိုရန်ကုန်မြို့ကို ခေါ်ဆောင်လာခဲ့ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ ဝင်းဇော်ဦးဟာ ပီကျူထရီအကျိတ်ဟော်မုန်းအထွက်များတဲ့ အခရိုမီဂလီရောဂါဖြစ်နေတယ်ဆိုတာကို ရန်ကုန်မှာ သတင်းစာရှင်းလင်းပွဲလည်း လုပ်ခဲ့ပြီးပါပြီ။ ဒီရောဂါဟာ ကုလို့ရတဲ့ ရောဂါတစ်ခုပါ။ မကုရင် သေမယ်ဆိုတာကိုလည်း အကြိမ်ကြိမ်ပြောခဲ့ပါတယ်။ အဲဒါနဲ့ပဲ ပိုပြီးသေချာအောင် ဝင်းဇော်ဦးရဲ့ခေါင်းကို စီတီရိုက်၊ သွေးတွေဖောက်ပြီး စင်ကာပူနိုင်ငံကိုပို့ပြီး စစ်လိုက်တဲ့အခါမှာတော့ ဝင်းဇော်ဦးဟာ အခရိုမီဂလီရောဂါဖြစ်နေတယ်ဆိုတာ သေချာသွားပါတယ်။

ဒါနဲ့ပဲ ယခု သူ့ကို စင်ကာပူနိုင်ငံ အထွေထွေရောဂါကု ဆေးရုံကြီး [Singapore General Hospital (SGH)]က ဦးနှောက်နှင့်အာရုံကြောရောဂါအထူးကု ပါမောက္ခဆရာဝန်ကြီးနှင့်ပြသပြီး ရောဂါရှာဖွေဖို့ စီစဉ်ထားပြီးပါပြီ။ ၁၅-၈-၂၀၁၃ ရက်နေ့မှာ စင်ကာပူနိုင်ငံကို သွားမှာပါ။ ရောက်ရောက်ချင်းပဲ ခေါင်းကို MRI ရိုက်ပြီး နောက်နေ့မှာ ဦးနှောက်အာရုံကြော ပါရဂူနဲ့ ပြရမှာပါ။

ဝင်းဇော်ဦး ဆေးကုသမှုခံယူရာတွင် ပါမောက္ခဦးခင်မောင်ဝင်း၏ ဇနီး ဒေါက်တာခင်လေးရီက ခေါင်းဆောင်ပြီး လမ်း (၂၀)နဲ့ ကျုံးကြီးလမ်းထောင့်မှာရှိတဲ့ နိုဗယ်အသည်းနဲ့ အစာအိမ်အူလမ်းကြောင်းအထူးကုဆေးခန်းမှ ဂုဏ်ထူးဆောင် အကြံပေးပုဂ္ဂိုလ် ဒေါက်တာမြတ်သူမင်း၊ ဒုဆေးရုံအုပ် ဒေါ်သက်ထားခင်၊ MRTV-4 မှ နှစ်ဦး၊ Mandalay Media Group မှ နှစ်ဦး၊ Eleven Media Group မှ တစ်ဦးနှင့် လမ်း (၁၀)ဆေးခန်း ပြန်ကြားရေးနှင့် လူမှုဆက်ဆံရေးတာဝန်ခံ ဒေါ်ငြိမ်းငြိမ်းတို့ လိုက်ပါသွားမှာ ဖြစ်ပါတယ်။

ဝင်းဇော်ဦးရဲ့ ဆေးကုသမှုကုန်ကျစရိတ်တွေကိုတော့ အဓိကပံ့ပိုးသူအဖြစ် ပါမောက္ခဦးခင်မောင်ဝင်းက ထည့်ဝင်ပြီး တခြားသော အလှူရှင်တွေ၊ ကုမ္ပဏီတွေနဲ့ အဖွဲ့အစည်းတွေကလည်း ပံ့ပိုးကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

ဒါပေမယ့်လည်း စင်ကာပူနိုင်ငံမှာ စမ်းသပ်စစ်ဆေးပြီးတော့လည်း ရောဂါဆက်ကုဖို့ငွေကြေးအထောက်အပံ့တွေလိုဦးမှာပါ။ "အဲဒါကြောင့် ဝင်းဇော်ဦးအသက်ကို ကယ်ကြပါ။" "Save Win Zaw Oo" ဆိုတဲ့ ဆောင်ပုဒ်နဲ့ ဝင်းဇော်ဦးအတွက် အသက်ကယ်ရန်ပံ့ငွေကို ရှာသွားရမှာဖြစ်ပါတယ်။ မည်သူမဆို တတ်နိုင်သရွေ့ အနည်းအများမဆို လှူဒါန်းကြပါလို့ ပန်ကြားလိုက်ပါတယ်။ ကျုံးကြီးလမ်းနဲ့လမ်း(၂၀)ထောင့်မှာရှိတဲ့ နိုဗယ်အသည်းနဲ့ အစာအိမ်အူလမ်းကြောင်းဆေးရုံ ဖုန်း-၀၁-၃၇၃၇၉၅၊ ၀၁-၃၇၃၇၉၆၊ ၀၁-၃၇၃၇၉၉ (Ext-၉) ကို ဆက်သွယ်ပြီး လှူဒါန်းနိုင်ပါတယ်။

ဝင်းဇော်ဦးတစ်ယောက် ကံကောင်းပါစေ. . .

ပါမောက္ခခင်မောင်ဝင်း(အသည်း)

မူးယစ်ဆေးဝါးနှင့် လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၃

ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီခွဲခန့်တွင် ဘားအံမြို့နယ် နောင်လုံအနောက်အုပ်စု၊ ကော့ဒိုင်းရွာ ခန့်မှန်းမပည (LU 660575) တွင် သေနတ်ဒဏ်ရာဖြင့် လူတစ်ဦးပုန်းအောင်းနေကြောင်း သိရှိရသဖြင့် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သွားရောက်ဖမ်းဆီးခဲ့ရာ စောဇာနည်(ခ) စောဒီးဒီး (၃၅ နှစ်) လယ်လုပ် ကော့ဒိုင်းရွာနေသူအား ၎င်း၏နေအိမ်အပေါ်ထပ်တွင် ဝဲခြေမျက်စိအထက် သေနတ်ကျည်ဆန် ဖောက်ထွက်ဒဏ်ရာတစ်ချက်၊ ဝဲဒူး အောက်ဖောက်ထွက် ဒဏ်ရာတစ်ချက်နှင့် ယာတင်ပါး ဖောက်ဝင်ဒဏ်ရာများဖြင့် ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်အား စိစစ်မေးမြန်းရာ စောဇာနည်(ခ) စောဒီးဒီးနှင့် သေဆုံးသူ မိုးခိုင်တို့နှစ်ဦးသည် မူးယစ်ဆေးဝါးအရောင်းအဝယ် ပြုလုပ်နေစဉ် ဖမ်းဆီးရန် ရဲတပ်ဖွဲ့ဝင်များရောက်ရှိလာသဖြင့် ပြန်လည်ခုခံရာမှ ပစ်ခတ်မှုဖြစ်ပွားစဉ် ဒဏ်ရာရရှိ ထွက်ပြေးလွတ်မြောက်ခဲ့သူဖြစ်ကြောင်း သိရှိရသည်။

၎င်းနှင့်အတူ ပွိုင့် ၃၀၃ ကျည်တစ်တောင့်၊ ပွိုင့် ၃၈ စပါယ်ရှယ်ကျည်သုံးထောင့်၊ ကာဘိုင်ကျည်တစ်တောင့်၊ ပွိုင့် ၂၂ ကျည် ခုနစ်တောင့်၊ ခဲသီးတစ်ဘူး သိမ်းဆည်းရမိခဲ့သည့်အပြင် နေအိမ်အောက်ထပ် စပါးကျီအတွင်းမှ လေသေနတ်တစ်လက်၊ တူမီးသေနတ် နှစ်လက်၊ တူမီးသေနတ်ဒင်တစ်ခု၊ တူမီးသေနတ်ပြောင်းတစ်ခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ စုစုပေါင်းတရားခံနှစ်ဦး(အသေတစ်ဦး၊ ဒဏ်ရာဖြင့်တစ်ဦး) ဖမ်းဆီးရမိခဲ့ပြီး M-16 တစ်လက်၊ ၎င်းကျည် ၁၃ တောင့်၊ ၁၅ တောင့်ဝင်ကျည်ကတ် နှစ်ခု၊ လုပ်သေနတ်အတို သုံးလက်၊ တူမီးပြောင်းရှည် သုံးလက်၊ လေသေနတ် တစ်လက်၊ တူမီးသေနတ် နှစ်လက်၊ တူမီးသေနတ်ဒင်တစ်ခု၊ တူမီးသေနတ်ပြောင်းတစ်ခု၊ ၉ မမကျည်သုံးတောင့်၊ ပွိုင့် ၄၅ ကျည်တစ်တောင့်၊ BA-57 လက်ပစ်ဗုံးတစ်လုံး၊ ပွိုင့် ၃၀၃ ကျည်တစ်တောင့်၊ ပွိုင့် ၃၈ စပါယ်ရှယ်ကျည် သုံးတောင့်၊ ကာဘိုင်ကျည် တစ်တောင့်၊ ပွိုင့် ၂၂ ကျည် ခုနစ်တောင့်၊ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွဆေးပြား ၃၀၄၅ ပြား၊ မြန်မာငွေရောရာ ကျပ် ၈၃၀၀၀၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဝါးပြောင်း သုံးခု၊ ဂက်စ် မီးခြစ်မျိုးစုံလေးလုံး၊ ယမ်းမှုန့်ထည့် ကော်ဘူးသေးတစ်ဘူး၊ ပင်နီဆီလင်ပုလင်းနှင့် ထည့်လျက် ယမ်းမှုန့် တစ်ပုလင်း၊ ခဲသီး နှစ်ဘူး၊ အရိုးအသွား ခုနစ်လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်း၊ အရှည် ငါးလက်မခန့်ရှိ တံစဉ်းတစ်ချောင်းနှင့် ကျဉ်စက်တစ်ခုကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်ပြီး ဩဂုတ် ၁၁ ရက် ညနေပိုင်းတွင် အိန္ဒူရဲစခန်းမှ မယ(ပ)၁၁/၂၀၁၃ ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅/၁၆(ဂ)/၁၉(က)/၂၀(က)/၂၁/၂၂(ခ)တို့အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် သတင်းဆက်အား ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)



နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများသို့ အသိပေးကြေညာချက်

ရက်စွဲ၊ ၁၃-၈-၂၀၁၃

၁။ တိုးမြှင့်ပင်စင်လစာ မရရှိသေးသော ပင်စင်စားများသည် မိမိတို့ လစာထုတ်ယူလျက်ရှိသော မြန်မာ့စီးပွားရေးဘဏ်ခွဲ/လုပ်ငန်းအဖွဲ့အစည်းများသို့ သွားရောက်ဆယ်သွယ်ထုတ်ယူကြပါရန် အသိပေးအပ်ပါသည်။

၂။ သက်ဆိုင်ရာဘဏ်နှင့်လုပ်ငန်းအဖွဲ့အစည်းများမှ တိုးမြှင့်ပင်စင်လစာ ခံစားခွင့်အမိန့်မရောက်ရှိသေးကြောင်း ပြန်ကြားလာပါက ပင်စင်စား လက်ဝယ်ကိုင်ဆောင်ထားသော အငြိမ်းစားလစာထုတ်ယူခွင့် မှတ်ပုံတင်စာအုပ်၏ ဒုတိယစာမျက်နှာအား မိတ္တူကူးယူ၍ အောက်ဖော်ပြပါ ပင်စင်ဦးစီးဌာန ရုံးချုပ်/ ရုံးခွဲများသို့ ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ပေးပို့ရန်အခက်အခဲရှိပါက စာအုပ်၏ ဒုတိယစာမျက်နှာ အငြိမ်းစား လက်ခံစာရွက်ပါ အချက်အလက်များအား ဖုန်းဖြင့် သတင်းပေးပို့နိုင်ပါသည်။

၃။ အချက်အလက်အပြည့်အစုံ လက်ခံရရှိပါက ပင်စင်ဦးစီးဌာနမှ နေ့ချင်းပြီးဆောင်ရွက်၍ သက်ဆိုင်ရာဘဏ်ခွဲသို့ စာတိုက်/ Fax နည်းဖြင့် ပေးပို့ခြင်း၊ ပင်စင်စားထံသို့ စာတိုက်/ဖုန်းဖြင့် အကြောင်းကြားခြင်းနည်းဖြင့် တိုးမြှင့်ပင်စင်လစာထုတ်ယူရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဘဏ်ခွဲများသည် ဘဏ်ပိတ်ရက်မှအပ တိုးမြှင့်ပင်စင်လစာ နေ့စဉ်ထုတ်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

၄။ ပင်စင်ဦးစီးဌာန၏ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၏ ဆက်သွယ်ရန် လိပ်စာနှင့်ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်	လိပ်စာ	Fax နံပါတ်	ဖုန်းနံပါတ်
၁	ပင်စင်ဦးစီးဌာန(ရုံးချုပ်)	ရုံးအမှတ်(၃၄)၊နေပြည်တော် ဘဏ္ဍာရေးဝန်ကြီးဌာန	၀၆၇-၄၁၀၄၁၉	၀၆၇-၄၁၀၄၁၅ ၀၆၇-၄၁၀၄၁၈ ၀၆၇-၄၁၀၃၇၂ ၀၆၇-၄၁၀၅၂၁
၂	ရန်ကုန်တိုင်းဒေသကြီး	အမှတ်(၂၇)၊ဘဏ်လမ်း ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့	၀၁-၃၇၄၇၆၅	၀၁-၃၇၆၆၄၀ ၀၁-၃၇၆၆၈၅
၃	ဧရာဝတီတိုင်းဒေသကြီး	အမှတ်(၅)၊ ကုန်စုံလမ်း၊ မြို့မဈေးအနောက်ဘက်၊ ပုသိမ်မြို့	၀၄၂-၂၅၅၅၃	၀၄၂-၂၅၅၅၃
၄	ရခိုင်ပြည်နယ်	ဆင်ကူးလမ်း၊ သဘော်ဆိပ်အနီး၊ စစ်တွေမြို့	၀၄၃-၂၄၂၇၃	၀၄၃-၂၄၃၁၅
၅	မွန်ပြည်နယ်	ဘိုကုန်းရပ်၊ မော်လမြိုင်မြို့	၀၅၇-၂၇၁၅၀	၀၅၇-၂၇၁၅၀
၆	ကရင်ပြည်နယ်	သီရိလမ်း၊(၄)ရပ်ကွက်၊ဘားအံမြို့	၀၅၈-၂၂၅၂၂	၀၅၈-၂၂၅၂၂
၇	တနင်္သာရီတိုင်းဒေသကြီး	ဆိပ်ကမ်းသာလမ်း၊တိုးချဲ့ရပ်ကွက်၊ ထားဝယ်မြို့	၀၅၉-၂၁၆၅၇	၀၅၉-၂၃၄၉၃
၈	ပဲခူးတိုင်းဒေသကြီး(အရှေ့)	မြို့တွင်းကြီးရပ်၊ ပဲခူးမြို့	၀၅၂-၂၁၂၁၆	၀၅၂-၂၁၂၁၆ ၀၅၂-၂၁၀၁၇
၉	ပဲခူးတိုင်းဒေသကြီးရုံးခွဲ (ပြည်မြို့)	ဆင်စုရပ်၊ ပြည်မြို့	၀၅၃-၂၆၄၇၆	၀၅၃-၂၆၄၇၆
၁၀	မန္တလေးတိုင်းဒေသကြီး	အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့	၀၂-၃၅၈၂၇	၀၂-၇၁၈၃၂
၁၁	မကွေးတိုင်းဒေသကြီး	စိုးကောမင်းရပ်၊ မကွေးမြို့	၀၆၃-၂၅၅၈၁	၀၆၃-၂၅၅၈၁
၁၂	စစ်ကိုင်းတိုင်းဒေသကြီး	သာစည်လမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့	၀၇၁-၂၃၄၉၅	၀၇၁-၂၃၆၁၆ ၀၇၁-၂၃၄၉၅
၁၃	ကချင်ပြည်နယ်	အမှတ်(၁၄)၊ ဇေဒင်စံပြလမ်း၊ ဇေဒင်ရပ်ကွက်၊ တပ်ကုန်းမြောက်၊ မြစ်ကြီးနားမြို့	၀၇၄-၂၂၁၆၄	၀၇၄-၂၂၁၆၄
၁၄	ရှမ်းပြည်နယ်(တောင်ကြီး)	သစ်တောဂိတ်အနီး၊တောင်ကြီးမြို့	၀၈၁-၂၁၂၅၀၁၉	၀၈၁-၂၁၂၅၀၁၉
၁၅	ရှမ်းပြည်နယ်ရုံးခွဲ(လားရှိုး)	(၉)ရပ်ကွက်၊ လားရှိုးမြို့	၀၈၂-၃၀၉၄၁	၀၈၂-၃၀၉၄၁
၁၆	ရှမ်းပြည်နယ်ရုံးခွဲ(ကျိုင်းတုံ)	၃(ခ)၊၁၁၈ ရပ်ကွက်(၃)၊မြို့တော်ခန်းမအနောက်၊ ကျိုင်းတုံမြို့	၀၈၄-၂၂၈၈၇	၀၈၄-၂၃၀၂၅
၁၇	ကယားပြည်နယ်	ဒေါ်ဥခူရပ်ကွက်၊ မြန်မာ့အာမခံရုံး လမ်းကြား၊ လွိုင်ကော်မြို့	၀၈၃-၂၂၅၃၇	၀၈၃-၂၂၅၃၇

ပင်စင်ဦးစီးဌာန

အကြိုက် အကင်ဘီယာဆိုင် ဂက်စ်အိုးမီးလောင်မှုဖြစ်ပွား

မန္တလေး ဩဂုတ် ၁၃

မန္တလေး ချမ်းအေးသာစံမြို့နယ် ၂၉ လမ်းနှင့် ၇၁ လမ်းထောင့် ဗထူးကွင်းအနီးရှိ ဦးလောစံ ပိုင်ဆိုင်သော အကြိုက် အသားကင်နှင့် ဘီယာဆိုင် မီးဖိုခန်း၌ ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ဂက်စ်အိုးပိုက်ပေါက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ အကြိုက်အသားကင်၊ ဘီယာဆိုင် မီးဖိုခန်း ဂက်စ်မီးဖိုအနီးရှိ ဂက်စ်အိုးမှ ပိုက်ပေါက်၍ ယိုစိမ့်မှုကြောင့် မီးလောင်ကျွမ်းခဲ့ရာ သန္ဓေတပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ မီးသတ်ကားလေးစီးတို့နှင့် ဒေသခံပြည်သူများက မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပေးကြခြင်းကြောင့် ၁၀ မိနစ်အတွင်း မီးငြိမ်းသွားကြောင်းနှင့် အဆိုပါ မီးလောင်မှုတွင် တစ်ဦးတစ်ယောက်မှဒဏ်ရာမရရှိဘဲ ငွေကျပ် ၄၀၀၀ နီးပါးဆုံးရှုံးခဲ့ပြီး တာဝန်ရှိသူအား သက်ဆိုင်ရာမှ အရေးယူခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

စစ်တွေခရိုင် ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ ကျေးရွာအရောက် ကွင်းဆင်းစစ်ဆေး

ပုဏ္ဏားကျွန်း ဩဂုတ် ၁၃

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် မင်းဇီချောင်း အမက(မူလွန်)၌ ပညာရေးလုပ်ငန်းများတိုးတက်စေရန် စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်အပြီး လမ်းညွှန်မှာကြားသောအခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ စစ်တွေခရိုင် ပညာရေးမှူးရုံးမှ ဦးလှရွှေ ဦးစီးအရာရှိ(စစ်ဆေးရေး) ဦးဆောင်သော အဖွဲ့ဝင်များဖြစ်သော ဒေါ်အေးအေးစန်း ဦးစီးအရာရှိ(စစ်ဆေး)၊ ဒေါ်စန်းစန်းအေး(လ/ထ ကြီးကြပ်ရေးမှူး-သမိုင်း)၊ ဦးဇော်လင်း(လ/ထကြီးကြပ်ရေးမှူး-သိပ္ပံ)၊ ဦးမောင်အောင်စိန်(လ/ထမြို့နယ်ပညာရေးမှူး)နှင့် ဦးမောင်ကြီး(လယ်/အုပ်၊ သဲတက်)အပါအဝင် မင်းဇီချောင်း အမကရှိ ဆရာ ဆရာမများ စုံညီစွာတက်ရောက်ကြသည်။ အခမ်းအနားတွင် ဦးစီးအရာရှိ (စစ်ဆေးရေး)ဦးလှရွှေက စစ်ဆေးတွေ့ရှိချက်များနှင့်လိုအပ်သည်များကို မှာကြားလမ်းညွှန်ပြီး ကျောင်းအုပ်ဆရာကြီး ဦးဦးဘမောင်က လမ်းညွှန်အကြံပြုချက်များကို အလေးဂရုပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

လေးဝတီ(ရခိုင်ပြည်နယ်)

ပြည့်လျှံရေများကို ပြွင်ပသို့ထုတ်လွှတ်

ပျဉ်းမနား ဩဂုတ် ၁၃

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် ဩဂုတ် ၁၃ ရက် နံနက် ၅ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့ပေါ်ရှိ မြေနိမ့်ပိုင်းရပ်ကွက်များအတွင်းသို့ရေများ ပြည့်လျှံခဲ့ရာ ရေထုတ်ပြွန်ပေါက်များ ပိတ်ဆို့ခြင်းကြောင့် လမ်းများ၊ ရေအိုင်ကြီးများ ဖြစ်ပေါ်လျက်ရှိရာ ရန်အောင်(၂) ရပ်ကွက် နယ်မြေ(၁၄)မီးရထားစက်ခေါင်းရုံတောင်ဘက် ရေထုတ်ပြွန်ပေါက်ပိတ်ဆို့မှုကြောင့် လူနေအိမ်ခြံဝင်းအတွင်းနှင့် လမ်းများ ရေလွှမ်းမိုးမှုကို ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးကြည်ခိုင်မင်းနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ မီးရထားဝန်ထမ်းများက ရေစုပ်စက်ဖြင့် ထုတ်လွှတ်မှုကို **(အောက်ပုံ)** ယင်းနေ့နံနက် ၈ နာရီက ဆောင်ရွက်ကြောင်း သိရသည်။

ကိုကိုရူပ(နေပြည်တော်)

မီးနီလည်းဖြတ်၊ ရဲကားလည်း ဝင်တိုက်သည့်ဆိုင်ကယ်

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် တော်ဝင်ရတနာလမ်းဆုံရှိ မီးပွိုင့်တွင် လူသုံးဦးစီးလာသော ဆိုင်ကယ်က မီးနီနေစဉ် ဖြတ်မောင်းလာပြီး လမ်းမှန်အတိုင်းမောင်းနှင်လာသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ကို ဝင်တိုက်သဖြင့် ဆိုင်ကယ်စီးလာသူသုံးဦးဒဏ်ရာများ(မစိုးရိမ်ရ)ရရှိသွားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၉ရက် ည ၇ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် တော်ဝင်ရတနာလမ်းဆုံမီးပွိုင့် တံဂပူရိဟိုတယ်အနီးတွင် တော်ဝင်ရတနာလမ်းအတိုင်း နိုင်ငံတော်ဧည့်ဂေဟာဘက်မှ မီးပွိုင့်ဘက်သို့ ရဲအောင် (၁၆ နှစ်) အမျိုးသားပြတိုက် နေအိမ်လိုင်းခန်းနေသူမောင်းနှင်လာပြီး တစ်လိုင်းတည်းနေ အောင်နိုင်ဦး (၂၇ နှစ်)၊ ဝေဠုကျော် (၁၇ နှစ်) ပါလာသည့်ဆိုင်ကယ်သည် လမ်းဆုံမီးပွိုင့်အရောက်တွင် မီးနီကိုဖြတ်မောင်းလာစဉ် ရာဇသင်္ဂဟလမ်းအတိုင်း ကံ့ကော်ပန်းအဝိုင်းဘက်မှ သပြေကုန်းအဝိုင်းဘက်သို့ ရေကြောင်းရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီး ထွန်းထွန်းလင်းမောင်းနှင်လာသော ရဲတပ်ဖွဲ့ဟိုင်းလတ်ယာဉ်၏ ဝဲဘက်ရှေ့ဘေးခြမ်းကို တိုက်မိပြီး ဆိုင်ကယ်လဲကျကာ ရဲအောင်၊အောင်နိုင်ဦး၊ ဝေဠုကျော်တို့တွင် ဒဏ်ရာများ ရရှိသဖြင့် နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရသည်။ ယာဉ်တိုက်မှုနှင့် စပ်လျဉ်း၍ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၁၃၉)

မူးချောင်းကို ဖြတ်ကူးစဉ် ရေနစ်သေဆုံး

ခင်ဦး ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် လောင်းရှည်ကျေးရွာတောင်ဘက်ရှိ မူးချောင်း၌ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်က လူသေအလောင်းတွေ့ရှိကြောင်း သတင်းရရှိ၍ ခင်ဦးမြို့နယ် ရဲစခန်းမှူး ဒုရဲမှူး ဘိုဘိုထွဋ်နှင့်အဖွဲ့သည် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးထွန်းရှင် (အသက် ၅၅ နှစ်) မကျီးတုံရွာ၊ ခင်ဦးမြို့နယ်မှဖြစ်ကြောင်း၊ ၎င်းမှာ လောင်းရှည်ရွာမှ မကျီးတုံရွာသို့ နွားလှည်းဖြင့် မူးချောင်းကို ဖြတ်ကူးစဉ် လှည်းနှင့်နွားများ ရေနှင့်အတူမျောပါသွားသဖြင့် လိုက်လံဆယ်ယူရာမှ ရေနစ်သေဆုံးသွားကြောင်း၊ သေဆုံးသူကို ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးရန်အတွက် ခင်ဦးဆေးရုံသို့ ပေးပို့ပြီး သေမှုသေခင်း အမှုအမှတ် (၆/၂၀၁၃) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ရောင်နီတင်ဝင်း

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နေပြည်တော်ကောင်စီ ရှစ်မြို့နယ်အတွင်း ကျောင်းဆောင်သစ် ၉၃ ခု ဆောက်လုပ်ပေးမည်

သတင်း - ကြံတိုင်းအောင်၊ ဓာတ်ပုံ - ကျော်သူဝင်း

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျောင်းသား ကျောင်းသူဦးရေများပြားလာသည်နှင့်အမျှ ကျောင်း ဥပဓိရုပ်ကောင်းသော ကျောင်းဆောင်ပေါင်း ၉၃ ခု ပညာရေးဝန်ကြီးဌာနက ယခုနှစ်အတွင်း ဆောက်လုပ်ပေးသွားရန်စီစဉ်နေကြောင်း ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်အတွင်းမှာ ဥပဓိရုပ်ကောင်းမွန်တဲ့ အခြေခံပညာကျောင်းဆောင်ပေါင်း ၉၃ ခုကို အိတ်ဖွင့်တင်ဒါခေါ်ယူပြီး ဆောက်လုပ်သွားဖို့ညွှန်ကြားချက်ရရှိထားပြီး ဖြစ်ပါတယ်၊ ဇေယျာသီရိမြို့နယ်အတွင်းမှာ ကျောင်းဆောင် ၁၂ ဆောင် အပါအဝင် ကျောင်းဆောင် ၉၃ ဆောင်ကို ငွေကျပ်သန်းပေါင်း ၃၁၆၄ ဒသမ ၈ သန်းအကုန်အကျခံတည်ဆောက်သွားဖို့ စီစဉ်နေပါတယ်"ဟု နေပြည်တော်တိုင်းပညာရေးမှူး ဦးမြင့်ဇော်က ဩဂုတ် ၁၂ ရက်တွင် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအလယ်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ထိုနေ့ နံနက်ပိုင်းက ခေတ်အေးကျေးရွာ အလယ်တန်းကျောင်းခွဲနှင့် ပြည်စုံအောင်အထက်တန်းကျောင်းခွဲတို့၌ ဧရာရွှေဝါကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ပေ (၁၂၀× ၄၀)ရှိ နှစ်ထပ်သံကူကွန်ကရစ်ကျောင်းဆောင်သစ်ကြီး နှစ်ဆောင်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

"ဒီကျောင်းဆောင်သစ်ကြီးနှစ်ဆောင် ဆောက်လုပ်ဖို့အတွက် နိုင်ငံတော်က ပညာရေးဘတ်ဂျက်မှ တစ်ဆောင်ကို ငွေကျပ်သိန်းပေါင်း ၁၅၁၂ သိန်းခွင့်ပြုချထားပေးခဲ့ပါတယ်၊ အမှန်တကယ်ကုန်ကျတာတော့က ကျောင်းဆောင်သစ်တစ်ဆောင်ကို ငွေကျပ်သိန်း ၂၀၀၀ ခန့်ကုန်ကျပါတယ်၊ ထပ်မံကုန်ကျတဲ့ငွေကို ကျွန်တော်တို့ ကုမ္ပဏီက စိုက်ထည့်လှူဒါန်းပါတယ်၊ စာသင်ခုံတွေအပါအဝင် ကျောင်းရန်ပုံငွေအဖြစ် တစ်ကျောင်းကိုငွေကျပ် ၁၅ သိန်းစီကိုလည်း လှူဒါန်းပေးပါတယ်၊ ဒီကျောင်းဆောင်သစ်တွေကို နေပြည်တော်ကောင်စီရဲ့ ကြီးကြပ်မှုနဲ့အတူ ဆောက်လုပ်ခဲ့ပါတယ်"ဟု ဧရာရွှေဝါကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ ဦးကျော်ကျော်လွင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ခေတ်အေးကျေးရွာ အလယ်တန်းကျောင်းခွဲ၌ ဆရာ ဆရာမ ၂၀ ရှိပြီး ကျောင်းသား ကျောင်းသူ ၇၀၀ ကျော် တက်ရောက် ပညာသင်ယူလျက်ရှိသည်။ "နိုင်ငံတော်က ယခုလို အလွန်ကောင်းမွန်တဲ့ကျောင်းဆောင်သစ်ကြီးတွေ ဆောက်လုပ်ပေးတဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်၊ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကောင်းမွန်သန့်ရှင်းတဲ့ ကျောင်းဆောင်သစ်နဲ့ ပညာသင်ကြားခွင့်ရရှိကြလို့ ဝမ်းသာပီတိဖြစ်နေကြပါတယ်"ဟု ခေတ်အေးကျေးရွာ အလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက ပြောသည်။

(မြန်မာ့အလင်း)

တန်ဖိုးနည်းဖုန်း ဆင်းကတ်များ ဆရာ ဆရာမများသို့ ရောင်းချပေး

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ဝေးလံခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ ဆရာမများအား တန်ဖိုးနည်းဖုန်း ဆင်းကတ်များ လက်ဝယ်အရောက်ဖြန့်ဝေပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၁ ရက်က ကံကြီးကျေးရွာအုပ်စု အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက အမှတ်(၁၄) အခြေခံပညာအလယ်တန်းကျောင်းနှင့် အုန်းပင်ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ ဆရာမ ၁၄ ဦးအား ဖုန်းဆင်းကတ်များ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဖြန့်ဝေပေး

ယခု တန်ဖိုးနည်းဖုန်း ဆင်းကတ်များကို တပ်ကုန်းမြို့နယ် အတွင်းရှိ ဝေးလံခက်ခဲသောဒေသများမှ စာသင်ကျောင်း ၂၄ ကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ ဆရာမ ၇၃ ဦးအတွက် နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၄၁၇)

စကေဘာ ကိုင်ဆောင်သွားလာသူကို အရေးယူ

ရန်ကုန် ဩဂုတ် ၁၃

ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ရွှေတိဂုံစေတီတော်၏ တောင်ဘက်စောင်းတန်း အလယ်ပစ္စယာစစ်ဆေးရေးဂိတ်တွင် မသင်္ကာဖွယ်လူတစ်ဦးကိုစစ်ဆေးရာ လက်နက်သိမ်းဆည်းရမိကြောင်း သိရသည်။

အရေးယူ

ဖြစ်စဉ်မှာ ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီခွဲက ဒဂုံမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် လှည့်ကင်းတာဝန် ဆောင်ရွက်နေစဉ် ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် ရွှေတိဂုံစေတီတော်၏ တောင်ဘက်စောင်းတန်း အလယ်ပစ္စယာစစ်ဆေးရေးဂိတ်တွင် မသင်္ကာဖွယ်လူတစ်ဦးကို တွေ့ရှိကြောင်း ဂေါပကအဖွဲ့က အကြောင်းကြားခဲ့၍ သွားရောက်စစ်ဆေးရာ အဆိုပါလူမှာ အောင်ကျော်သိန်း၊ ရဲချောင်းဝကျေးရွာ ဒလမြို့နယ်နေသူဖြစ်ကြောင်း သိရပြီး ၎င်းလွယ်ထားသည့် အနက်ရောင်ဘေးလွယ်အိတ်အတွင်းမှ အရိုးအသွား ၁၁ လက်မခန့်ရှိ သုံးမြှောင့်ပုံထိပ်ဦးချွန် စကေဘာ တစ်ချောင်းကို ရှာဖွေတွေ့ရှိရသဖြင့် သိမ်းဆည်းပြီး ဒဂုံမြို့မရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)

မြေညီအမြန်ရောင်းမည်

မြေညီ RC+ ပေါ်(လျှာထိုးခင်း)
တိုက်သစ် (၁၂ ½ ပေ× ပေ၅၀)(H 17ပေ)
၃၆လမ်း(လယ်)၊ ပွဲစားမလို
ဖုန်း-၀၉-၄၂၅၃၀၁၃၆၄

အမည်ပြောင်း

ရန်ကင်းမြို့နေ ဦးထိန်လင်းကြည်၏ သမီး မယွန်းရွှေရည်လင်းအား ယနေ့မှစ၍ မခမ်းလဝန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မခမ်းလဝန်းထက်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဒေါနပတီး၏ P/P No. M-506203 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အကြောင်းကြားပေးပါရန်။

ဦးဒေါနပတီး

ဖုန်း-၀၉-၄၅၀၀၅၃၁၄၄

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုကိုဟိန်း ၆/ပလန(နိုင်) ၀၇၃၃၁၇၏ passport နံပါတ်မမှတ်မိသည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၀၁၃၆၁၅

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မတ်ပဲ၊ ပဲစင်းငုံနှင့်ပဲတီစိမ်း ဈေးနှုန်း ဘုရင့်နောင်ဈေးကွက်၌ မြင့်တက်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန် ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း ဈေးနှုန်းများ ပြည်တွင်းဈေးကွက်တွင် မြင့်တက်လာပြီး ပြည်ပပို့ FOB ပဲဈေးနှုန်းများတွင် မတ်ပဲ FAQ နှင့် SQ ဈေးနှုန်းများပါ မြင့်တက်လာကြောင်း၊ သကြားဈေးနှုန်းများ မြင့်တက်လာပြီး အာလူးနှင့် စားအုန်းဆီဈေးနှုန်းကျကာ ကြက်သွန်နီဈေးနှုန်းများ၊ ငရုတ်ဈေးနှုန်းများ ဈေးငြိမ်နေကြောင်း သိရသည်။

ဩဂုတ် ၁၂ ရက်တွင် မတ်ပဲ (RAW) တစ်ပိဿာ ကျပ် ၈၀၅-၈၁၀ နှုန်း၊ RCတစ်တန် ကျပ် ၅၀၇၅၀၀နှုန်း၊ SQ.RC ကျပ် ၅၆၀၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၅၆၁၀၀၀နှုန်း၊ ပဲတီစိမ်း ပခုက္ကူ ၁၄၅၀ ကျပ်၊ ခရမ်းရွှေဝါ ၁၅၁၅-၁၅၂၀ ကျပ်နှုန်း ရှိကြောင်း၊ ပြည်ပပို့ FOB ပဲဈေးနှုန်းများမှာ မတ်ပဲFAQ တစ်တန် ဒေါ်လာ ၅၃၀-၅၆၀၊ SQ.RCတစ်တန် ဒေါ်လာ ၅၉၀-၆၂၀ နှုန်းဖြစ်ကြောင်း ပဲဈေးနှုန်းများမှ သိရသည်။

မတ်ပဲဈေးနှုန်းများတွင် ဇူလိုင် ၁၂ ရက်က RC တစ်တန် ကျပ်ငါးသိန်း နှုန်းရှိခဲ့ရာမှ ငါးသိန်းအောက်သို့ တစ်လနီးပါးကျဆင်းနေရာ ဇူလိုင် ၃၁ ရက်တွင် ငွေကျပ် ၄၅၆၀၀၀ နှုန်းသို့ ကျဆင်းလာကြောင်း၊ ဒိုင်ပြန်ဖွင့်ရက် ဩဂုတ် ၁၂ ရက်တွင် ကျပ်ငါးသိန်းအထက် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ပြည်ပပို့ ပဲဈေးနှုန်းများတွင် ဩဂုတ် ၁ ရက်က မတ်ပဲ FAQ တစ်တန် ဒေါ်လာ ၄၇၀-၅၀၀ နှုန်း၊ ပဲစင်းငုံနီ FAQ တစ်တန် ဒေါ်လာ ၅၈၀-၆၁၀ နှုန်းရှိရာမှ ဩဂုတ် ၉ ရက်တွင် မတ်ပဲ FAQ တစ်တန် ဒေါ်လာ ၅၁၀-၅၄၀၊ ပဲစင်းငုံနီ FAQ တစ်တန် ဒေါ်လာ ၆၀၀-၆၃၀ရှိကြောင်း၊ ဒိုင်ဖွင့်ရက် ပထမနေ့တွင် မတ်ပဲ FAQ တစ်တန် ဒေါ်လာ ၅၃၀-၅၆၀ နှုန်းသို့ ထပ်မံမြင့်တက်လာသော်လည်း ပဲစင်းငုံနှင့် ပဲတီစိမ်း ပြည်ပပို့ဈေးနှုန်းများ ငြိမ်နေကြောင်း သိရသည်။

ပြည်တွင်းပဲဈေးကွက်တွင် ပဲစင်းငုံနီ RC တစ်တန်လျှင် ဩဂုတ် ၁၀ ရက် ဈေးနှုန်းထက် ငွေကျပ် လေးထောင်၊ ပဲတီစိမ်း ပခုက္ကူ တစ်ပိဿာ တစ်ဆယ့်ငါးကျပ်၊ ခရမ်းရွှေဝါ တစ်ဆယ့်ငါးကျပ် ဈေးတက်ကြောင်း သိရသည်။

ဈေးနှုန်းအမြင့်တွင် ရှိခဲ့သော အောင်ပန်းအာလူး တစ်ပိဿာလျှင် ဩဂုတ် ၁၂ရက်က ငွေကျပ် ၄၂၀-၄၇၀-၄၉၀-၄၅၀ နှုန်းသို့ ကျဆင်းလာကြောင်း၊ ယနေ့တစ်နေ့တည်း အာလူးပိဿာ ၁၂၆၀၀၀ ဝင်ရောက်ကြောင်း၊ ကြက်သွန်နီဈေးနှုန်းမှာလည်း ပိဿာချိန် ၂၅၈၀၀၀ ဝင်ရောက်မှုရှိသော ယနေ့တွင် ယခင်နေ့ဈေးနှုန်းဖြစ်သော ဆိပ်ဖြူအမျိုးအစား တစ်ပိဿာ ငွေကျပ် ၅၇၀-၆၂၀-၆၄၀-၆၆၀ ဈေးနှုန်းဖြင့် ငြိမ်နေကြောင်း၊ ဈေးနှုန်းအမြင့်သို့ ရောက်ရှိနေသော မိုးထောင်ငရုတ် တစ်ပိဿာ ငွေကျပ် ၂၆၅၀-၂၇၀၀ ၊ အအေးခန်း ငရုတ်ရှည်တစ်ပိဿာ ငွေကျပ် ၂၇၀၀၊ ဝါးခယ်မငရုတ်ရှည် တစ်ပိဿာ ငွေကျပ် ၂၃၀၀ ဈေးနှုန်းမှာ ဈေးတန့်သွားကြောင်း သိရသည်။စားအုန်းဆီဈေးနှုန်းမှာ ဩဂုတ် ၁၂ရက်တွင် လက်ငင်း တစ်ပိဿာ ငွေကျပ် ၁၄၈၀နှုန်း၊ ယုဇနကန်ဆီ တစ်ပိဿာ ငွေကျပ် ၁၄၇၀ နှုန်းသာရှိရာ နေ့စဉ်ဈေးကျနေကြောင်း၊ ဩဂုတ် ၁၂ FOB ပြည်ပ တစ်တန် ဆီဈေးနှုန်း ၇၉၅ ဒေါ်လာ၊ ငွေလဲနှုန်း ၉၇၅ ကျပ်ဖြင့် ဆိပ်ကမ်း ရောက်တစ်ပိဿာ(အရင်းဈေး) ၁၅၁၁ ကျပ်ဖြစ်ကြောင်း ဆီဈေးကွက်မှသိရ သည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၃-၈-၂၀၁၃	**ရွှေဈေး**	(အောင်သမာဓိရွှေဆိုင်)
ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၆၅၀၀-၆၅၅၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၆၅၀၀-၆၅၅၆၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

(ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀ - ၉၈၀	ကျပ်
ဥရောပ	တစ်ယူရို	၁၂၇၅ - ၁၃၀၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၀ - ၇၇၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၉၅ - ၃၂. ၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၅ - ၁၆. ၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇ - ၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၈ - ၃၁၆	ကျပ်

စက်သုံးဆီဈေးနှုန်းများ

(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၅၀၀ - ၅၂၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀ - ၃၅၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၈၀၀ - ၆၃၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀ - ၆၅၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀ - ၂၁၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၇၈၀၀ - ၁၈၅၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၅၀၀ - ၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၄၀၀၀ - ၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၈၈၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၃၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၄၈၆
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၇၀-၆၄၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၀၅၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၄၀၀-၄၅၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၃၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၈၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးနှင့်ပြောင်း စိုက်ပျိုးနိုင်ရေးဆောင်ရွက်

ဘားအံ ဩဂုတ် ၁၃

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်မှ ညွှန်ကြားရေးမှူး (မြေအသုံးချရေး) ဒေါက်တာကြည်မြင့်၊ ပြည်နယ်ဦးစီးမှူး ဦးမြင့်ဦးတို့သည် ဩဂုတ် ၅ရက် နံနက် ၈နာရီက ဘားအံမြို့နယ် တရုတ်လှကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် တရုတ်လှကျေးရွာ၊ ကော့ကျိုက်ကျေးရွာတို့မှ တောင်သူများနှင့်တွေ့ဆုံ၍ ပျက်စီးခဲ့သည့် ဧရိယာများတွင် မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့သည်။ ဆက်လက်ပြီး မွန်းလွဲ ၁ နာရီတွင် လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာမှ မိုးစပါးရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးခဲ့သည့် တောင်သူ ၃၁ ဦးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြစ်ရေများ ထူးကဲစွာမြင့်တက်ခဲ့မှုကြောင့် ကရင်ပြည်နယ်အတွင်း မိုးစပါးစိုက်ဧက ၄၁၇၂၆ ဧကနှင့် အစေ့ထုတ်ပြောင်း စိုက်ဧက ၃၁၇၀ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည်။ယခုအချိန်တွင် မြစ်ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်ရာ ဩဂုတ် ၇ ရက်အထိ မိုးစပါးရေကြီးနစ်မြုပ် ဧကများအနက်မှ ပြန်ပေါ်ဧက ၃၇၄၀၂ ဧက၊ ပြန်ပေါ်ရန်ကျန်ရှိဧက ၄၃၂၄ ဧက၊ ထိခိုက်ဧက ၉၄၃၆ ဧကနှင့် ပျက်စီးဧက ၁၅၁၀ ရှိပြီး အစေ့ထုတ်ပြောင်း ရေကြီးနစ်မြုပ်ဧကများ အနက်မှ ၂၇၇၂ ဧကပျက်စီးမှုရှိခဲ့သည်။ မိုးစပါးနှင့် အစေ့ထုတ်ပြောင်း ပျက်စီးသည့်ဧရိယာများတွင် အစားထိုးသီးနှံ အချိန်မီ ပြန်လည်စိုက်ပျိုးသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်စိုက်ပျိုးရေး



စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မုံရွာမြို့၊ အောင်မင်္ဂလာရပ်နေ
ဦးဖုန်းကျော်လွင်-ဒေါ်ခင်မမတို့၏သား
မောင်ကောင်းခန့်ဇော်
နှင့်
မန္တလေးမြို့၊ နန်းမြို့နေ
ဗိုလ်မှူးသိန်းဌေးမောင်-ဒေါ်သီတာသိမ့်တို့၏သမီး
မဆုလှဲ့နန္ဒီ

တို့သည် ၁၁-၈-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် အိုရီယမ်တယ်ဟောက်စ်၌ နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ကောင်းခန့်ဇော်-မဆုလှဲ့နန္ဒီ

**သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်
စိုက်ပျိုး
အလှတိုး**

'ကံကောင်း'
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

အမြန်ရောင်းမည်

မြောက်ဒဂုံ၊ တော်ဝင်အိမ်ရာ၊ သဇင်လမ်း 11-E ပေ(၁၀၀×၁၀၀)ခြံဝင်းအတွင်း၊ နှစ်ထပ် RC ၊ ကြိုးဖုန်း၊ ရေမီးအပြည့်အစုံ၊ ရေကူးကန်ပါ(ညှိနှိုင်းဈေး)။
ဖုန်း-၀၁-၅၇၃၄၃၇၊ ၀၉-၄၉၃၄၄၄၅၂
၀၉-၄၃၀၂၃၆၀၈၊ ၀၉-၇၃၁၇၅၉၃၇

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဆီးဂိမ်းအတွက် ရွှေရောင်ပစ်မှတ် မြန်မာတိုက်ကွမ်ဒိုအဖွဲ့

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-စိုးညွန့်

ကိုရီးယား ကိုယ်ခံပညာ အားကစားနည်းဖြစ်သော တိုက်ကွမ်ဒိုအားကစားနည်းမှာ မြန်မာနိုင်ငံတွင် ရေပန်းစားသော အားကစားနည်းတစ်ခုဖြစ်သလို ဆီးဂိမ်းပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိလာသောအခါ ပိုမိုကျယ်ပြန့်လာခဲ့သည်။ အိုလံပစ်အားကစားနည်းတစ်ခုဖြစ်သောကြောင့် ဆီးဂိမ်းပြိုင်ပွဲတွင် ပုံမှန်ထည့်သွင်းကျင်းပနေကျ အားကစားနည်းဖြစ်ပြီး မြန်မာတိုက်ကွမ်ဒိုအဖွဲ့မှာလည်း အောင်မြင်မှုများ စဉ်ဆက်မပြတ်ရယူလာနိုင်သည်။

အားကစားနည်း၌ အတိုက်ပြိုင်ပွဲနှင့် ကကွက်ပြိုင်ပွဲ နှစ်မျိုးစလုံးကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။ မြန်မာတိုက်ကွမ်ဒိုအဖွဲ့မှာလည်း ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲဖြစ်သောကြောင့် အောင်မြင်မှုရရှိရန် ပိုမိုတာဝန်ရှိနေပေသည်။ ယင်းအတွက်ကြောင့်လည်း မြန်မာတိုက်ကွမ်ဒိုအဖွဲ့မှာ ပြင်ဆင်မှုများ သေချာစွာပြုလုပ်နေပြီး နောက်ဆုံးပြင်ဆင်မှုအဖြစ် တောင်ကိုရီးယားနိုင်ငံတွင် ကာလရှည် သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာတိုက်ကွမ်ဒိုအဖွဲ့မှာ ယင်းပြိုင်ပွဲတွင် ရွှေသုံးခု၊ ငွေကိုးခု၊ ကြေး ၂၆ ခု ဆွတ်ခူးခဲ့ပြီး ဗီယက်နမ်အသင်းက ရွှေတံဆိပ်အများဆုံးရရှိခဲ့သည်။ လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစားနည်းမှ ရွှေ ၂၁ ခု ချီးမြှင့်မည်ဖြစ်ပြီး အတိုက်ပြိုင်ပွဲမှ ၁၆ ခု၊ ကကွက်ပြိုင်ပွဲမှ ငါးခုပါဝင်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်မှုအဖြစ် မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် တောင်ကိုရီးယားနိုင်ငံတွင် နှစ်လကြာ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာတိုက်ကွမ်ဒိုအဖွဲ့တွင် အုပ်ချုပ်သူများအဖြစ် ဦးမြသိန်းနှင့် ဒေါ်ဝါဝါထွန်း၊ နည်းပြချုပ် ဦးကျော်သန်းဦး၊ နည်းပြ ဦးသက်ရှိန်၊ နိုင်ငံခြားသားနည်းပြ မစ္စတာယူအင်ချို၊ မစ္စတာကင်တို့ လိုက်ပါသွားမည်ဖြစ်ပြီး အားကစားသမားများအဖြစ် အတိုက် အမျိုးသား နိုင်နွေးရှိန်၊ အေးချမ်းဝေ၊ ရဲလင်းကျော်၊ ကျော်ဇော်ဟိန်း၊ ကျော်မျိုးထွန်း၊ ဇော်ဇော်၊ အောင်အောင်ဦး၊ အမျိုးသမီး နွေးနွေး၊ အိန္ဒြာအောင်၊ မေစန္ဒာကျော်ဝင်း၊ ဒီဇင်ဘာဦး၊ ဝေမာစိုး၊ မိုးပွင့်ဖြူနှင်းလဲ့ရည်မွန်၊ ရွက်ဝါထွန်း၊ ဗစ်တိုးရီးယား၊ ကကွက် (အမျိုးသား) သော်ဇင်ဟန်၊ ဆန်းရှိန်သက်၊ ချမ်းမြေ့အောင်၊ (အမျိုးသမီး)ယမင်းကေခိုင်၊သက်မြတ်နိုးဝေနှင့် ချောကလျာဝင်းတို့ ပါဝင်ကြသည်။ မြန်မာတိုက်ကွမ်ဒိုအဖွဲ့မှာ ဩဂုတ် ၂၄ ရက် တွင် ထွက်ခွာမည်ဖြစ်ပြီး အောက်တိုဘာလအထိ လေ့ကျင့်သွားမည်ဖြစ်သည်။

မြန်မာတိုက်ကွမ်ဒို ကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

တိုက်ကွမ်ဒိုအားကစားနည်းတွင် အတိုက်နှင့် ကကွက် နှစ်မျိုးရှိပြီး ကကွက်ပြိုင်ပွဲမှာ ၂၀၀၉ ဆီးဂိမ်းပြိုင်ပွဲမှ စတင်ပါဝင်လာခဲ့ခြင်းဖြစ်သည်။ အတိုက်ပြိုင်ပွဲမှာ ကစားသမားတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှု၊ နည်းစနစ်၊ ခံနိုင်ရည်၊ ဖြတ်ထိုးဉာဏ်တို့ကို ပေါင်းစပ်ကာ ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်သည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း တိုက်ကွမ်ဒိုတိုက်ကွမ်ဒိုအဖွဲ့မှာ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် တောင်ကိုရီးယားနည်းပြနှစ်ဦးနှင့် ပြင်းပြင်းထန်ထန်လေ့ကျင့်လျက်ရှိပြီး ဆီးဂိမ်းမတိုင်ခင် နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲကို မေလအတွင်းက နေပြည်တော်တွင် ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံအများစု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မေတ္တာရိပ်မွန်သို့လှူဒါန်း

ရန်ကုန်မြို့ ရှိုင်းဟုပ်ကုမ္ပဏီမှ ဒေါက်တာဒေါ်ခင်ခင်ရီ၏ သမီး ‘ဂူးဂူး’ မွေးနေ့အထိမ်းအမှတ်အဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးဘေးရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ နာယကဗိုလ်မှူးချုပ်အောဘဲလ် (ငြိမ်း)၊ ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့်ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါ်ရီရီမြင့်တို့ လက်ခံရယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ဥပဒေသင်တန်း ပို့ချ

ညောင်လေးပင် ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတွင် ကျင်းပသော တရားစွဲအဖွဲ့အစည်းများအား ဥပဒေအသိပညာပေးသင်တန်းကို ဩဂုတ် ၆ ရက် နံနက် ၈ နာရီက အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်မှူးဦးမျိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းကို မြို့နယ်ဥပဒေအရာရှိ ဦးသူရသင်းဇော်နှင့် မြို့နယ်တရားသူကြီး ဦးကျော်စိန်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကြည်လွင်တို့က အချိန်ပိုင်းအလိုက် ဆွေးနွေးပို့ချခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန သင်တန်းများဖွင့်

ရန်ကုန် ဩဂုတ် ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်သည် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၅၅)၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်း အမှတ်စဉ်(၂၇)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၈၅) ဖွင့်ပွဲအခမ်းအနား၌ သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသူများ၏ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာနှင့် သင်တန်းကျောင်းဝင်းအတွင်း နှစ်ရှည်ပင်၊ ရာသီပင်စိုက်ပျိုးထားမှုများ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းများသို့ သင်တန်းသူ ၈၁ ဦး တက်ရောက်ကြပြီး ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဟာရ ရက်သတ္တပတ်များဖွင့်

ဖလမ်း ဩဂုတ် ၁၁

ချင်းပြည်နယ် ဖလမ်းမြို့ အမျိုးသား အာဟာရ ရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးတင့်က အမှာစကားပြောကြားသည်။ ထို့နောက် အသက်ငါးနှစ်အောက်ကလေးများကို ဗီတာမင်အေတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားတိုက်ကျွေးခြင်းကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက စုပေါင်းတိုက်ကျွေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၈၁

ဒေါ်တင်တင်အေး **နှင့်** မစန္ဒာ(ခ)စန္ဒာမြင့်(ခ)ဝမ်မြန်ဖိန်
တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ မြသီတာလမ်း၊ အမှတ် ၂၀/၁ နေ မစန္ဒာ(ခ)စန္ဒာမြင့်(ခ)ဝမ်မြန်ဖိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း ၂၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ်၂၃ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော်၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၁၀၆၄၊ အကျယ်ပေ(၄၀×၆၀)မြေကွက်နှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်ခွဲတိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ကျော်ဝင်း AG-၃၃၀၇၈၅၊ ၁၂/ကမရ(နိုင်)၀၁၆၈၆၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးဝင်း ၁၂/အစန(နိုင်)၀၂၄၈၄၈ အမှတ် ၇၇/၈၉၊ အခန်း ၃၀၂၊ ၁၈ လမ်းနေထိုင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာရွက်စာတမ်းများဖြင့် ယနေ့မှစ၍ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

နန္ဒကျော်စွာ
အထက်တန်းရှေ့နေ
အမှတ် ၁၆၆၊ သစ္စာလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၃၀၂၃၄၂၅

ပြည်တွင်းသတင်းနှင့်ဒေါ်ဘိုဘာ (ပြည်တွင်းသတင်းနှင့်အားကစား)

ဘာစီလိုနာကစားပုံ ပြောင်းလဲဦးမည်မဟုတ်

ဘာစီလိုနာအသင်း၏ ကစားပုံစတိုင်သည် နည်းပြမာတီနိုလက်ထက်၌ ယခုနှစ်ရာသီအတွင်း အများအပြားပြောင်းလဲဦးမည်မဟုတ်ကြောင်း ဝဲနောက်တန်း ကစားသမား ဂျော်ဒီအယ်လ်ဘာက ပြောသည်။ ဘာစီလိုနာအသင်း၏ ကစားပုံကစားကွက်များနှင့် ပတ်သက်ပြီး ကစားသမားတစ်ဦးသို့မဟုတ် နည်းပြတစ်ဦးအား ပြောင်းလဲပေးနိုင်ဦးမည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။ အာဂျင်တီးနားနည်းပြ မာတီနိုသည် ဘာစီလိုနာအသင်းမတိုင်မီက ဥရောပ၌ မည်သည့်အသင်းကိုမျှ ပုံစံပြောင်းကစားနိုင်ရန် ပြုလုပ်ပေးနိုင်စွမ်းမရှိကြောင်း အယ်လ်ဘာက ပြောသည်။

အာဆင်နယ်တိုက်စစ်မှူး ခရစ္စတယ်ပဲလေ့စ်စာချုပ်

ခရစ္စတယ်ပဲလေ့စ်အသင်းက မော်ရိုကိုတိုက်စစ်မှူး ချာမက်ချ်ကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ အသက် ၂၉ နှစ်အရွယ်ရှိ ချာမက်ချ်သည် ဆေးစစ်ပြီးပါက နံပါတ် ၂၉ အင်္ကျီ ဝတ်ဆင်ကစားရမည်ဖြစ်သည်။ ၎င်းကို ၂၀၁၀ ခုနှစ်က အာဆင်နယ်အသင်းက စာချုပ်ခဲ့သည်။ ၎င်းသည် ဘော်ဒိုးအသင်းမှ အာဆင်နယ်သို့ အလွတ်ပြောင်းရွှေ့လာသူဖြစ်သည်။ ချာမက်ချ်သည် ပထမနှစ်အတွင်း ၁၁ ဂိုးသွင်းယူခဲ့သည်။ နောက်နှစ်ရာသီအတွင်း သုံးဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ ၎င်းကို ဇန်နဝါရီလက ဝက်စ်ဟမ်းသို့ အငှားချထားခဲ့သည်။ သို့သော်လည်း သုံးဂိုးသာသွင်းယူပေးနိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

နေပြည်တော် – ရန်ကုန်ပွဲမှ ဖြစ်ရပ်များအတွက်ပြစ်ဒဏ်များချမှတ်

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-ညီမြတ်သော်တာ

ရန်ကုန် သြဂုတ် ၁၃

၂၀၁၃ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သည့် နေပြည်တော်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ပွဲစဉ်က ရုပ်ဆိုးအကျည်းတန်မှုများဖြင့် ပွဲမပြီးခင် ရပ်နားခဲ့ရသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ယင်းဖြစ်ရပ်များကို စစ်ဆေးပြီးနောက် သြဂုတ် ၁၃ ရက်တွင် ပြစ်ဒဏ်များ ချမှတ်လိုက်ပြီဖြစ်သည်။

နေပြည်တော်-ရန်ကုန်ယူနိုက်တက်ပွဲစဉ်တွင် နှစ်ဖက်ကစားသမားများ ပွဲကစားချိန်အတွင်း အချင်းများခဲ့ကြစဉ်။

MFF စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ပွဲဗီဒီယိုမှတ်တမ်း၊ ဓာတ်ပုံ အထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်း၊ တာဝန်ရှိသူများကို ခေါ်ယူမေးမြန်းခြင်းများ ပြုလုပ်ကာ အောက်ပါပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ အဆိုပါပွဲတွင် အိမ်ရှင်ပရိသတ်များ အလွန်အကျူးအားပေးခဲ့သည့်အပြင် ကွင်းအတွင်းသို့ ဝင်ရောက်ခဲ့သောကြောင့် နေပြည်တော်အသင်းမှာ လာမည့် ၂၀၁၄ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်များကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့် ဆုံးရှုံးခဲ့ပြီး ဝက္ကာသိဒ္ဓိကွင်း ပျက်စီးမှု ကုန်ကျစရိတ်များကို တစ်ဝက်ပေးလျော်ရမည်ဖြစ်သည်။

ထို့ပြင် နှစ်ဖက်အသင်းသားများ ခိုက်ရန် ဖြစ်ပွားမှုတွင် ပါဝင်ခဲ့သော နေပြည်တော်ကစားသမား ခိုင်ထူးမှာ တစ်ရာသီပွဲပယ်ခံရပြီး အမြင့်ဆုံးပြစ်ဒဏ်ဖြစ်ခဲ့သည်။ နေပြည်တော်အသင်းမှ ဇော်လင်းအား ငါးပွဲပယ်နှင့် ဒဏ်ကြေးငွေ ကျပ်ငါးသိန်း၊ တင်ဇော်မိုးနှင့် ဇော်မျိုးဦးအား ငါးပွဲပယ်နှင့် ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းစီ၊ နည်းစနစ် အကြံပေး ဦးမျိုးဝင်းနှင့် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းတို့အား သုံးပွဲ ကွင်းအတွင်း ဝင်ရောက်ကြီးကြပ်ခွင့်မပြုရန်နှင့် ဒဏ်ကြေးငွေကျပ် ငါးသိန်းတို့ ချမှတ်ခဲ့သည်။ ရန်ကုန်ယူနိုက်တက် အသင်းမှ လက်ထောက်နည်းပြ ဦးတင်မောင်ထွန်းအား သုံးပွဲကွင်းအတွင်း ဝင်ရောက်ကြီးကြပ်ခွင့် မပြုရန်နှင့် ဒဏ်ကြေးငွေ ကျပ်ငါးသိန်း၊ ကြည်လင်းအား သုံးပွဲပယ်နှင့် ဒဏ်ကြေးငွေကျပ် ငါးသိန်းတို့ ချမှတ်ခဲ့ကြောင်း သိရသည်။

တောင်အာဖရိကမှ မြင်းကျားနှင့် ကုလားအုတ်တစ်စုံ ရတနာပုံတိရစ္ဆာန်ဥယျာဉ်သို့ရောက်ရှိ

မန္တလေး သြဂုတ် ၁၃

ရတနာပုံ တိရစ္ဆာန်ဥယျာဉ်တွင် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန်အတွက် တောင်အာဖရိကတွင် နေထိုင်ကျက်စားသည့် မြင်းကျားနှင့် ကုလားအုတ်တစ်စုံကို **(အောက်ယာပုံ)** သြဂုတ် ၁၁ ရက် ညပိုင်းက နေပြည်တော်မှ မော်တော်ယာဉ်ဖြင့် သယ်ဆောင်ခဲ့ရာ သြဂုတ် ၁၂ရက် နံနက်ပိုင်းက ရောက်ရှိပြီဖြစ်ကြောင်း ရတနာပုံတိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လတ်က ပြောကြားသည်။

"မြင်းကျားအထီး၊ အမတစ်စုံနဲ့ ကုလားအုတ် အထီး၊ အမတစ်စုံမှာ သက်တမ်းအားဖြင့် နှစ်နှစ်ကျော်ပြီဖြစ်ပါတယ်။ မူလနေထိုင်ကျက်စားသည့် ဒေသနဲ့ မန္တလေးရာသီဥတုက အနီးစပ်ဆုံးတူညီတာကြောင့် ဥယျာဉ်အတွင်းထားရှိရာမှာ အခက်အခဲတော့ မရှိပါဘူး။ မြင်းကျားရဲ့ အဓိကအစားအစာကတော့ မြက်ဖြစ်ပြီး ကုလားအုတ်ရဲ့ အဓိကအစားအစာကတော့ သစ်ရွက်နဲ့မြက်ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

"ဥယျာဉ်သို့ လာရောက်လေ့လာသူများဟာ မိုးရာသီမှာ ကျန်သည့်ရာသီများထက် နည်းပါးပါတယ်။ နေ့စဉ် လူ ၄၀၀၀ မှ ၅၀၀၀ ခန့်လာရောက် လေ့လာလျက်ရှိပြီး နိုင်ငံခြားသားကတော့ နေ့စဉ် ၂၀ မှ ၂၅ ဦးအထိ လာရောက်ပါတယ်။ ဥယျာဉ်အတွင်းမှာ နောက်ထပ် ငှက်ကုလားအုတ်တစ်စုံ ပြသရန်စီစဉ်ထားပြီး ကုန်းနေ၊ ရေနေ ငှက်များ ပြသရန်အတွက် တစ်ဧကကျယ်ဝန်းသည့် ငှက်ခြံတည်ဆောက်ရန် စီစဉ်လျက်ရှိပါတယ်။ ဥယျာဉ်အတွင်းသို့ လာရောက်လေ့လာတဲ့ အဖွဲ့အစည်းများနဲ့ ကျောင်းသားကျောင်းသူ အဖွဲ့အစည်းများကို အခမဲ့ ဝင်ခွင့်ပြုထားပါတယ်။ ဥယျာဉ်အတွင်းမှာ ဝန်ထမ်း ၁၁၅ ဦးက သာယာလှပသန့်ရှင်းအောင် အမြဲဆောင်ရွက်လျက်ရှိပါတယ်" ဟု ၎င်းက ပြောကြားသည်။

ပြသထား

ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၉ ခုနှစ် ဧပြီ ၈ ရက်က ဖွင့်လှစ်ခဲ့သည်။ ဥယျာဉ်အကျယ်မှာ ၅၃ ဒသမ ၂၁ ဧကရှိသည်။ ၂၀၁၀ ခုနှစ် အောက်တိုဘာလတွင် ထူးကူပွဏီမှငှားရမ်းခဲ့ပြီး ဥယျာဉ်အတွင်း ရှားပါးတိရစ္ဆာန်များဖြစ်သည့် တောင်ဆိတ်၊ အောင်လောင်၊ အောက်ချင်းငှက်နှင့် အင်းကျားတို့ကို ဖြည့်စွက်ပြသထားကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)



ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၄၊ သခင်မြလမ်း၊ မြေကွက်အမှတ်-၁၃၀၆(က+ခ)၊ အကျယ်ပေ (၄၀×၆၀)ရှိ ဒေါ်ဘီ အမည်ပေါက် မြေကွက်အား ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဦးအောင်မြင့်ရွှေ TBN-၀၃၂၁၃၂ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလွင် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
အမှတ် ၂၂၂၊ စံပါယ်လမ်း၊ ၂ ရပ်ကွက်၊ ရွှေပြည်သာမြို့။
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၆



ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ကျွန်မ မအိအိဖြိုး ၁၂/ရပသ(နိုင်)၀၅၃၃၇၃ နှင့် ကိုကျော်မျိုးဦး ၁၂/ကမတ(နိုင်)၀၆၀၀၅၁တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁၂-၈-၂၀၁၃ ရက်တွင် ရွှေပြည်သာမြို့နယ်တရားရုံးတော်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း ကြေညာအပ်ပါသည်။

မအိအိဖြိုး ၁၂/ရပသ(နိုင်)၀၅၃၃၇၃

၈-၈-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂၊ ကော်လံ (၁)နှင့် (၂)ပါ NN-International Ltd. မန်နေဂျင်းဒါရိုက်တာ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးကျော်ငြိမ်း(ဖောင်တော်သီ) ဒေါ်ခင်မေသန်းတို့မှ ကြေညာခဲ့သည့် ဖိုင်ဆဲလ်(ခ)ဦးချစ်လှိုင် S/DGNMTT- ၀၀၀၃၇၆ နှင့် အများသိစေရန် ကြေညာချက်မှာ မှန်ကန်မှု လုံးဝမရှိသည့်အတွက် ပြန်လည်ရုပ်သိမ်းပေးရန်နှင့် အများသိစေရန် ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဧယျာသုခလမ်း၊ အမှတ် ၉၀ နေ ဦးချစ်လှိုင် S/DGNMTT-၀၀၀၃၇၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်လှိုင်သည် NN-International Ltd. နှင့် မော်တော်ယာဉ်များ ပြည်ပမှ မှာယူတင်သွင်းခြင်းလုပ်ငန်းအပါအဝင် အခြားမည်သည့်လုပ်ငန်းကိစ္စကိုမျှ ဆောင်ရွက်လုပ်ကိုင်ခဲ့ခြင်း လုံးဝမရှိပါ။ ထို့ကြောင့် NN-International Ltd. ထံမှ ငွေကျပ်သိန်းပေါင်း ၁၀၅၉ သိန်း လက်ခံရယူခဲ့ခြင်း မရှိပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်ခဲ့ခြင်း၊ ငြင်းဆို ပျက်ကွက်ခဲ့ခြင်း၊ အလွဲသုံးစားပြုလုပ်ခဲ့ခြင်းတို့ လုံးဝမရှိပါ။ ကျွန်ုပ်၏ မိတ်ဆွေမှာ Uni Trade Yangon Limited နှင့် ဂျပန်နိုင်ငံမှ Use (Second hand) ကားများကို မြန်မာနိုင်ငံသို့ တင်သွင်းသည့်လုပ်ငန်းအတွက် အကျိုးတူဆောင်ရွက်နေခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေမှာ လူကြီးမင်းတို့ ကုမ္ပဏီနှင့် လုပ်ငန်းဆက်သွယ်မှု ငွေကြေးဆက်သွယ်မှု တစ်စုံတစ်ရာမရှိပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်းတို့ ကုမ္ပဏီထံမှ ငွေကြေးရယူခဲ့ခြင်းမရှိ၍ လူကြီးမင်းတို့ကုမ္ပဏီအား အထောက်အထား ပြုလုပ်ပေးရခြင်း၊ လက်ရေးလက်မှတ်ရေးထိုးပေးခဲ့ရခြင်း မရှိပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေအပေါ် လူကြီးမင်းတို့ ကြေညာခဲ့သည့် ၈-၈-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်အား ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ရုပ်သိမ်းပေးခြင်းမရှိဘဲ မမှန်ကန်သော ဖြစ်စဉ်များအပေါ် အခြေခံ၍ မဟုတ်/မမှန် တရားစွဲဆိုလာပါက ကျွန်ုပ်တို့ဘက်မှလည်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့် အမှန်တရားပေါ်ပေါက်သည်အထိ ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာ ထိခိုက်နစ်နာခဲ့ရခြင်းအပေါ် တရားမကြောင်း၊ ပြစ်မှုကြောင်းတို့အရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စုမွန်နွေးနွေး (LL.M)	**ဒေါ်အေးဖြိုးခိုင်(LL.B)**	**ဒေါ်အေးအေးစန်း(LL.B)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၃၅၅၁၀)	**(စဉ်-၃၁၄၄၁)**	**(စဉ်-၇၆၀၆)**
		ရန်ကင်း(၁)လမ်း၊
		ရိပ်သာရပ်ကွက်၊
		လှည်းကူးမြို့နယ်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မရှိဒုက္ခ ရှိဒုက္ခ

မြန်မာနိုင်ငံတစ်ဝန်း မြို့ပြဒေသကြီးများတွင် ယာဉ်အသွားအလာ များပြားရှုပ်ထွေးလာသည်နှင့်အမျှ လမ်းပိတ်ဆို့ခြင်း၊ ယာဉ်အန္တရာယ်ဖြစ်ပွားခြင်း စသည့်မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်ခဲ့သည်။ ထိုအခါတွင် ဒေသအလိုက် သတင်းမီဒီယာသမားများထံ ပြည်သူလူထုက ရင်ဖွင့် တင်ပြလာသောအခါသတင်းစာ၏ စာမျက်နှာများပေါ်တွင် သတင်းနှင့်ဓာတ်ပုံများ ပါရှိခဲ့သည်။ ဒေသဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များကလည်း သတင်းစာပါရေးသား ဖော်ပြချက်များအပေါ် အလေးထား၍ အရေးယူဆောင်ရွက်ပေးမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် လမ်းဆုံလမ်းခွများတွင် မီးပွိုင့်များ စိုက်ထူလာခဲ့ကြသည်။

မီးပွိုင့်တစ်ခု စိုက်ထူလိုက်တိုင်း ကုန်ကျစရိတ်မှာ မသေးလှပါ။ ကျပ်သိန်း ၆၀ ကျော်မက ကုန်ကျကြောင်း ကြားသိမှတ်သားရဖူးသည်။ မီးပွိုင့်များစွာ တပ်ဆင်ခဲ့သော စာရေးသူတို့ ပဲခူးမြို့တွင် ငွေကြေးတန်ဖိုးကြီးမားစွာ ရင်းနှီးစိုက်ထုတ်ခဲ့ရသော်လည်း ပေါ်ထွန်းလာသော အကျိုးရလဒ်မှာ ရာနှုန်းပြည့်အဆင်မပြေကြောင်း တွေ့မြင်ကြရသည်။ အကြောင်းမှာ မီးပွိုင့်တွင် မီးနီနေပါလျက် ရပ်တန့်ခြင်းမရှိ၊ မီးနီကိုဖြတ်သော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးများစည်းကမ်းမဲ့မှုကြောင့် ယာဉ်အန္တရာယ်မှာ စိုးရိမ်နေရဆဲအနေအထားတွင်ရှိသည်။

မီးပွိုင့်တိုင်းတွင် တာဝန်ကျယာဉ်ထိန်းရဲတပ်ဖွဲ့အတွက်အဆောက်အအုံငယ်တစ်ခု ထည့်သွင်းတည်ဆောက်ထားသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ တာဝန်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသော ယာဉ်များကို ထိန်းကွပ်အရေးယူဆောင်ရွက်ရန်ဖြစ်သည်။ မိုးရွာသည့်အချိန်တွင်အဆောက်အအုံအတွင်း၌လည်းကောင်း၊ မိုးမရွာသည့်အချိန်တွင် လမ်းဆုံလမ်းခွ၌လည်းကောင်းအလှည့်ကျတာဝန်ထမ်းဆောင်ရန် ဖြစ်သည်။ သို့ရာတွင်ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အားနည်းပါးမှုကြောင့် မီးပွိုင့်တိုင်းတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိသည်ကို တွေ့မြင်ရသည်။

စာရေးသူ နေ့စဉ်ဖြတ်သန်းသွားလာနေကျ ဗန္ဓုလလမ်းနှင့် သနပ်ပင်လမ်းဆုံမီးပွိုင့်တွင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်မရှိခြင်းကြောင့် နေ့စဉ်လိုပင်စည်းကမ်းပျက်ယာဉ်များကို တွေ့မြင်နေရသည်။ သတင်းမီဒီယာများ၏ ရေးသားတင်ပြချက် အကျိုးရလဒ်အဖြစ်သက်ဆိုင်ရာက လိုအပ်ချက်ကို ဖြည့်ဆည်းပေးသော်လည်း ရည်ရွယ်ချက်မပြည့်မြောက်လျှင် ဆောင်ရွက်ချက်များသည် အဟောသိကံဖြစ်သွားပါလိမ့်မည်။ အချို့မီးပွိုင့်များတွင်စက်ဘီးနှင့်မော်တော်ဆိုင်ကယ်များသာ မီးနီဖြတ်သော်လည်း သနပ်ပင်လမ်းနှင့်ဗန္ဓုလလမ်းဆုံ မီးပွိုင့်များတွင်ပဲခူးသက္ကလလိုင်းမှခရီးသည်တင်မော်တော်ယာဉ်တစ်စီးပင် မီးနီဖြတ်သည်ကို ကိုယ်တွေ့မျက်မြင်ဖြစ်သည်။ စည်းကမ်းမလိုက်နာသူများကို ထိရောက်စွာ အရေးယူပါမှ ပြည်သူများ စိတ်ချမ်းသာရပါမည်။

အထက်တန်းကျောင်းသားဘဝကမြန်မာစာဘာသာရပ်တွင် ပြဋ္ဌာန်းသည့် မင်းဘူးဆရာတော်ဦးဩဘာသ၏ ဝေဿန္တရာဇာတ်တော်ကြီးပါစာသားတစ်ခုကိုအမှတ်ရနေမိသည်။ မဒ္ဒီဒေဝီ၏ ပြောစကားဖြစ်သည်။ **ဆိပ်ကမ်း၊ ကျွန်းသောင်ရှိလင့်ကစား ရေမရှိသောမြစ်သည် အချည်းအနှီးတည်း။ မောင်တစ်ကျိပ်ပင် ရှိလင့်ကစား လင်မရှိသောမိန်းမသည် အချည်းအနှီးတည်း။** ဟူသော စကားဖြစ်ပါသည်။ စာရေးသူက ဖြည့်စွက်လိုက်ချက်သည်မှာ **မီးပွိုင့်များစွာ တပ်ဆင်ထားပါသော်လည်း ယာဉ်ထိန်းမရှိသော မီးပွိုင့်သည် အချည်းနှီးတည်း** ဟူ၍ဖြစ်ပါသည်။ မီးပွိုင့်အချို့၏ လက်ရှိအခြေအနေမှာ မရှိဒုက္ခ ရှိဒုက္ခ။ မရှိလည်း မကောင်း ရှိလည်း မကောင်း ဖြစ်နေပါကြောင်း---။

စိန်လှိုင်ဗိုလ်

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ထားဝယ် ဩဂုတ် ၁၃

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဇလွန်းကျေးရွာ ဘဝအလင်းရောင်စာကြည့်တိုက်၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူအေးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးဟောပြောသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်မူမူအေး၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးမျိုးဇော်ဦးနှင့်တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

သန်းခေါင်စာရင်း ကောက်ယူရေး ဟောပြော

ချီဖွေ ဩဂုတ် ၁၃

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့ ရစ်လော်ရပ်ကွက် အမှတ်(၁)စစ်ရှောင်စခန်း လော်ဝေါ်ဘုရားကျောင်း၌ ဩဂုတ် ၁၀ ရက် နံနက် ၇ နာရီက ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း ဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဂျီခေါယိန်းက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရာတွင် လိုအပ်ချက်များ ပြည့်စုံနိုင်ရေးအတွက် အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ကသာခရိုင် ပြည်သူ့ဆေးရုံကြီးသို့ မီးစက်တစ်လုံးလှူဒါန်း

ကသာ ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြည်သူ့ဆေးရုံကြီး၏ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းအတွက် လိုအပ်နေသော မီးစက်ကို ကသာမြို့ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကဦးစီး၍ စေတနာရှင် ကသာမြို့သူမြို့သားများက စုပေါင်းလှူဒါန်းခဲ့ကြသည်။

အဆိုပါ အသံငြိမ်မီးစက်တစ်လုံးနှင့် မီးစက်ထားရန် အဆောက်အအုံအတွက် စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ် ၄၈ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

လှအောင်(ကသာ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သင်တန်းသားအိပ်ဆောင်ပေ (၉၀×၂၀) သုံးလုံးအား (၂၈-ဂိတ်)သွပ်ဖြင့် သွပ်မိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၉-၉-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီ။

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်)ဖုန်း-၀၆၄-၂၃၅၈၁၊ ၀၉-၄၀၂၇၃၉၈၀၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၄ခုနှစ်အတွက် ပညာပေးပြက္ခဒိန်၊ အလှပြက္ခဒိန်နှင့် စားပွဲတင်ပြက္ခဒိန်သုံးမျိုးအား ပုံနှိပ်ထုတ်ဝေမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၈-၂၀၁၃ရက် ဖြစ်ပါသည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်မှာ** - ၁၁-၉-၂၀၁၃ရက် မွန်းတည့် ၁၂နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ အဖွဲ့ခွဲ(၃)၊ ရုံးအမှတ်(၁၅)တွင် အမျိုးအစားတစ်ခု ကျပ် ၃၀၀၀ိ/-ဖြင့် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြက္ခဒိန်အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရုံးအမှတ်(၁၅)၊ ဖုန်း-၀၆၇-၄၁၀၀၉၄

စက်မှုဝန်ကြီးဌာန
အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း
စက်ချွတ်ယွင်းမှုများပြုပြင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)ရှိ ချွတ်ယွင်းနေသော အောက်ဖော်ပြပါစက်များကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံပြုပြင်ခြင်း ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	ကြေးရည်ကျို ကြေးချောင်းထုတ်လုပ်မှုအလုပ်ရုံရှိ စက်	၃ လုံး
(ခ)	PVC wire ကြိုးထုတ်လုပ်မှုအလုပ်ရုံရှိ စက်	၃ လုံး
(ဂ)	မာရှိန်ပြောင်းအလုပ်ရုံရှိ စက်	၁ လုံး
(ဃ)	Machine Tools Shop နှင့် Die Making Shop ရှိ စက်	၄ လုံး
(င)	Transformer အလုပ်ရုံရှိ စက်	၃ လုံး

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၃-၈-၂၀၁၃ရက်မှ ၂၇-၈-၂၀၁၃ရက်အထိ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် - ၂၉-၈-၂၀၁၃ရက် ၁၀:၀၀ နာရီ
တင်ဒါစိစစ်မည့်နေရာ - အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)တွင် ၁၃-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၃-၄၂၂၁၃၊ ၀၅၃-၄၂၂၁၄၊ ၀၉-၄၉၅၀၁၂၉၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမှတ်(၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းအမည်	မှတ်ချက်
၂။	(၁) ဌာနများ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း	(၈) လုံး
	(၂) ဆရာ/ဆရာမများအဆောင်မွမ်းမံခြင်း	(၂) လုံး
	(၃) စာသင်ခန်းမ Theatre (၉၅' ×၈၇' ×၂၇')နှင့်	(၂) လုံး
	ပါရဂူဓာတ်ခွဲခန်း (၁၂၀' ×၄၃' ×၁၄')	(၁) လုံး
	အမိုးထုတ်၊ ယောက်၊ ဒိုင်း၊ မျှား၊ မျက်နှာကြက်မွမ်းမံခြင်း	

၂။ **တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ** ၁၀-၉-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၉၂၀၁၀၅၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၁) သတ္တုတွင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို နေပြည်တော်ဂိုဒေါင်အရောက်တန်ဖိုး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က)	Computer & Accessories	၆ စုံ
(ခ)	Colour Printer	၂ ခု
(ဂ)	Wire Binding Machine	၁ ခု
(ဃ)	Cash Counting Machine	၁ ခု
(င)	IT materials for E-Government sector	၄ မျိုး
(စ)	Tyres & Tubes	၉ မျိုး
(ဆ)	Battery	၂ မျိုး
(ဇ)	စာရေးကိရိယာနှင့် လုပ်ငန်းသုံးပစ္စည်းများ	၄၃ မျိုး
(ဈ)	အမျိုးသား/အမျိုးသမီး ဌာနဆိုင်ရာတူညီဝတ်စုံ	၁၄၀ စုံ

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်**မှာ ၁၀-၉-၂၀၁၃ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်အသေးစိတ်အချက်အလက်များကို အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ ပစ္စည်းဝယ်ယူရေးနှင့် ရောင်းချရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၈၃ သို့ ဆက်သွယ်ရယူနိုင်ပါသည်။

ကြမ်းခင်းဈေးတွက်ချက်ရေးနှင့် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၁) သတ္တုတွင်းလုပ်ငန်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားခွဲရုံများတွင် အစားထိုးတပ်ဆင်နိုင်ရန်နှင့် အရန်အဖြစ်ထားရှိရန်အတွက် 12KV Switch gear များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၄-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၂-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာမြို့)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	မှန်ဗီရို (၆'×၃'×၁'-၆")	၃ လုံး
၂။	သစ်သားဗီရို(ကျွန်း) (၆'×၃'×၁'-၆")	၁၄ လုံး
၃။	ကုလားထိုင် (လက်တန်းပါ)	၂၀ လုံး
၄။	ကုလားထိုင် (လက်တန်းမပါ)	၁၃ လုံး
၅။	ပလတ်စတစ်ထိုင်ခုံ (လက်တန်းမပါ)	၂၁ လုံး
၆။	ဖိုင်တင်စင် (၃'×၁'×၃')	၁၁ လုံး
၇။	အရာရှိစားပွဲ (၆'×၄'×၂'-၆")	၃ လုံး
၈။	စားပွဲ (၅'×၃'×၂'-၆")	၂၀ လုံး
၉။	Computer Table	၂၁ လုံး
၁၀။	Stage ခုံ (၈'×၄'×၆")	၁၃ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃၀-၈-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ) ဖုန်း-၀၉-၄၇၀၅၂၈၁၇နှင့် ၀၇၁-၂၄၁၆၃ တို့တွင် စုံစမ်းနိုင်ပါသည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ)

ဖော်လမြိုင်နှင့်ဝန်းကျင်သတင်းများ

ရေဘေးရှောင်ပြည်သူများအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထောက်ပံ့လှူဒါန်း

မော်လမြိုင် ဩဂုတ် ၁၃

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရုံးချုပ်မှ ကာကွယ်ကုသရေး အဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်ထွန်းသည်မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရေဘေးရှောင်ပြည်သူများ ပိုင်ဆိုင်သော ကျွဲ၊နွားနှင့်အိမ်မွေးတိရစ္ဆာန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့ငယ်များခွဲ၍ကျေးရွာအရောက်စေလွှတ်လျက်ရှိရာ ဩဂုတ် ၆ ရက်က အထူးအဖွဲ့ငယ်ခေါင်းဆောင်ဒေါက်တာချစ်သိန်းဦးစီး၍ ကွာင်န်းကျေးရွာရှိ နွားအကောင် ၂၀ ကို ခွာနာ၊ လျှာနာကာကွယ်ဆေးထိုး၍ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အာဟာရကြက်ဥပြုတ် အလုံး ၂၀၀ လှူဒါန်းခဲ့သည်။ ဩဂုတ် ၈ ရက်တွင် အထူးအဖွဲ့ငယ်သည်ဦးလေးကျေးရွာတွင် အခြေပြု၍ ဖွင့်လှစ်ထားသော မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၀ နှင့် ရွာရှိကလေးငယ်၁၂၀အတွက် အာဟာရကြက်ဥပြုတ်အလုံး ၂၀၀ ကျွေးမွေး လှူဒါန်း၍ နွားအကောင် ၉၀ ကို ခွာနာ၊ လျှာနာကာကွယ်ဆေးထိုးခြင်း၊ နွားအကောင်၂၀၀ ကို လည်ချောင်းကွဲ ကာကွယ်ဆေးထိုးခြင်း၊ ဝက်အကောင် ၂၀ ကို ဝမ်းကျကာကွယ်ဆေးထိုးခြင်းများဆောင်ရွက်ပြီး ရေဘေးရှောင် မိသားစုများအတွက် ကြက်ဥအလုံး ၁၈၀၀ထောက်ပံ့ကူညီခဲ့သည်။ ဆက်လက်၍ ကျေးရွာရှိ မွေးမြူရေးသမားများကို ကျွဲ၊နွားရောဂါအကြောင်း၊ ဝက်မွေးမြူရေးပညာပေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သင့်သည့် မွေးမြူရေးလုပ်ငန်းနှင့် တိရစ္ဆာန်အစာ မြက်ချဉ်ဖတ်ပြုလုပ်ခြင်းနှင့် နွားများအတွက် အစာကြိုတင် စုဆောင်းနိုင်ကြောင်း ပညာပေးဆွေးနွေးခဲ့ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် ကျိုက်မရောမြို့နယ် မြို့ကျောင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် ကြက်ဥအလုံး ၃၀၀၊ ကွာင်န်းကျေးရွာ ရေဘေးရှောင်ပြည်သူများအတွက်ကြက်ဥအလုံး ၆၀၀ထောက်ပံ့ကူညီခဲ့သည်။

ဩဂုတ် ၉ ရက်က ဦးလေး မူလတန်းကျောင်းရှိ ကျောင်းသားကျောင်းသူများကို ကိတ်မုန့်နှင့် အာဟာရနို့တိုက်ကျွေးပြီး အာဟာရနို့ ဆက်လက်တိုက်ကျွေးနိုင်ရန် ငွေကျပ် ၁၀၀၀၀ လှူဒါန်းခဲ့ကာ အထူးအဖွဲ့ငယ်အနေဖြင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသော နွားအကောင် ၈၀ ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုး၍ငပြေမကျေးရွာသို့ ကြက်ဥအလုံး ၈၀၀ နှင့် မယ်ခရိုကျေးရွာသို့ ကြက်ဥအလုံး ၈၀၀ထောက်ပံ့ကူညီခဲ့ကြောင်း သိရသည်။ **(လ/၀၁၂)**

လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

မော်လမြိုင် ဩဂုတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ မော်လမြိုင် လူကုန်ကူး တပ်ဖွဲ့စု၊ ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာ၊ မြို့နယ်ဥပဒေနှင့်ပညာရေးဌာနတို့ပူးပေါင်း၍ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်လှက အမှာစကား ပြောကြားပြီး လူကုန်ကူးတပ်ဖွဲ့စုမှူး (မော်လမြိုင်) ရဲအုပ်အောင်ဝင်းက ကလေးသူငယ်များအား လိင်မှုဆိုင်ရာအလွဲသုံးစားမှုနှင့်လူမှောင်ခို လူကုန်ကူးမှုဆိုင်ရာသိကောင်းစရာများအကြောင်းကို ရှင်းလင်းဟောပြောသည်။ ထို့နောက် မော်လမြိုင်မြို့နယ်ဥပဒေအရာရှိ ဒေါ်ဆွေဆွေစိုးက အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ခြင်းနှင့် ဆက်စပ်ဥပဒေများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(လ/၀၁၂)**

ခမ်သင်းချောင်းကူးသစ်သား တံတားကျိုးကျ

မော်လမြိုင် ဩဂုတ် ၁၃

မွန်ပြည်နယ် ရေးမြို့နယ် အာယုတောင်ကျေးရွာအုပ်စုအတွင်းရှိ ဆက်သွယ်ကျေးရွာနှင့် မှိန်စိန်ကျေးရွာသွားလမ်းပေါ်ရှိ ခမ်သင်းချောင်းကူး တံတား ကျိုးကျခဲ့ကြောင်း သိရသည်။

အဆိုပါချောင်းကူးတံတားမှာ ကျေးရွာက ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသည့် ချောင်းကူးတံတားဖြစ်ပြီး အရှည် ၁၄၄ ပေ၊ အကျယ် ၁၂ ပေနှင့် အမြင့် ၁၅ ပေရှိပြီး ၎င်းတံတားပေါ်သို့ လမိုင်းမြို့နယ်ခွဲ သောင်ပြင်ရွာနေ ဦးဟဒွန်းဆိုသူက ထော်လာဂျီဖြင့် နှစ်တင်းဝင် စပါးအိတ် ၁၅ အိတ်ကို ဩဂုတ် ၆ ရက် ညနေ ၆ နာရီခန့်က တင်ဆောင်၍ ဖြတ်ကူးစဉ် တံတား၏ ယာဘက်ရက်မကျိုးကျခဲ့ကာ ထော်လာဂျီမှာလည်း ချောင်းထဲသို့ ပြုတ်ကျသွားခဲ့ကြောင်း သိရသည်။ တံတားကျိုးကျမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ချေ။

အဆိုပါ ကျိုးကျခဲ့သည့်တံတားကို ကျေးရွာသူ၊ ကျေးရွာသားများက ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။ **(လ/၀၁၂)**

သထုံမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

မော်လမြိုင် ဩဂုတ် ၁၃

မွန်ပြည်နယ် သထုံမြို့နယ် ထောင်မျှူးကျေးရွာအုပ်စု သုဓမ္မဝတီ မြို့သစ်(ဂ)ရပ်ကွက် သထုံ-ဘားအံ ကားလမ်း အမှတ် (၄) ရှိ ဦးတိတ်ကြည်၏ (၂၆×၃၀)ပေရှိ သွပ်မိုးပျဉ်ကာ တစ်ထပ်နေအိမ်၌ ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

စုံစမ်းစစ်ဆေး

မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ခဲ့ပြီး လူ၊ တိရစ္ဆာန် ထိခိုက်မှုမရှိခဲ့ပေ။ ပတ်ဝန်းကျင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ငြိမ်းသတ်မှုကြောင့် ညနေ ၃ နာရီတွင် မီးငြိမ်းခဲ့၍ မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **လ/၀၁၂**

မြေကျင်းတူးရာမှ ဗုံးဟောင်းတွေ့ရှိ

မော်လမြိုင် ဩဂုတ် ၁၃

မွန်ပြည်နယ် သံဖြူဇရပ်မြို့ စက်သစ်ရပ်ကွက် သီရိရတနာလမ်း အမှတ်(၂၃)ရှိ ဦးအောင်ဆန်းမြင့်(၆၂နှစ်)သည် နေအိမ်ခြံဝင်းမြေကွက်တွင် ဆိုင်ခန်းဆောက်လုပ်ရန်အတွက် မြေကျင်းတူးစဉ် မြေကြီးအတွင်းမှ အရှည် ၁ ပေ ၁၀ လက်မ၊ လုံးပတ် ၁ ပေ ၇ လက်မ၊ အချင်း ၆ လက်မခန့်ရှိ သံချေးတက် ဗုံးသီးဟောင်းတစ်လုံးကို ဩဂုတ် ၈ ရက် ညနေ ၄ နာရီခွဲခန့်က တွေ့ရှိခဲ့သည်။

အဆိုပါ ဗုံးသီးဟောင်းကို သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြောင်း သိရသည်။ **(လ/၀၁၂)**

တောတောင်ရှိမှ
စမ်းရေရ၏။
တောတောင်
ပျက်ပြုန်း
မြေဆီသုဉ်း၏။

ဗသက(၅၈)သီဟတပ်ခွဲ ကျောင်းဆင်းအရာရှိများသို့ ဖိတ်ကြားလွှာ

ဗသက(၅၈) သီဟတပ်ခွဲ ကျောင်းဆင်းအရာရှိ မိသားစုများ၏ ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့် မိတ်ဆုံညစာစားပွဲအား အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရပ်နီး/ရပ်ဝေးမှ ကျောင်းဆင်းသူငယ်ချင်းအပေါင်း တက်ရောက်နိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ
ဇီဝိတဒါန သံဃာ့ဆေးရုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
၁၆-၈-၂၀၁၃ရက် (သောကြာနေ့)၊ နံနက် ၉း၀၀နာရီ
မိတ်ဆုံညစာစားပွဲ
M3 စားတော်ဆက်၊ ဗဟန်းမြို့နယ်
၁၆-၈-၂၀၁၃ရက်(သောကြာနေ့)၊ ညနေ ၆း၃၀နာရီ
ဆက်သွယ်ရန်- ဦးမြတ်ငြိမ်း ဖုန်း-၀၉-၅၁၁၁၂၃၃၊ ဦးတင့်ဝေ ဖုန်း-၀၉-၄၄၈၀၀၆၈၅၈

ရန်ကုန်မြို့၊ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ဝါတွင်းတရားစခန်း

မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏လက်ရင်းတပည့်များဖြစ်သော ဓမ္မကထိက ဆရာဦးခင်မောင်ရီ၊ ဆရာဦးမောင်အုန်းနှင့် ဆရာဦးသိန်းဆွေ(ရန်ကုန်)တို့က ဓမ္မနုပဿနာ သတိပဋ္ဌာန်တရားတော်များ ဟောပြောပြသလျက် (၁၀၇)ကြိမ်မြောက် ဝါတွင်းတရားစခန်းကို တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ မာဃလမ်း၊ မာဃမွှောရုံတော်ကြီးတွင် ၂၀၁၃ခုနှစ် ဩဂုတ် ၂၂ရက်မှ ၂၈ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်လိုသူများ ၂၁-၈-၂၀၁၃ရက် ညနေ ၅း၃၀နာရီထက်နောက်မကျဘဲ အရောက်လာကြရပါမည်။

အသေးစိတ်သိလိုသူများနှင့် လှူဒါန်းလိုသူများ-ဦးချစ်ရင် နာယက ဖုန်း-၀၉-၅၀၅၂၁၁၅၊ ဦးသန်းစိန် နာယက ဖုန်း-၀၉-၇၃၀၀၀၃၉၃၊ ဦးမောင်အုန်း ဓမ္မကထိက ဖုန်း-၀၉-၄၂၀၀၁၆၃၅၁၊ ဦးခင်မောင်ရီ ဓမ္မကထိက ဖုန်း-၀၉-၇၃၀၆၅၆၈၅၊ ဦးသိန်းဆွေ ဓမ္မကထိက ဖုန်း-၀၉-၅၀၆၃၁၈၄၊ ဦးမြသောင်း ဥက္ကဋ္ဌ ဖုန်း-၂၉၂၀၅၀၊ ဦးညွှန့်လှိုင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၄၆၈၃၈၊ ဦးသန်းလွင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၀၀၁၂၉၊ ဦးစိန်ဝင်း အတွင်းရေးမှူး ဖုန်း-၀၉-၄၉၃၂၆၅၉၃၊ ဦးစိုးဝင်း ဘဏ္ဍာရေးမှူး ဖုန်း-၅၆၄၇၄၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လယ်တီစံမဟာစည်သာသနာ့ရိပ်သာ စုပေါင်းဝါဆိုသင်္ကန်းနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ

မင်္ဂလာဖိုနီဗွာန်ရည်မှန်း၍ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လယ်တီစံမဟာစည်သာသနာ့ရိပ်သာတွင် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် သားစဉ်မြေးဆက် ထာဝရကုသိုလ်အတွက် ဆွမ်းပဒေသာပင် မတည်စိုက်ထူလှူဒါန်းခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဝါဆိုသင်္ကန်းအလှူရှင်များ၊ ဆွမ်းပဒေသာပင် လှူဒါန်းပြီးသော အလှူရှင်များ၊ လှူဒါန်းလိုကြသောအလှူရှင်များ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၃၇၅ခုနှစ် ဝါခေါင်လပြည့်နေ့
၂၁-၈-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)
ကျင်းပမည့်အချိန် - နံနက် ၈း၀၀ နာရီ
ကျင်းပမည့်နေရာ - သုံးထပ်မဂ္ဂင်ကျောင်း(အလယ်ထပ်)

မှတ်ချက်- ထာဝရဆွမ်းပဒေသာပင် တစ်သိန်းနှင့်အထက်အလှူရှင်များကို အခမ်းအနားရှိပါသဖြင့် ကြိုတင်စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

အလှူရှင်အမည်- ဦးဂျင်လှိုင်-ဒေါ်ရှုဝါမိသားစု (ကိုးသုံးလုံးကွမ်းသီးရောင်းဝယ်ရေး) အမှတ်(၄၁)၊ ရေကျော်၊ ပုဇွန်တောင်မှ နံနက် ၆း၀၀နာရီမှ ၈း၀၀နာရီအထိ မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းပါမည်။

သင်္ကန်းတစ်စုံ ၅၀၀၀ိ/ဖြင့် လှူဒါန်းနိုင်ပါသည်။

လယ်တီစံမဟာစည်သာသနာ့ရိပ်သာ၊ အကျိုးတော်ဆောင်အဖွဲ့
ဆက်သွယ်ရန် ဖုန်း-၀၁-၂၀၁၆၃၄

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၇/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-061(2013-2014)	Spares for CAT D 3512 B Engine	(2) Items	US$
(၂)	IFB-062(2013-2014)	Spares for Kenworth Truck Engine	(2) Items	US$
(၃)	IFB-063(2013-2014)	Spares for High Clutch (Ex NAT 80 B Drawwork)	(2) Items	US$
(၄)	IFB-064(2013-2014)	Drill Collar Safety Clamp	(6) Items	US$
(၅)	IFB-065(2013-2014)	Transmission Pump Assy For Komatsu Dozer	(5) Nos	US$
(၆)	IFB-066(2013-2014)	4 1/2" Tri Cone Rock Bits	(2) Items	US$
(၇)	IFB-067(2013-2014)	Stand Line Gate Valves & Accessories	(7) Items	US$
(၈)	IFB-068(2013-2014)	Over Running Clutch & Spares For D3 T2 SR-I & II	(18) Items	US$
(၉)	DMP/L-029(2013-2014)	Heat Shrink Tube and Wire Cable For HDD Rig	(2) Items	Kyat
(၁၀)	DMP/L-030(2013-2014)	Electrical Spares for ZJ 70 L Drilling Rig	(4) Items	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၉-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၃/ကံဘဲ့၊ မြေကွက်အမှတ် ၁/ဒ၊ မြေကွက်တည်နေရာအမှတ် ၁/ဒ၊ သီရိလမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးသာညွှန့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးသာညွှန့်နှင့်ဇနီး ဒေါ်သန်းရင်(ကွယ်လွန်)သဖြင့် (၁) ဒေါက်တာညွှန့်ညွှန့်ရင် ၁၂/ဥကတ(နိုင်)၀၄၆၇၂၄၊ (၂) ဦးညွှန့်သန်းဌေး ၁၂/ဥကတ(နိုင်)၀၄၇၀၈၀၊ (၃) ဒေါ်စုစုယဉ်(ခ)ဒေါ်ညွှန့်ညွှန့်သန်း ၁၂/ဥကတ(နိုင်)၀၀၅၂၀၄၊ (၄) ဒေါ်သန်းသန်းညွှန့် ၁၂/ဥကတ(နိုင်)၀၀၅၂၂၉ (ဒေါက်တာညွှန့်ညွှန့်ရင်မှ ကိုယ်တိုင်နှင့် ကျန်သုံးဦးတို့ထံမှ GP $\frac{၁၅၀၅၆}{၇-၉-၁၂}$ အရ) တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၅-ဘီ၊ မြေကွက်အမှတ် ၂၈ဘီ/၂၊ မြေကွက်တည်နေရာ အမှတ် ၁၁၆/အေ၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ် ဦးညွှန့်အောင်အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် (ဖခင်)ဦးညွှန့်အောင်၊ (မိခင်)ဒေါ်မြင့်မြင့်ကွယ်လွန်သဖြင့် (၁) ဒေါ်သဇင်အောင် ၁၂/ဗဟန(နိုင်)၀၇၀၉၅၈၊ (၂) ဒေါ်လဲ့လဲ့အောင် ၁၂/ဒဂန(နိုင်)၀၂၉၉၂၆၊ (၃) ဒေါ်သီတာအောင် ၁၂/ဗဟန(နိုင်)၀၇၃၃၅၇၊ (၄) ဒေါ်ဥမ္မာအောင် ၁၂/ဗဟန(နိုင်)၀၁၀၁၀၁၊ (၅) ဦးကင်းဝန်အောင် ၁၂/ဗဟန(နိုင်)၀၇၀၀၆၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းပြုလွှာတင်ပြ၍ ဒေါ်လဲ့လဲ့အောင်ထံမှ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီ၊ မြန်မာသံရုံးမှ အထွေထွေကိုယ်စားလှယ်လွှဲစာ GP ၃၂/၂၀၁၂ရရှိသူ ဒေါ်သီတာအောင်နှင့် ကျန်သုံးဦးပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပန္နက်တော်တင် ၁၀၈ နှစ်ပြည့်အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ဗားကရာဘုန်းတော်ကြီးကျောင်းတိုက်များအတွင်း မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်က ပန္နက်တော်တင်မင်္ဂလာပြုခဲ့သော အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရားမှာ ယခု ၁၃၇၅ ခုနှစ် ဝါခေါင်လဆန်း ၁၀ရက် ဩဂုတ် ၁၆ ရက်က ပန္နက်တော်တင်ခဲ့ခြင်း ၁၀၈ နှစ်တင်း တင်းပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်။

ကိုးထပ်ကြီးဘုရား တည်ခဲ့သူ ဘုရားဒါယကာ၊ ဒါယိကာမတို့မှာ ယခုကိုးထပ်ကြီးဘုရားတည်ရာ ကုန်းတော်မြေ၌ ဥယျာဉ်စိုက်ပျိုးခဲ့ကြသော ဦးကြင်-ဒေါ်ငွေဇံ ဇနီးမောင်နှံတို့ပင် ဖြစ်ကြသည်။ တစ်ဖန် ဗားကရာကျောင်းတိုက်ကြီး၏ တတိယမြောက်ဆရာတော် ဘဒ္ဒန္တအာစရ၏ လက်ရင်းတပည့်ဒါယကာ၊ ဒါယိကာမများဖြစ်သည်ဟုလည်း သိရသည်။

ဆရာတော်ကြီးသည် တစ်ညသ၌ ထူးဆန်းသောအိပ်မက်ကို မြင်မက်တော်မူခဲ့ကြောင်း ဦးကြင်နှင့်ဒေါ်ငွေဇံတို့အား ခေါ်၍မိန့်ကြားခဲ့သည်ဟုဆိုသည်။ ၎င်းအိပ်မက်မှာ နေရာတစ်နေရာ၌ ဖားကိုမြွေကအစာအလို့ငှာ လိုက်လာကြောင်း၊ ဤကိုးထပ်ကြီးဘုရားတည်မည့်ကုန်းမြေအရောက်တွင် ဖားသည် တစ်စုံတစ်ခုသော အားကိုးအားထားရသည့်နှယ် မြွေ၏အမြီးကို ကိုက်ဆွဲလိုက်သည့်အတွက် မြွေမှာ ခွေလျက် ပါးပျဉ်းထောင်နေကြောင်း၊ ထိုမှ ဖားသည် မြွေ၏အမြီးကိုလွှတ်ကာ မြွေပေါ်သို့ခုန်တက်၍ မာန်ဖီနေသော်လည်း မြွေမှာ ဖားကိုထပ်မံ ရန်မူခြင်းမရှိကြောင်း ဆိုမိန့်ခဲ့သည်။

ထို့အပြင် ဆရာတော်ကြီးက အိပ်မက်နှင့်ပတ်သက်၍ ရှေးဘုရားရှင်များလက်ထက်က ဇာတ်ကြောင်းများနှင့်ပမာပြု၍ "ဤကုန်းမြေသည် ရန်သူကိုအောင်နိုင်သောနေရာ၊ ရန်ပြေငြိမ်းသောနေရာ၊ ဘူမိနက်သန် အောင်မြေမှန်ဖြစ်သည့်အတွက် ဉာဏ်တော်မြင့်မား၊ ဝင့်ကြွားထည်ဝါ၊ ကြည်ညိုဖွယ်ရာရုပ်ပွားတော်မြတ်ကြီးတစ်ဆူတည်နိုင်မှုကား သူတစ်ပါး၊ မိမိ အလွန်အကျိုးရှိမည်အမှန်ဖြစ်သည်" ဟု မိန့်ကြားတော်မူခဲ့ကြောင်း တန်ဆောင်းတော်အတွင်းမှ မှတ်တမ်းတစ်ခုမှလည်းမှတ်သားခဲ့ရသည်။

ဆရာတော်ကြီး၏ မိန့်ကြားမှုကို နှလုံးသားနားဖြင့်နာယူခဲ့ရသော ဘုရားဒါယကာကြီးဖြစ်မည့် ဦးကြင်မှာ ကုန်းမြေပေါ်၌ ဘုရားတစ်ဆူတည်ရန်

ဆန္ဒများပြင်းပြခဲ့ကြောင်း သိရသည်။

တစ်နေ့သောလပြည့်၌ ဇနီးမောင်နှံနှစ်ဦး တဲအတွင်းပုတီးစိပ် အဓိဋ္ဌာန်ဝင်နေစဉ် ဖားတစ်ကောင်၏အော်သံကြောင့် နားမခံသာ၍အာရုံပျက်ခဲ့ရသည်။ အနီးရှိ လုပ်သားတစ်ဦးကိုခေါ်၍ အသံပျောက်အောင် ခြောက်လှန့်ခိုင်းသော်လည်း ဘုရားတည်မည့် ကုန်းမြေအတွင်းဝင်ရောက်ကာ ပိုမိုကျယ်လောင်သောအသံပြုနေသည်ဟု သိရသည်။

နားမခံသာလွန်းသည့်အတွက် လုပ်သားနှင့် ကုန်းမြေကိုဖြိုဖျက်ခဲ့ရာ ဖားသံပျောက်ပြီး လုံးပတ်နှစ်ထွာခန့်ရှိ မြွေဟောက်ကြီးတစ်ကောင်မှာ ခွေလျက်ပါးပျဉ်းထောင်မာန်ဖီလျက်ရှိနေသည်ကိုတွေ့ခဲ့ရသည်ဟု မှတ်တမ်းအရ သိရသည်။

ဦးကြင်က မေတ္တာပို့မန္တန်များရွတ်ဖတ်မှ မြွေကြီးမှာ ပျောက်ကွယ်သွားသည်ဟု သိရသည်။ ဆရာတော်ကြီး၏ အိပ်မက်နှင့်လည်းတိုက်တိုက်ဆိုင်ဆိုင်ထူးခြားလွန်းသည့်အတွက် ကုန်းမြေကို ဆက်လက်တူးခဲ့ရာ အနက်တစ်တောင်ခန့်၌ ရွှေချောင်းများအပြည့်ပါသည့် ခြောက်လက်မခန့်ရှည်လျားသော ကျွန်းသေတ္တာတစ်လုံးကို တွေ့ခဲ့ရသည်ဟု ကမ္ပည်းကျောက်စာအရ သိရသည်။

ရွှေချောင်းများရပြီး ဘုရားတည်ရန်ကြိုးစားစဉ် တည်ဆောက်မှုအတတ်ပညာအတွက် အခက်အခဲနှင့်ကြုံတွေ့နေခိုက် မည်သည့်အရပ်ကဟူ၍ သိခွင့်မရသော ဆရာတော်တစ်ပါးနှင့်အတတ်ပညာရှင်လူပုဂ္ဂိုလ်သုံးဦးတို့က ရုတ်တရက်ပေါ်လာပြီး အဖိုးအခလုံးဝမယူဘဲ ဘုရားကြီးပြီးသည်အထိ ကုသိုလ်ပြုပါဝင်ခဲ့သည်ဟုလည်း မှတ်တမ်း၌ အံ့ဩဖွယ်ဖတ်ရှုခဲ့ရသည်။

ဘုရားကြီးတည်ဆောက်ပြီးနောက် နိမိတ်ပေးခဲ့သောမြွေနှင့်ဖားရုပ်တုကြီးနှစ်ခုကိုလည်း ဘုရားကြီး ဘယ်ညာတစ်ဖက်တစ်ချက်တွင် ပုံဖော်တည်ထားပေးခဲ့သည်။

ဘုရားကြီးမှာ အောက်ခြေပလ္လင်တော်မှ အပေါ်မုနိအထိ ဉာဏ်တော်အမြင့်၇၂ပေ၊ အထိုင်သင်္ကန်းတော်နှစ်ဖက်အစွန်းအထိ ၅၄ပေရှိသည်။ ဂန္ဓကုဋိတိုက်မှာလည်းအလင်းရောင်နှင့်လေဝင်လေထွက်အလွန်ပင်ကောင်းသည်။

ဘုရားကြီးအား ဗားကရာတိုက်မှ ဆရာတော်ကြီးကိုးပါး၏ ဩဝါဒကိုခံယူလျက် အနောက်ပိုင်းခရိုင်၊ ထို့နောက် စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံမြို့နယ်တို့က တာဝန်ရှိသူများနှင့် ညှိနှိုင်းတိုင်ပင်ကာ ဂေါပကအဖွဲ့အဆင့်ဆင့်က ထိန်းသိမ်းစောင့်ရှောက်မွမ်းမံမှုများ ပြုလုပ်ခဲ့ကြသည်။

ဘုရားကြီး၏ ဝေယျာဝစ္စကုသိုလ်နှင့်ထိန်းသိမ်းစောင့်ရှောက်မှုတို့ကို ထပ်မံအားဖြည့်သောအားဖြင့် ကိုးပါးသောဩဝါဒါစရိယဆရာတော်ကြီးများ၏ ဆန္ဒနှင့်အညီ ဦးထွန်းနိုင်၊ ဦးဇော်လွင်ထွန်း၊ ဦးလှမြင့်၊ ဦးကျော်ဝင်း၊ ဦးတင်ဝင်း(တင်ဝင်းလေးကြည့်မြင်တိုင်)တို့က ဂေါပကအဖွဲ့ဝင်အဖြစ် ထပ်လောင်းအားဖြည့်ပေးခဲ့သည်။

ဘုရားကြီး၏ ပန္နက်တော်တင် ၁၀၈ နှစ်ပြည့်အခမ်းအနားနှင့်သက်တော် ၁၀၉ နှစ်ရောက် သပိတ်တော်၁၀၉လုံး ဆက်ကပ်လှူဒါန်းပွဲများနှင့်အတူ ဝါခေါင်လဆန်း ၅ ရက် (ဩဂုတ် ၁၁ ရက်) ည ၈ နာရီမှ စတင်ကာ မွေးနေ့တော်ဖြစ်သော ဝါခေါင်လဆန်း ၁၀ ရက် (ဩဂုတ် ၁၆ ရက်) နံနက် ၉ နာရီအထိ ၁၀၉ နာရီပြည့် အသံမစဲမဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲကို ဘုရားကြီးရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း. . .။ ။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

အိတ်ဖွင့်လေလံတင်အရောင်းကြော်ငြာ

၁။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်ပိုင် (ဘ/၇၁၅၉) အီဇူဇူးဘတ်(စ်) ခရီးသည်တင်မော်တော်ယာဉ်အား ၂၃-၈-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီ၌ ပေါက်ခေါင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်ရုံးခန်းတွင် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ (ဘ/၇၁၅၉) မော်တော်ယာဉ်အား ပဲခူးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်လီမိတက်၊ တပ်မ(၇၇)လမ်း၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပေါက်ခေါင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် ပေါက်ခေါင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်တို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်လေလံတင်ရောင်းချရေးအဖွဲ့
ဖုန်း-၀၅၃-၄၅၀၂၃၊၀၉-၄၂၃၆၆၆၅၇၂

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဉာဏ-၅၃၂-ဘီ/၅၊ မြေကွက်အမှတ် ၁၃၇/၁၃၈/၁၃၉/၁၄၀၊ ဧရိယာခန့်မှန်းခြေ (၁၇၇'/၁၄၅' × ၁၆၃'/၁၇၀')ရှိ ပါမစ်မြေကွက်ကို အမည်ပေါက်ပိုင်ရှင် ဦးအောင်ကျော်ဦး ၁၂/ရကန(နိုင်)၀၀၉၄၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်ဝင်းမြင့် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)
အမှတ် ၁၆၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၂၀၈၅၈

ကန့်ကွက်ရန်ကြော်ငြာ

မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အထူးဇုန်(၁) (င) ၆ လမ်းရှိ အကွက်အမှတ် A-၁၃၊ ၁၄ စိုက်ပျိုးမွေးမြူရေး (၂)ယူနစ် (၁၀)ဧကအား မူလလုပ်ကိုင်ခွင့်အမည်ပေါက်သူ ဦးလှစိုး၊ ဒေါ်ခင်မျိုးသူတို့ထံမှ ကျွန်မ ဒေါ်မြင့်မြင့်လတ် ၁၃/လလန(နိုင်)၀၃၅၃၉၆မှ ဝယ်ယူ၍ ဆက်လက်လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုအခါ မိမိ၏အမည်ပေါက်သို့ ပြောင်းလဲခွင့်ပြုပေးရန် တိုင်းဒေသကြီးအစိုးရရုံးသို့ လျှောက်ထားမည်ဖြစ်ပါ၏။ ကန့်ကွက်ရန်ရှိပါက အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အောက်ပါလိပ်စာသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ဦးကျော်သန်း ဥက္ကဋ္ဌ ဇုန်(၁)စီမံ ဖုန်း-၀၉-၅၀၂၄၂၇၅
ဒေါ်မြင့်မြင့်လတ် ဖုန်း-၀၉-၅၁၇၉၆၀၅

တိုက်ခန်းအားအပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၈)လမ်း၊ အမှတ်-၆၆ (A4)၊ ဒုတိယထပ်၊ ပေ(၁၂½×၅၀)အခန်းနှင့် အကျိုးခံစားခွင့်များအား တရားဝင်ပိုင်ဆိုင်သူ ဒေါ်တင်တင်လှ ၁၂/မရက(နိုင်)၁၁၄၅၆၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ၂၅-၇-၂၀၁၃ရက်တွင် ကာလတန်ဖိုးငွေပေးချေကာ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးတင်အောင်ကြည်(တောင်သုံးလုံး) (စဉ်-၃၀၇၂၂)
ဒေါ်မျိုးရီဇာမွန်(မြောင်းမြ) (စဉ်-၃၅၈၇၃) ဒေါ်စုမြတ်မွန် (စဉ်-၄၀၅၃၇)
အထက်တန်းရှေ့နေများ
အမှတ်-၇၊ မြေညီထပ်၊ ၃၃လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၃၁၈၁၀၊ ၀၉-၄၂၀၀၁၈၇၃၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ၁၄ ရပ်ကွက်၊ မြေကွက်အမှတ်(၃၃၇) ဟုခေါ်တွင်သော အလျားပေ ၄၀၊ အနံပေ ၆၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင် အမည်ပေါက်သော ဦးသောင်းဟန် LPN-၀၉၂၆၅၁မှတစ်ဆင့် ယခုတရားဝင်ပိုင်ဆိုင်သော ဒေါ်ကေသီနွယ် ၅/ယမပ(နိုင်)၀၀၆၄၀၈ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သုံးရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်မျိုးဇော် ၁၂/လမတ(နိုင်)၀၀၁၂၉၂
ဖုန်း-၇၃၂၂၄၀၇၀၊ ၅၄၁၀၀၅၆

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ် ၅၅၂၊ မြေကွက်တည်နေရာအမှတ် ၅၅၂၊ အလင်းရောင်လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးစိုးသွင်၊ ဦးချစ်ကြီးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးချစ်ကြီး(ဖခင်)နှင့် ဒေါ်ရီ(မိခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်အုန်းမြင့် ၁၂/ဒပန(နိုင်)၀၃၃၈၀၁ ကိုယ်စား GP ၂၂၉၇/၂၀၁၃ / ၈-၂-၁၃ ရရှိသူ ဒေါ်ခင်မျိုးတင့် ၁၂/သခန(နိုင်)၀၀၁၈၂၁နှင့် ကျန်ပူးတွဲအမည်ပေါက် ဦးစိုးသွင် TA-၀၇၁၆၄၃နှင့်အတူ ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ကံဘဲ့၊ မြေကွက်အမှတ် ၁၁၇/မ+သရ/မ၂A၊ မြေကွက်တည်နေရာအမှတ် ၄၊ အဝေရာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးစိုးမြင့်၊ ဒေါ်ခင်မျိုးမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစိုးမြင့် ၁၂/ရကန(နိုင်)၀၅၅၅၄၂ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်မျိုးမြင့် ၁၂/ရကန(နိုင်)၀၅၄၅၈၄က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

မှုခင်းသတင်းနှင့်ကြော်ငြာ

ဆင်ဆာမဲ့အခွေများ သိမ်းဆည်းရမိ

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ (၂) မှတပ်ဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ သက်သေများနှင့်အတူ ဩဂုတ် ၁၀ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က မြောက်ဥက္ကလာပမြို့နယ်(ခ)ရပ်ကွက်ရှိ တင်ဝင်း(ခ)မိုဟာမတ် အလီ၏ ဗွီစီဒီခွေအရောင်းဆိုင်ကို ဝင်ရောက်ရှာဖွေရာ ဆင်ဆာမဲ့နိုင်ငံခြားဇာတ်လမ်း ဒီဗွီဒီ၊ ဗွီစီဒီမျိုးစုံ ၁၇၉၅ ခွေ၊ ဆင်ဆာမဲ့မြန်မာသီချင်းအငြိမ့်၊ ကာတွန်း၊ တရားခွေ၊ ဒီဗွီဒီ၊ ဗွီစီဒီမျိုးစုံ အခွေ၄၀၀ နှင့် ဆင်ဆာမဲ့အခွေများ ရောင်းရငွေကျပ် ၄၇၉၀၀ နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေ၄ နာရီ ၁၅ မိနစ်က အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ လှိုင်မြို့နယ် (၁၀) ရပ်ကွက် ကန်လမ်းတွင် ဆင်ဆာမဲ့ ညစ်ညမ်းခွေများ ရောင်းချနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ ၎င်းနေရာ၌ အောင်ကိုဟိန်း(ခ)သရဲ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်နေသူအား ဆင်ဆာမဲ့ မြန်မာသီချင်းဒီဗွီဒီခွေ ၉၀၊ နိုင်ငံခြားဇာတ်လမ်းတွဲ ဒီဗွီဒီခွေ ၉၂၀၊ EVD စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ အခွေရောင်းရ ငွေကျပ် ၄၆၅၀ တို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိသဖြင့် လှိုင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

လည်ပင်းတွင် ဝိုင်ယာကြိုးပတ်ထားပြီး ထိုင်လျက် အနေအထားဖြင့် သေဆုံး

ရန်ကုန် ဩဂုတ် ၁၃

အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ဩဂုတ် ၉ရက် ည၇နာရီခွဲခန့်က လူသေအလောင်းတစ်လောင်းရောက်လာခဲ့သည်။ သေဆုံးသူမှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်မြို့သစ်(က-ခ)ရပ်ကွက် က-၅ လမ်းနေ မောင်သိန်းဇော်(၂၉နှစ်)ဖြစ်ပြီး ၎င်း၏လည်ပင်းတွင်ဝိုင်ယာကြိုးပတ်ထားကာ ထိုင်လျက်အနေအထားဖြင့် သေဆုံးနေကြောင်း ရာအိမ်မှူးက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အကြောင်းကြားသဖြင့် အင်းစိန်ရဲစခန်းသို့ ဆက်လက် အကြောင်းကြားခဲ့သည်။ ရဲစခန်းမှ ဒုရဲအုပ်ရဲမြင့်နှင့်နယ်ထိန်း တပ်ကြပ်အောင်ဇော်လင်းတို့ရောက်ရှိလာပြီး အလောင်းကို စစ်ဆေး၍ အင်းစိန်ဆေးရုံသို့ပို့ကာ ရဲစခန်းက သေမှုသေခင်းဖွင့် အရေးယူထားကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

ရထားလမ်းပေါ် အိပ်ပျော်နေသူ ရထားကြိတ်သေဆုံး

ရေကြည် ဩဂုတ် ၁၃

ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဩဂုတ် ၈ ရက် နံနက် ၄ နာရီ ၅၅ မိနစ်က ရထားကြိတ်၍ သေဆုံးသူ အမျိုးသားတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ရေကြည်ရဲစခန်းမှ ဒုရဲအုပ်ဝင်းနိုင်ဦးနှင့်အဖွဲ့သည် အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရေကြည်မြို့နယ် ကွင်းကြီးရွာနေသူ မောင်နှင်း အသက်(၂၅နှစ်)သည် ရထားသံလမ်းပေါ်၌ အိပ်ပျော်နေခြင်းကြောင့် ၎င်း၏ဦးခေါင်းကို ရထားကြိတ်မိရာမှ သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုကို ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် ရေကြည်ရဲစခန်းက စစ်ဆေးလျက်ရှိကြောင်းသိရသည်။ **ပုသိမ်လုကြည်**

အချစ်ရှာကေတီဗွီအပေါ်ထပ် ဝန်ထမ်းဆောင် မီးလောင်မှုဖြစ်ပွား

မန္တလေး ဩဂုတ် ၁၃

မန္တလေး ချမ်းအေးသာစံမြို့နယ် ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ၇၇လမ်းနှင့် ၇၈ လမ်းကြား ဇောတိကလမ်းထောင့်ရှိ ဦးသိန်းဝင်းပိုင်သော အချစ်ရှာကေတီဗွီအပေါ်ထပ် ဝန်ထမ်းဆောင်၌ ဩဂုတ် ၁၁ ရက် ညနေ ၅ နာရီ ၅ မိနစ်က မီးလောင်မှုဖြစ်ပွားရာ **(အပေါ်ပုံ)** ညနေ ၅ နာရီ ၁၂ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါ ကေတီဗွီအပေါ်ထပ် ဝန်ထမ်းများနေထိုင်သော အဆောင်၌ ဖယောင်းတိုင်မီးထွန်းရာမှ စတင်လောင်ကျွမ်းခဲ့ရာ အဆောင်အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ နှင့် မီးသတ်ယာဉ် ၁၅ စီး လာရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

သာကေတမြို့နယ်တွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၁၃

သာကေတမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က သုမနလမ်းထောင့်၌ စောင့်ဆိုင်းနေစဉ် ကျော်ထွန်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်နေသူကို တွေ့ရှိရှာဖွေရာ ၎င်း၏ခန္ဓာကိုယ် ဝဲဘက်ချိုင်းကြားအတွင်း၌ ညှပ်လျက် ဂျာနယ်စက္ကူဖြင့် ထုပ်ထားသော ဆေးခြောက်ဟုယူဆရသည့် အရွက်ခြောက်အလေးချိန် ၅ ဒသမ ၇ ဂရမ်တစ်ထုပ်ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့်သာကေတမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ဆည်ကန်အတွင်း ဆင်းသူ ရေနစ်သေဆုံး

တောင်သာ ဩဂုတ် ၁၃

တောင်သာမြို့ မကျီးပင်တဲကျေးရွာတွင် ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က ရေနစ်သေဆုံးကြောင်း သတင်းရရှိ၍ တောင်သာရဲစခန်းမှ ဒုရဲအုပ်သန်းစိုးဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ မကျီးပင်တဲကျေးရွာနေ ဦးပျော်၏သားဖြစ်သူ မောင်အောင်သန်းမြင့်သည် ရွာအရှေ့ဘက်ရှိ တမာပင်ရိုးဆည်အနောက်ဘက်ကမ်းဘေးတွင် အရက်သောက်ပြီး ငါးမျှားနေစဉ် အရှေ့ဘက်ကမ်းရှိ အဖော်ဖြစ်သူ မောင်ဇော်သူလင်းအား ၎င်း၏ယောက်ဖဖြစ်သူ မောင်အောင်ကိုမြင့်တဲသို့ သွားမည်ဟု အော်ပြောကာ ဆည်ကန်အတွင်း ဦးတည်သွားနေပြီး ရေထဲပြုတ်ကျခဲ့ရာ ပြန်ပေါ်မလာဘဲသေဆုံးသွားခဲ့ကြောင်း သိရသည်။

ယင်းသေဆုံးမှုနှင့်ပတ်သက်၍ တောင်သာရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **လင်းလက်ကြယ်(တောင်သာ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကြော်ငြာစာအမှတ်(၁/၂၀၁၃)

လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်လက်အောက်ရှိ တရားရုံးအသီးသီးတွင် လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀ ရရှိသော တရားရေးဝန်ထမ်းအဆင့်(၄) (ဒုတိယမြို့နယ် တရားသူကြီးအဆင့်) ရာထူးနေရာများ လစ်လပ်လျက်ရှိသဖြင့် တရားရေးဝန်ထမ်းအဆင့်(၄) (ဒုတိယမြို့နယ်တရားသူကြီးအဆင့်) ရာထူးနေရာကို လျှောက်ထားလိုသူများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) အနိမ့်ဆုံးဥပဒေဘွဲ့(အယ်လ်အယ်လ်ဘီဘွဲ့)ရရှိပြီးသူ ဖြစ်ရမည်။
(ဂ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဃ) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူ ဖြစ်ရမည်။
(င) ၂၀၁၃ခုနှစ် ဇွန် ၃၀ရက်တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၀)ထက်မကြီးသူ ဖြစ်ရမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်လေးခုကို ဖြေဆိုရမည်-

(က) မြန်မာစာ
(ခ) အင်္ဂလိပ်စာ
(ဂ) အထွေထွေဗဟုသုတ
(ဃ) ဥပဒေဘာသာရပ်များ
(ပြစ်မှုဆိုင်ရာဥပဒေများ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ အထူးနှင့် အထွေထွေဥပဒေ၊တရားမကျင့်ထုံးဥပဒေ၊သက်သေခံဥပဒေ၊ ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ)

၄။ စာမေးပွဲအစီအစဉ်ကို သတင်းစာများ၌ ထပ်မံကြေညာမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ပြုမည်။

၅။ စာမေးပွဲဝင်ကြေးငွေ ၅၀၀ိ/-(ကျပ်ငါးရာတိတိ)ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ လက်ထောက်အထွေထွေမန်နေဂျာ၊ နေပြည်တော်ဘဏ်ခွဲ(အမ်ဒီ-၀၁၀၂၅၉)သို့ ပေးသွင်းရပါမည်။ (သို့မဟုတ်) နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် အမ်ဒီ-၀၁၀၂၅၉ သို့လည်း ပေးသွင်းနိုင်ပါသည်။

၆။ လျှောက်လွှာတွင် လိပ်စာအပြည့်အစုံ(စာတိုက်အမည်ပါ) ဖော်ပြပါလျှောက်လွှာနှင့်အတူ-

(က) ဝင်ကြေးငွေပေးသွင်းသည့် ငွေသွင်းပြေစာ လက်ခံမှုရင်း (သို့မဟုတ်) ချလန်မူရင်း၊
(ခ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်
(ဂ) အမှတ်စာရင်းမိတ္တူမှန်
(ဃ) အသက်အတွက် တက္ကသိုလ်ဝင်လက်မှတ်(သို့မဟုတ်) အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန်
(င) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်နှင့် ဓာတ်ပုံတစ်ပုံ
(စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိတစ်ဦးထံမှ ၁-၈-၂၀၁၃ ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
(ဆ) ဝန်ထမ်းမဟုတ်သူများအတွက်
အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်တို့ ပူးတွဲပါရှိရမည်။

၇။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် ဆေးအဆင့်နှင့် ပြည့်စုံကြောင်း ဆေးလက်မှတ်တင်ပြနိုင်ရမည်။

၈။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ စာမေးပွဲဝင်ကြေးငွေ ပေးသွင်းပြီးဖြစ်ကြောင်း ဘဏ်ငွေလွှဲလက်မှတ် (သို့မဟုတ်) ချလန်ကိုပြသ၍ တစ်စောင်လျှင် ၁၀၀ိ/-နှုန်းဖြင့် ဝန်ထမ်းများ နှစ်စောင်နှင့် ဝန်ထမ်းမဟုတ်သူများ တစ်စောင် ဝယ်ယူဖြည့်သွင်း လျှောက်ထားရပါမည်။

၉။ (က) ဝန်ထမ်းများသည် လျှောက်လွှာတစ်စောင်ကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များတွင် ၂၀၁၃ခုနှစ် စက်တင်ဘာ ၁၆ရက်အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။ ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့တာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာအကြီးအကဲမှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ကြိုတင်ပေးပို့ရန် ဖြစ်သည်။
(ခ) ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များတွင် ၂၀၁၃ခုနှစ် စက်တင်ဘာ ၁၆ရက်အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၁၀။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး (၇)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်သော်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပိုင်ရှင်ကိုယ်တိုင် မြေကွက်အမြန်ရောင်းမည်

မ/ဒဂုံ၊(၃၆)ရပ်ကွက်၊ (၄၅ပေ×ပေ၆၀)၊ မြေကွက်သီးသန့်၊ အရှေ့လှည့်၊ နေရာကောင်း၊ ဂရန်။ (အရှုပ်အရှင်းကင်း)၊ ရောင်းဈေး ကျပ်သိန်း-၆၈၀။

ဖုန်း-၀၉-၇၃၂၃၅၁၈၈၊ ၀၉-၄၂၀၁၄၁၇၆၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း(တောင်)၊ အထက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၁၁၃၊ သုံးလွှာ(ဒုတိယထပ်)၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတည်ရှိရာ အလျား(၃၂ပေ×အနံ ၄၅ပေ)အကျယ်ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ ဦးကံမြင့် ၁၂/ကမတ(နိုင်)၀၃၀၆၅၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်လွင် (စဉ်-၇၀၉၇) **ဦးနိုင်ဝင်း (စဉ်-၃၁၁၁၁)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
အမှတ် ၂၇/ဘီ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင်ဌေး ၁၂/ဗဟန(နိုင်)၀၂၅၆၇၇သည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ မြေတိုင်းအမှတ် 4-E၊ မြေကွက်အမှတ် ၄၃၊ နတ်စင်လမ်း၊ အမှတ် ၈ဟုခေါ်တွင်သည့် ပေ(၂၅×၅၀)ကျယ်သောမြေနှင့် မြေပေါ်ရှိ ပထမထပ်(ညာ) ပေ(၁၂½× ၅၀)ကျယ်သောတိုက်ခန်း အကျိုးခံစားခွင့်များကို ဒေါ်ရတနာ ၁၂/တမန(နိုင်)၀၅၇၈၈၄ထံသို့ စရန်ငွေ သိန်းတစ်ရာ့ကိုးဆယ်ကျပ် ပေးချေဝယ်ယူထားပြီးဖြစ်ပါ၍ ထိုမြေ/တိုက်ခန်း၌ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံစွာ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

ဒေါ်ရတနာခိုင်ဖြူမြင့် LL.B
အထက်တန်းရှေ့နေ (စဉ်-၂၈၃၂၆)
ဖုန်း-၀၉-၇၃၀၉၆၁၈၀၊ ၀၉-၃၁၆၃၅၉၂၄

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပျက်စီးနေသော မီးသတ်ရေကန်ပြန်လည်ပြုပြင်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ အမှတ် ၁၂ ရပ်ကွက်နှင့် ၁၃ ရပ်ကွက်ရှိ ရေဂါလန် ၃၀၀၀ ဆံ့ မီးဘေးကြိုတင်ကာကွယ်ရေး အထောက်အကူပြုမီးသတ်ရေကန်နှစ်ကန်အား ဩဂုတ် ၁၀ရက် နံနက်က ဆောင်ရွက်ရာ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးဉက္ကဋ္ဌမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုကြီး၊ မြို့နယ်နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သန္ဓေရဲဘော်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူးဦးမျိုးမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၃)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တာနှင့် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့က ရေကန်အတွင်းရှိ အမှိုက်များရှင်းလင်းဆယ်ယူခြင်း၊ အဖုံးအကာများ ပြုလုပ်ခြင်းတို့အား စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၃)

အဆင့်မြင့်စက်ချုပ်နှင့်အခြေခံအိမ်တွင်းမှုသင်တန်းဆင်း

မြိုင် ဩဂုတ် ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မြိုင်)၏ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၉)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင် က သင်တန်းဆင်းအမှာစကားပြောကြားပြီး အဆင့်မြင့် စက်ချုပ်သင်တန်းတွင် ထူးချွန်ဆုများရရှိသည့် ဇမ္ဗူသီရိမြို့နယ်မှ မငြိမ်းငြိမ်းအိနှင့် အခြေခံအိမ်တွင်းမှုသင်တန်းတွင် ရင်းကဲရွာမှ မမူမူအေးတို့အား ဆုများချီးမြှင့်ပေးအပ်ကာ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဒေါ်နန်းသန္တာအောင်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းဆင်းပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် NGO အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ သင်တန်းဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

(အမျိုးသမီးအိမ်တွင်းမှု)

ဆယ်အိမ်စုမှူး သင်တန်းဖွင့်

နမ့်ခမ်း ဩဂုတ် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ဆယ်အိမ်စုမှူးသင်တန်းဖွင့်ပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမတွင် ဩဂုတ် ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်နီလာအေးက အဖွင့်စကားပြောကြားပြီး သင်တန်းနည်းပြများက ဘာသာရပ်အသီးသီးသင်ကြားပို့ချရာ သင်တန်းသူ ၃၀တို့တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

တရားမဝင်သစ်များ သယ်ဆောင်လာသည့်ယာဉ်အား ဖမ်းဆီး

တိုက်ကြီး ဩဂုတ် ၁၃

ဩဂုတ် ၉ ရက် ညနေ ၃ နာရီခွဲက တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးအောင်မြနှင့်အဖွဲ့သည် တရားမဝင်သစ်များအား ကားများဖြင့် ဖြတ်သန်းသယ်ဆောင်နေကြောင်း သတင်းအရ တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၄၆/၄)အနီးတွင် စစ်ဆေးရေးတာဝန်ဆောင်ရွက်နေစဉ် သာယာဝတီဘက်မှတိုက်ကြီးဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ၁ခ/---မတ်တူး အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးစဉ် ယာဉ်မောင်းနှင့် ယာဉ်ပေါ်အတူပါလာသူတစ်ဦးတို့မှာ ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါယာဉ်အတွင်းသို့ ကြည့်ရှုစစ်ဆေးရာ ကျွန်းသစ်ခွဲသားတံခါးဆံ ၈၀၆ ချောင်း၊ အလေးချိန် ၀ ဒသမ ၉၅၀၆ တန်၊ တန်ဖိုးငွေကျပ် ၅၇၀၃၆၀ တို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် တရားမဝင်ကျွန်းသစ်ခွဲသားများကို သယ်ဆောင်လာသူ နှစ်ဦးအပေါ် အရေးယူပေးရန် တောအုပ်ဦးအောင်မြကတိုင်တန်းခဲ့၍ တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်ပြီးယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားသူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **စိုးဝင်း(SP)**

ဇာမဏီကွန်ပေါင်းဓာတ်မြေသြဇာဖြန့်ဖြူးရေးလုပ်ငန်း (ပြည်တွင်း၌သာကျပ်ငွေဖြင့်ခန့်ထားရန်)

(၁) Marketing Manager (Upper branch) အမျိုးသား ၁ ဦး
(၂) Sale and Marketing Supervisor အမျိုးသား ၃ ဦး

အမှတ်စဉ်(၁)အတွက် သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ ဘွဲ့ရပြီးသူ အသက် ၃၅နှစ်ဝန်းကျင်နှင့်အထက်ရှိရမည်။ ကွန်ပျူတာတတ်ရမည်။ ခရီးသွားနိုင်ရမည်။ ဓာတ်မြေသြဇာနှင့်ပတ်သက်သော အတွေ့အကြုံရှိသူ ဦးစားပေးမည်။ Marketing Plan များ ရေးဆွဲနိုင်ရမည်။

အမှတ်စဉ်(၂)အတွက် စိုက်ပျိုးရေးဘွဲ့ရပြီးသားဖြစ်ရမည်။ အသက်(၂၅)နှစ်မှ ၃၀ ကြားဖြစ်ရမည်။ နယ်ခရီးသွားနိုင်ရမည်။ ဓာတ်မြေသြဇာနှင့်ပတ်သက်သော အတွေ့အကြုံရှိသူ ဦးစားပေးမည်။

လျှောက်ထားသူများသည် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ လေဘာမိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

အမှတ် ၂၅၇၊ ၃၁ လမ်း၊ (၈၄×၈၅)လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၅၄၅၂၊ ၀၂-၆၆၆၆၄၊ ၀၂-၆၀၀၄၀၊ အမှတ်(A/၈၉)၊ နောင်ရိုးလမ်း၊ ဘုရင့်နောင်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၉၆၈၈၉၀၈၊ ၀၁-၉၆၈၈၉၀၉

ဦးသန်းထိုက်(ခ)ရာဂျာနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဇေယျာသုခလမ်းနေ ကျွန်ုပ်မိတ်ဆွေ၏သမီး ဒေါ်သူဇာဝင်း ၁၂/မရက(ပြု)၀၀၀၂၃၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

လူကြီးမင်းနှင့် ဒေါ်သူဇာဝင်းတို့သည် ၁-၄-၉၉ ရက်တွင် ဟိန္ဒူလေ့ထုံးတမ်းနှင့်အညီ မင်္ဂလာအခမ်းအနားဖြင့် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်စဉ်အတွင်း၌လည်း လူကြီးမင်းအနေဖြင့် ဒေါ်သူဇာဝင်းအပေါ်၌ လင့်ဝတ္တရားများ ကျေပွန်ခြင်းမရှိခဲ့သည့်အပြင် ၂၀၀၄ ခုနှစ်မှစ၍ ယနေ့အချိန်အထိ တစ်စုံတစ်ရာထောက်ပံ့ခြင်း၊ ပေးကမ်းခြင်း ဆက်သွယ်ခြင်းများလည်း မရှိခဲ့သဖြင့် ယနေ့မှစ၍ (ယခုကြော်ငြာပါသည့်ရက်မှစ၍) နောက်နောင် တစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်ခြင်းနှင့် ခင်ပွန်း(လင်ယောကျ်ား)အဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း ဦးသန်းထိုက်(ခ)ရာဂျာ (ဘ)ဦးကရုပ္ပယားနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်သူဇာဝင်း
၁၂/မရက(ပြု)၀၀၀၂၃၃
အမှတ်(၁)၊ ဇေယျာသုခလမ်း၊
အမှတ်(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးရန်နိုင် LL.B (စဉ်-၄၀၀၆၂)
အထက်တန်းရှေ့နေ
အမှတ် ၇/ခ၊ ဇေယျာသုခလမ်း၊ (၂)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၈၁၇၇၄၈၇

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၃၅၈၊ မြေကွက်တည်နေရာအမှတ် ၃၅၈၊ (၅)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဒေါ်လှဲလှဲညွှန့်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှဲလှဲညွှန့် ကွယ်လွန်သဖြင့် ဦးကျော်ဝင်း၁၂/မရက(နိုင်) ၀၇၆၀၆၅က တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ထပ်ဆင့်ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) မိုဘိုင်းတယ်လီဖုန်းသုံးစွဲခြင်း မှတ်တမ်းစာချုပ်ပုံစံ(၃)ရွက်တစ်စုံ/၁၅၀ရွက်ပါ/(70000) Books နံပါတ်ဖြင့်/အဖုံးဖြင့်/နိုင်ငံခြား Carbonless စက္ကူ+ နိုင်ငံခြားစက္ကူအဖြူ

(ခ) Computer & Accessories — (9) Items
- (၁) Web and Application Server (Dell R-2012 Rack Server) — 3-Nos
- (၂) Database Server (Dell R-2012 Rack Server) — 3-Nos
- (၃) APC SURT 3000XLT 3 KVA Online UPS — 3-Nos
- (၄) Computer 20"LCD Intel Core i3 2120M 3.3 GES, DDR3.2GB — 30-Nos
- (၅) UPS(1.2 KVA Power Tree) — 30-Nos
- (၆) Printer Canon 3050LBP — 30-Nos
- (၇) Barcode Scanner (Argox AS-800 Near Range Image Black Scanner) — 20-Nos
- (၈) Oplicon H 15 Window CE Portable Data Terminal — 20-Nos
- (၉) Laptop Computer Acer Asprire V3-471 Intel Core i7 3630 QM(2.4 GHz) — 10-Nos

(ဂ) ကွန်ကရစ်တိုင် — 2 Items
- (၁) (၇မီတာ) ကွန်ကရစ်တိုင် (200 mmØ/125mmØ) — 1219 Nos
- (၂) (၈မီတာ) ကွန်ကရစ်တိုင် (235 mmØ/150mmØ) — 56 Nos

(ဃ) မီးခံသေတ္တာနှင့် ငွေသေတ္တာ — 2 Items
- (၁) မီးခံသေတ္တာ (Leeco) (Model-3084) — 10 Nos
- (၂) ငွေသေတ္တာ(အလူမီနီယံ) အလျား ၁'၂"× အနံ ၁၀" — 100 Nos

(င) DWDM Equipment & Spare Parts for Microwave Equipment — 2 Items
- (၁) DWDM Equipment (10G x 3 Wavelengths) — 45 Nodes
- (၂) Spare Parts for Microwave Equipment
  - Outdoor Units (6 GHz & 7 GHz) — 22 Nos
  - Indoor Units — 11 Nos
  - Flexible Waveguide (for 6GHz) (1Meter) — 20 Nos

(စ) Kaspersky Internet Security — 1 Item
3 User for 1 Year (2013) CD — 118 Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၇-၈-၂၀၁၃ ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ် အခြေစိုက်သတင်းအချက်အလက်နှင့် နည်းပညာဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Battery — (3)Items
- (၁) Dry Cell for Online UPS (12V, 100AH)(Maintenance free) VRLA — 156-Nos
- (၂) Dry Cell 200 AH Battery (Maintenance free) VRLA — 10-Nos
- (၃) 12 V, 120 AH Battery (Maintenance free) — 32-Nos

(ခ) IT ပစ္စည်း — (21)Items
- (၁) Online UPS (3KVA) Rack Mount APC Smart-UPS RT 3000VA 230V Rack Mount (APC SURTD 3000 XLI) — 18-Nos
- (၂) 3 KVA UPS With AVR (Cyber Power) OLS 3000 E — 20-Nos
- (၃) Flex Manager Alarm Card for MGC 5020 — 1-No
- (၄) CPCB Card for MGC 5020 — 1-No
- (၅) CPCA Card for MGC 5020 — 1-No
- (၆) Power Card for MGC 5020 — 3-Nos
- (၇) Fan Module for MGC 5020 — 2-Nos
- (၈) 8 Ports IAD (VoIP Gateway) — 15-Nos
- (၉) HP Proliant Server (Rack Type) DL 560 Gen 8 Server — 1-No
- (၁၀) Cross Cut Paper and CD Shredder With baset (Heavy Duty) — 1-No
- (၁၁) Fiber to Ethernet Converter (Planet), With Media Converter Classic
  - 10/100/1000 Base-T to 1000 Base-LX (WDM) Media Converter 15 Km 220 V AC — 50-Sets
  - 10/100/1000 Base-T to 1000 Base-LX (WDM) Media Converter 15 Km 48 V DC — 10-Sets
  - 10/100/1000 Base-T to 1000 Base-LX (WDM) Media Converter 60 Km 220 V AC — 10-Sets
- (၁၂) 4E1 to 2 Ethernet Converter (E 1 Interface/Ethernet Interface/ Power Supply) — 6-Sets
- (၁၃) 8E1 to Ethernet Converter (FRM 220 A-i Mux 8T-R) (8E1 Inverse Multiplexer) — 2-Sets
- (၁၄) 16E1 to Ethernet Converter (RAISECOM) Module: RC 953-8 FE 16E1 (8 Ethernet Ports and 16E1 Ports) — 1-Set
- (၁၅) Canon Laser Printer (LBP 2900 B) — 2-Nos
- (၁၆) UPS 1.2 KVA (Power Tree) — 8-Nos
- (၁၇) DNS Server (Turnkey) Dell Power Edge R910 Rack Server, 2xIntel ® Xeon ® E7520 1.86 GHz, 18M Cache, 4.80 GT/s QPI — 1-No
- (၁၈) Backup Server (Turnkey) Dell Power Edge R910 Rack Server, 2xIntel ® Xeon ® E7520 1.86 GHz, 18M Cache, 4.80 GT/s QPI — 2-Nos
- (၁၉) Minister Server (Turnkey) Dell Power Edge R910 Rack Server, 2xIntel ® Xeon ® E7520 1.86 GHz, 18M Cache, 4.80 GT/s QPI — 11-Nos
- (၂၀) DNS Server (Turnkey Solution) Intel Xeon E7540, 18M Cache, 6.4 GT/s QPI, Turbo 2 CPU — 1-No
- (၂၁) Web Hosting Server (Turnkey Solution) Intel Xeon E7540, 18M Cache, 6.4 GT/s QPI, Turbo 2 CPU

(ဂ)
- (၁) Rectifier Module (EATON, APR 48) — 2-Nos
- (၂) Rectifier (-48V) 180 to 240 V, 50~60 Hz, 5 Amp — 11-Nos

(ဃ) Thermal Transfer Facsimile (UX-A760) — 6-Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၇-၈-၂၀၁၃ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)၊ သာစည်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၄၉

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ သာစည်မြို့။ **နှင့်** ၁။ ဒေါ်ခင်ညွန့် ၂။ (သား)ဦးအောင်ညွန့်
တရားနိုင် **တရားရှုံးများ**

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၈၁ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၇ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၇)ရပ်ကွက်၊ (၁၈/ခ)၊ ကွဲလည်ပင်း၊ ဦးပိုင်အမှတ်(၁၀၀)၊ မြေကွက်(၁၁၁)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၀×၃၅)ပေ သွပ်မိုး၊ အုတ်ကာ၊ လူနေနှစ်ထပ်တိုက်၊ ပေ(၅၀×၁၂) သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်ဂိုဒေါင်၊ ရေအိမ်၊ ရေချိုးခန်း၊ ရေစင်၊ အုတ်ကန်။

လေလံကြမ်းခင်းဈေး ကျပ် ၇၉ သိန်း။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွြင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဩဂုတ် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မွေး)
မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၇၄

မန်နေဂျာ **နှင့်** ၁။ ဒေါ်မြသန်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်သင်းသင်းဆွေ
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၂၅ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၇ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်ကွင်းအမှတ် (၉/ကျောင်းကြီးရပ်)၊ ဦးပိုင်အမှတ် ၂၂၊ မြေကွက်အမှတ် ၁၉၊ ဧရိယာ ၀ ဒသမ ၁၃၂ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၄×၂၇)ပေ သွပ်မိုး၊ အုတ်ကာ လူနေတစ်ထပ်တိုက်နှင့်အုတ်ရေကန်၊ (၂၇×၁၂)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ ဂိုဒေါင်၊ (၂၇×၁၂)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ ဂိုဒေါင်၊ (၁၈×၁၈)ပေ သွပ်မိုး၊ အုတ်ကာ၊ အရောင်းဆိုင်။

လေလံကြမ်းခင်းဈေး ကျပ် ၂၇၅ သိန်း။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွြင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဩဂုတ် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မွေး)
မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၈၁ ရှိ ပေ(၄၀×၆၀)မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်ခံ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ရရှိထားသူ ဒေါ်နေလီ ၁၂/ဥကတ(နိုင်)၁၁၅၂၄၀ ထံမှ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၅ လမ်း၊ အမှတ် ၁၁၈၃ နေ ဦးဦးကျော်အေး ၁၁/ရဗန(နိုင်)၀၃၉၁၂၃ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ပေးဆောင်ပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက လုံလောက်သည့်အထောက်အထားဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက တရားဝင်အရောင်းအဝယ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးဦးကျော်အေး ၁၁/ရဗန(နိုင်)၀၃၉၁၃၃**

စီးပွားရေးကြော်ငြာများ

Aiming For Success

edexcel

Myanmar Noble College

BTEC HND

HND Engineering - Construction & the Built Environment
- Electrical & Electronics
- Mechanical

HND Business - Business

HND Computing - Computing & System Development

Myanmar Noble College

ပေါ်ပြူလာစတား

Google

အင်တာနက်မှ ရှာဖွေနည်းများ

ပြင်ဆင်ဖတ်ရှုပါရန်

၇-၈-၂၀၁၃ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၁)ပါ အေးလွင်၊ ခရိုင်တရားသူကြီး၊ မိတ္ထီလာခရိုင်တရားရုံး၊ ၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်(၂)၊ ရောင်းရန်ကြော်ငြာစာတွင် လေလံတင်ရောင်းချမည့်ရက်အား ၁၃၇၅ ခုနှစ် တော်သလင်းလဆန်း ၂ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကျော်လှိုင်၏သား မောင်စိုင်းထက်ဇော်နှင့် မောင်ဇော်ဇော်ဌေး ၁၂/ကခက(နိုင်)၀၈၄၅၁၆ တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထကသုဝဏ္ဏ တက္ကသိုလ်ဝင်တန်း(ခ)မှ မနေခြည်ဦး၏ ဖခင်အမည်မှန်မှာ ဦးအက်ဒွတ်ပါကယ် TGKN-၀၄၅၉၂၇ ဖြစ်ပါသည်။

ဦးအက်ဒွတ်ပါကယ်

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

LUXURY ELEMENTS LUXURY WORLD

Reg No.4/8042/2013 Reg No.4/8044/2013

BEAUTY & SPA PRESTIGE

Reg No. 4/8043/2013

U Myint Lwin, Advocate,
LL.B, DBL,
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 95 1 371990 2013

ဦးသန့်ဇော်

LCCI I & II

MYOB/Excel

ORION Business School

09 73154401, 09 5115997

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကို့ဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

သာစည်မြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၇၅

မန်နေဂျာ	**နှင့်**	၁။ ဦးထွန်းအောင်ကြည်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ကြည်ကြည်မေ
သာစည်မြို့။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၂၆၇ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၇ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ် (၅/ခ)၊ ဦးပိုင်အမှတ် (၅၀)၊ ဧရိယာ ၁ ဒသမ ၂၀ဧကရှိ(၁၅နှစ်ဂရန်မြေနှင့်)ယင်းမြေပေါ်ရှိ (၁၈×၃၂)ပေ ကွန်ကရစ်ခင်းပါကေးခင်း၊ ဧရိယာ (၁၇½×၁၇½) အုတ်ညှပ်ကာ၊ သွပ်မိုး အဆောက်အအုံတစ်လုံးတွဲလျက် ပေ(၁၄×၁၃) ကွန်ကရစ်ခင်း၊ အုတ်ညှပ်ကာ၊ သွပ်မိုး ပေ(၂×၂) မျက်နှာကြက်ကျောက်ပြားခင်း၊ အိမ်ခန်းအဆောင်တစ်လုံးတွဲလျက် ပေ(၁၁×၁၉½)ရှိ ရေချိုးခန်း၊ ရေလောင်းအိမ်သာ အဆောက်အအုံတစ်လုံး၊ ပေ(၂၇½×၂၁)အုတ်ခင်း၊ အုတ်ညှပ်ကာ၊ သွပ်မိုးတစ်ထပ်အဆောက်အအုံ တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ် ၃၂၅ သိန်း။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဩဂုတ် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မွေး)
မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ဦးကျော်သန်း၊ ဒေါ်ဝင်းမော်သိန်း (ဖြူစင်မေတ္တာ မွေးမြူရေးကြက်စာရောင်းဝယ်ရေး) အိမ်အမှတ်(၁၃၈)၊ အမှတ်(၈)ရပ်ကွက်၊ အောင်ဆန်းလမ်း၊ ကျောက်မဲမြို့နေသူအား အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အဆောင်(၁၆)၊ အခန်း(၁)၊ ကျွဲဆည်ကန်(စန်းကမ္ဘာ ကြက်စာရောင်းဝယ်ရေးနှင့် ဖွဲနုဆန်ကွဲပြောင်းရောင်းဝယ်ရေး)ပိုင်ရှင် ဦးကျော်ကျော်နိုင် ၁/ဗမန(နိုင်)၀၄၉၂၃၅ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်းတို့နှင့် တစ်ကြိမ်တစ်ခါမျှမတွေ့ဖူးသော်လည်း လူကြီးမင်းတို့ မှာယူသည့်အတိုင်း လွန်ခဲ့သော ၁၄-၇-၂၀၁၃ရက်မှစတင်ပြီး ၁၆-၇-၂၀၁၃ရက်အထိ စန်းကမ္ဘာကြက်စာရောင်းဝယ်ရေးထံမှ ဆန်ကွဲအိတ်ပေါင်း ၆၀၅အိတ်ကို စုစုပေါင်းတန်ဖိုးငွေကျပ် ၇၉၈၆၀၀၀ ဖိုးကို မန္တလေးအထိုင်ဈေးဖြင့် ဆက်သွယ်မှာယူပေးပို့ခဲ့ပြီး လူကြီးမင်းတို့၏ ဂုဏ်သိက္ခာကို ယုံကြည်သောအားဖြင့် ဖော်ပြပါအိတ်အရေအတွက် (၆၀၅)အိတ်ကို ပေးပို့ခဲ့ရာတွင် ကုန်ဖိုးငွေကို တစ်ပတ်အတွင်း ပေးချေပါမည်ဆိုသော်လည်း မပေးသဖြင့် ဦးကျော်ကျော်နိုင်ကိုယ်တိုင် ကျောက်မဲမြို့သို့ သွားရောက်တွေ့ဆုံညှိနှိုင်းခဲ့ရာ ၅-၈-၂၀၁၃ ရက်တွင် ငွေကျပ်သိန်း(၄၀)ကိုလည်းကောင်း၊ ၁၃-၈-၂၀၁၃ရက်တွင် ကျပ် ၃၉၈၆၀၀၀ ကိုလည်းကောင်း ခွဲဝေပေးပို့မည်ဖြစ်ကြောင်း ဦးကျော်သန်းနှင့်ဇနီး ဒေါ်ဝင်းမော်သိန်း ကိုယ်တိုင် ဝန်ခံကတိပြုထားကြောင်း တွေ့ရှိရပါသည်။

ကျောက်မဲမြို့သို့ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ကျော်နိုင်မှ အကြိမ်ကြိမ်သွားရောက်တောင်းခံရာတွင် ပထမအကြိမ်သာအတွေ့ခံပြီး ပြေစာပေါ်တွင် လူကြီးမင်းတို့မှ သတ်မှတ်ရက်အတွင်းပေးမည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားပြီးဖြစ်သော်လည်း သတ်မှတ်ရက်တွင် ကျွန်ုပ်မိတ်ဆွေကိုယ်တိုင် သွားရောက်တောင်းခံသော်လည်း အတွေ့မခံဘဲရှောင်တိမ်းနေကြောင်း လေ့လာသိရှိရပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့သည် ကျွန်ုပ်မိတ်ဆွေအား ပေးရန်ရှိသော ကုန်ဖိုးငွေကျပ် ၇၉၈၆၀၀၀ ကို ၂၅-၈-၂၀၁၃ရက်နောက်ဆုံးထားပြီး ဆက်သွယ်ပေးသွင်းရန် ကြိုတင်အသိပေးလိုက်ပါသည်။ သတ်မှတ်ရက်တွင် ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲပြဋ္ဌာန်းထားသော ဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

ဦးကျော်ကျော်နိုင် ၁/ဗမန(နိုင်)၀၄၉၂၃၅ ၏ ညွှန်ကြားချက်အရ-

ဦးတိုး
(LL.B, Dip in Business Law)C.A.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၄၂/၈၆)
အကွက်(ဏ-၁/၄၆)၊ စွယ်တော်လမ်းနှင့် သရဖီလမ်းကြား၊ ၆၄×၆၅လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၀၂၉၀၀၄၊ ၀၉-၅၁၂၇၀၄၈

ဒေါ်အေးသီတာထွန်း LL.B	**ဒေါ်စန်းစန်းနွယ် LL.B**
အထက်တန်းရှေ့နေ	**(Dip in Business Law) D.M.M**
(စဉ်-၃၂၂၅၇)	**အထက်တန်းရှေ့နေ(စဉ်-၃၄၄၇၃)**
ဒေါ်ခိုင်နွယ်ဝင်း LL.B, D.B.L	**ဒေါ်အေးအေးမိုး LL.B, D.I.R**
အထက်တန်းရှေ့နေ(စဉ်-၃၂၆၅၄)	**အထက်တန်းရှေ့နေ(စဉ်-၄၁၃၅၅)**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရှိ CIFA Concrete Batching Plant ($60m^3$ / $80\ m^3$) တွင် အသုံးပြုရန်အတွက် စက်အရန်ပစ္စည်းများ (1)Lot ကို LC ဖွင့်လှစ်၍ နိုင်ငံပိုင်နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၈-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၃-၈-၂၀၁၃ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ဒု-အင်ဂျင်နီယာချုပ် (စက်မှု)၊ စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
ရုံးအမှတ် (၁၁)ဝင်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၁၇၃၊ ၀၆၇-၄၀၇၁၇၆၊ ၀၆၇-၄၀၇၀၇၆

ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၆-၂၀၁၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(ဃ)တွင်ပါရှိသော ကန့်ကွက်နိုင်ပါသည် ကြော်ငြာအမှတ်စဉ် (၁၀) ဦးမောင်မောင်သီဟ+၁ကြော်ငြာတွင် မြေအမည်ပေါက် ဦးအောင်ကျော်လွင်+၁အစား ဦးအောင်ကျော်ကျော်လွင်+ ၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

ဦးကျော်ထွေး၏သား အထက၊ သုဝဏ္ဏ တက္ကသိုလ်ဝင်တန်း (ဂ)မှ မောင်သိုက်ထွေးအား မောင်သိုက်ထွေးစံ ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သိုက်ထွေးစံ

အမှားပြင်ဆင်ဖတ်ရှုရန်

၁၅-၇-၂၀၁၃ ရက်စွဲ ကော်လံ ၅ပါ အထက(၃)မော်လမြိုင်၊ ထူးချွန်ကျောင်းသူများ ရွှေရတုသဘင်အခမ်းအနားကျင်းပရာတွင် ဆုချီးမြှင့်ရန်အတွက် ခေါင်းစဉ်အစား ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်းတွင်ဖော်ပြရန် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဥတုရာသီ
တောကိုမှီ၏

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ) ရပ်ကွက်၊ ခရေပင်(မြို့ပတ်)လမ်းမကြီးအမှတ် ၅၄/ခ ဟုခေါ်တွင်သည့် ပျဉ်ထောင်၊ သွပ်မိုး နှစ်ထပ်အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ မျက်နှာစာအကျယ် (ပေ၂၀)နှင့် အရှည်(၄၂ပေ)ရှိ မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးထွန်းထွန်းနိုင် ၁၂/မဂဒ(နိုင်)၀၈၉၀၀၉ ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြကြည် B.A, R.L
တရားလွှတ်တော်ရှေ့နေ (၃၉၃၇/၈၅)
အမှတ် ၁၂၇၊ ၁၄ လမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၁၅၂၅၈၃၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ ဧရာဝဏ် ၁ လမ်း၊ တိုက် ၄၊ အခန်းအမှတ် ၂၀၁၊ အကျယ်အဝန်း (၂၈ပေ×၄၅ပေ)ရှိ နှစ်ခန်းတွဲ သုံးထပ်တိုက်၏ ဒုတိယထပ်(အပေါ်ထပ်)တိုက်ခန်း၏ အကျိုးခံစားခွင့်တို့ကို အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူများဖြစ်သော (၁)ဒေါ်ကေသီခိုင် ၁၂/အစန(နိုင်)၀၃၅၇၂၅၊ (၂)ဦးသူရဇော် ၁၂/အစန(နိုင်) ၀၅၇၄၄၅၊ (၃) ဦးထွန်းဇော်လင်း ၁၂/အစန(နိုင်)၀၅၅၉၆၇၊ (၄)ဒေါ်မေသီခိုင် ၁၂/အစန(နိုင်)၀၂၀၄၈၅ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တချို့တစ်ဝက်ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မျိုးသူ LL.B တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၃၇/၇၄၁၊ ပထမထပ်၊ အခန်းအမှတ် ၁၀၆၊ မာလာနွယ်လမ်း၊
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၉၃၈၉၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၂၁၀၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧကရှိ နှစ် ၆၀ငှားရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၁၀၊ ဦးမောင်ကြီးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော နှစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမောင်မောင်ဝင်း (ဘ)ဦးဘရှင် S/OKA-၀၄၇၄၉၂အမည်ဖြင့် တရားဝင်မှတ်သားထားသောမြေကွက်ဖြစ်ပြီး ၄င်းတို့ထံမှတစ်ဆင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဒေါ်မိုးဇာဦး (ဘ)ဦးမောင်စိန် ၁၄/ဒဒရ(နိုင်)၀၀၁၅၁၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တချို့တစ်ဝက်ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မျိုးသူ LL.B တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၃၇/၇၄၁၊ ပထမထပ်၊ အခန်းအမှတ် ၁၀၆၊ မာလာနွယ်လမ်း၊
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၉၃၈၉၀

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်စင်လမ်း ဒါယိကာမကြီး
ရဟန်းမယ်တော်ကြီး ဒေါ်တင်မြ (ပဲခူး)
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၇၀၊ နတ်စင်လမ်းနေ (ဦးဘိုးသာ)၏ဇနီး၊ ဦးပညာလင်္ကာရ(ဦးဘုန်းမြင့်)ကံကြီးစုကျောင်းတိုက်၊ လှည်းကူးမြို့၊ ဒေါ်မေရီအေး၊ ဒေါ်မြမြသန်း၊ ဦးအောင်ဇော်လွင်-ဒေါ်လွင်လွင်မာ၊ ဦးမြင့်စိုး-ဒေါ်စိန်စိန်ရှင်၊ ဦးမြတ်ကိုကို- ဒေါ်ကေသီစိုး၊ ဦးမြတ်ညီညီ-ဒေါ်ခင်မာဦး၊ ဦးကျော်လွင်-ဒေါ်သက်သက်ပိုင်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၁-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့)ည ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈- ၂၀၁၃ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၃ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယကာကြီး
ဦးသိန်းတင်(မြစ်ကြီးနား) အငြိမ်းစားခွန်ဦးစီးမှူး(ငြိမ်း)
အသက်(၉၁)နှစ်

မြစ်ကြီးနားမြို့နေ (ဦးမောင်ငယ်-ဒေါ်အုံးပွင့်)တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးဘလှိုင်-ဒေါ်အေးညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၁၂(ပထမထပ်)နေ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ရဲအုပ်သိန်းရီ(ငြိမ်း)၊ ဦးတင်ဝင်း (အကောက်ခွန်၊ ငြိမ်း)-ဒေါ်နန်လောင်ခမ်း၊ ဦးစိုးမြင့်သိန်း(အကောက်ခွန်၊ငြိမ်း)-ဒေါ်ဝါဝါအောင်တို့၏ဖခင်၊ မေသက်စိုး၊ နန်းအိချောမြတ်တို့၏အဘိုးသည် ၁၂-၈-၂၀၁၃ရက် မွန်းလွဲ ၁း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထွေးတင် (မြိတ်)
အသက်(၈၉)နှစ်

မြိတ်မြို့၊ ဈေးတန်းရပ်၊ ရုံးလမ်း၊ အမှတ် ၂၁၂နေ ဒေါ်တင်နု၏ခင်ပွန်း၊ ဦးမောင်မောင်လေး-ဒေါ်အင်ပို၊ ဦးရွှေဘော်၊ ဒေါ်ချိုချို၊ ဦးသန်းအေး-ဒေါ်အေးအေးခိုင်၊ ဦးအောင်သန်း-ဒေါ်နွဲ့ဝင်း(ခ)မမူ၊ ဦးကျော့ယဉ်-ဒေါ်နှင်းနှင်း၊ ဦးလှိုင်မင်းထွန်း-ဒေါ်ချိုချိုထွေး၊ ဦးမြင့်စိုး-ဒေါ်နီနီ၊ ဦးကျော်စိုး-ဒေါ်ဖြူဖြူစိုးတို့၏ဖခင်၊ မြေး ၂၁ယောက်တို့၏အဘိုးသည် ၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသင်းကြူ [ဒုတိယညွှန်ကြားရေးမှူး(စီမံရေး)(ရေနံဓာတု)]
အမျိုးသားညီလာခံ(အလုပ်သမားကိုယ်စားလှယ်)
သုခိတာဓမ္မာရုံနာယကကြီး(အောင်ချမ်းသာ)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ် ထ/၉၅နေ (ဦးမောင်ငွေ-ဒေါ်တင်ရွှေ)တို့၏သား၊ (ဦးသောင်းရွှေ)-ဒေါ်မာတီ(ဗိုလ်ချုပ်ရွာ)တို့၏သားသမက်၊ ဒေါ်သီတာရွှေ၏ခင်ပွန်း၊ မအိရွှေစင်သင်း (TAPE-Myanmar)၏ဖခင်သည် ၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ၃နာရီတွင် သန်လျင်ပျဉ်ထောင်ကျောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးလှမြင့်(ငြိမ်း)
ကြည်း-၁၂၉၁၇၊ တေဇ(၁)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက်(၃၃၂)၊ အခန်း(၂၁)နေ ဒေါ်မြယဉ်ဦး၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးလှမြင့်(ငြိမ်း)သည် ၁၁-၈-၂၀၁၃ရက်တွင် SSC ဆေးရုံ၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၁)သူငယ်ချင်းများနှင့်မိသားစု

ဒေါ်ဖြူဖြူ (တရားရုံးချုပ်)
အသက်(၇၅)နှစ်

အမှတ် ၃၂၄၊ အောင်တံခွန်လမ်း၊(၂၉) ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးလှဖေ-ဒေါ်သန်းနှစ်)တို့၏သမီး၊ ဒေါ်ညိုညို၏ညီမ၊ (ဦးကျော်မြင့်၊ ကုန်သွယ်ရေး)၏ဇနီး၊ ဦးစိုးလှမြင့်-ဒေါ်ခင်စိုးမိုးကျော်တို့၏မိခင်သည် ၁၃-၇-၂၀၁၃ရက်တွင် တောင်ငူမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၃ရက်တွင် တောင်ငူမြို့ ကေတုမတီမြို့သစ်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ တစ်လပြည့်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဓမ္မာရုံဒါယကာကြီး
ဦးထွန်းအေးအောင်
(ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း) (အတွင်းရေးမှူး)
ရွှေတောင်တန်းအောက်လမ်း၊စစ်တွေ
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊အမှတ် ၁၆နေ(ဦးမြသာ-ဒေါ်အောင်မေ)တို့၏သား၊ ဒေါက်တာဦးလှရွှေ-ဒေါ်သူဇာ၊ ဒေါ်ယဉ်နု-(ဦးသာထူး)တို့၏ ညီ/မောင်၊ (ဦးထွန်းရွှေ-ဒေါ်ရှုမင်း)၊ ဦးဘစော၊ ဦးမြမောင်(စည်ပင်)-ဒေါ်စုစုသိန်းတို့၏ အစ်ကို၊ ဒေါ်ဦးလှမေ၏ခင်ပွန်း၊ ကိုအောင်ကျော်ဦး၊ မနှင်းမြမြအေးအောင်၊ကိုနေလ အေးအောင်၊ကိုရွှေမိုးအေးအောင်၊ မငြိမ်းဆွေဆွေအေးအောင်တို့၏ဖခင်ကြီး၊ တူ၊ တူမ ၁၁ယောက်တို့၏ ဦးလေးသည် ၁၁-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၃ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျင်ဟိုင်း (သုံးခွမြို့)
အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၄) ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၆၆/၃နေ (ဦးတင်မောင်-ဒေါ်ကျင်မြိုင်)တို့၏သား၊ ဒေါ်ကျင်ရွှေ၏ခင်ပွန်း၊ ဒေါက်တာမြင့်နိုင်-ဒေါက်တာနွယ်နီသန်း(သုခနွယ်အထူးကုဆေးခန်း)၊ ဦးကျော်ကျော်-ဒေါ်ခင်ခင်ဌေး၊ ဦးကျော်ဦး-ဒေါ်နွယ်နီလွင်၊ ဦးအောင်တင်ထွန်း- ဒေါ်အေးသီတာထွန်းတို့၏ဖခင်၊ မဖြူ သင်းနိုင်(Final Part II ,U.M 1)၊ မောင်ဝေယံဖြိုးဟိန်း၊ မောင်တိုးဝေလင်း၊ မောင်ဖြိုးဝေမင်း၊ မောင်ခန့်ဝေလင်း၊ မောင်ဝေယံလင်း၊ မသစ်သစ်အောင်၊ မခိုင်ဇင်ဝင်း၊ မသစ်သစ်ဇော်၊ မမြင့်မြတ်မော်၊ မောင်မင်းဇော်သစ်၊မောင်နေထွန်းဦးတို့၏အဘိုးသည် ၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် သုံးခွမြို့ ကရင်စုသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်ထွားစိန် (ကံချိုင်ရွာ)
အသက်(၉၀)

ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေ-သုဓမ္မသိင်္ဂီဒေါ်နန်းချစ်ဆွေတို့၏မိခင် ဒေါ်ထွားစိန်သည် ၆-၈-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဌေးဦး-ဒေါ်နီနီဝင်း မိသားစု
ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှကြည် အသက်(၉၂)နှစ်

ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်သင်းသင်းအေးတို့၏မိခင်၊ ဝဏ္ဏကျော်ထင်(ဦးစန်းမောင်) ညွှန်ကြားရေးမှူး(ငြိမ်း) ဝန်ထမ်းရေးရာဦးစီးဌာန၏ဇနီးဖြစ်သူ ဒေါ်လှကြည် အသက်(၉၂)နှစ်သည် ၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အရာထမ်း၊ အမှုထမ်းများ

ဦးအေးမြင့်
ငွေစာရင်းမင်းကြီးရုံး(ငွေတိုက်-၄)
စာရင်းစစ်မှူး(ငြိမ်း)၊စာရင်းစစ်ချုပ်ရုံး
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဦးချိုလမ်း၊ ခြံအမှတ် ၁၃၀နေ (ဦးဘသိန်း-ဒေါ်ဒေါ်ချစ်)တို့၏သား၊ (ဦးသာချိတ်-ဒေါ်သာပွင့်)တို့၏သားသမက်၊ (ဒေါ်လှသာသာ)၏ခင်ပွန်း၊ ဦးအောင်မြင့်(ဆသရ၊ငြိမ်း)-ဒေါ်မြင့်မြင့်ခင်(သူနာပြုဆရာမကြီး၊ ငြိမ်း၊ အောင်ဆန်းတီဘီဆေးရုံကြီး)၊ ဒေါ်စန်းစန်းမြင့်(ပစ္စည်းထိန်းဗဟိုဌာန၊ ကပရ)၊ ဒေါ်ခင်စိုးအေး-ဦးသန့်ဇော် (TZ Fisheries Co.,Ltd.)တို့၏ဖခင်၊ မအေးသန့်မေ၊ မအေးသန့်ခင် (Grade-8, G, TTC၊ ကမာရွတ်)တို့၏အဘိုးသည် ၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်မြင့် စက်မှုလယ်ယာဦးစီးဌာန(ငြိမ်း)
အသက်(၇၈)နှစ်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်း၊ နွယ်တမယ်ကျေးရွာ၊ ညောင်ပင်ဈေးရပ်ကွက်နေ ဒေါ်သန်းတင့်၏ခင်ပွန်း၊ မခိုင်၊ ကိုမိုး၊ မအေး၊ ကိုစိုး၊ ကိုအောင်၊ ကိုကျော်ကျော်အောင်(စက်မှု လယ်ယာဦးစီးဌာန၊ ရုံးချုပ်)၊ မငြိမ်း(စိန် ဂေဟာ)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည်၁၁-၈-၂၀၁၃ရက် နံနက်၁နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၃ရက်တွင် ကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်တူးသည် ၁၁-၈-၂၀၁၃ရက် ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဗိုလ်မောင် ဒုတိယ ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
စစ်ဆင်ရေးနှင့်နိုင်ငံခြားငွေကြေးဌာန၊ နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယိကာမကြီး
ဒေါ်စိန်တင်(ခ)ဒေါ်တဆုတ်
အသက်(၇၇)နှစ်

အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ တပ်မမှူး ဗိုလ်မှူးကြီးတင်မောင်ဆွေ-ဒေါ်မိမိမော်တို့၏မိခင်သည် ၈-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသက်အောင်ချို-ဒေါက်တာမြတ်သဇင်အောင်
မန်နေဂျင်းဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ
Myanma Asia Glory Trading Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်တင် (သံတွဲ)
အသက် (၇၅)နှစ်

ရန်ကုန်မြို့နေ ဦးကျော်ရွှေ(ဒေင်အုပ်စုကုမ္ပဏီ)-ဒေါ်အေးအေးကြူ(အလက-၁၊ ဗဟန်း)တို့၏ဖခင်၊ မလမင်းမြတ်မွန်တို့၏အဘိုး ဦးကျော်တင် အသက် (၇၅)နှစ်သည် ၅-၈-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥပဒေပညာဌာန၊ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

မုန်တိုင်းကြားမှ တိုင်းပြည်တည်ဆောက်နေချိန် အရေးပါတဲ့ စတုတ္ထမဏ္ဍိုင်ရဲ့ တပ်ဦးက ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ စာရေးဆရာ သတင်းစာဆရာကြီး မောင်ဝံသ အသက် (၆၉)နှစ် ကွယ်လွန်ခြင်းအတွက် အထူးဝမ်းနည်းကြေကွဲရပါတယ်။

မန္တလေးစာပေပညာရှင်များ
လူမှုကူညီရေး

ကြော်ငြာ

ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်ခင်ခင်ကြီး

သိမ်ဖြူတိုက်နယ် သမဝါယမအသင်း၊ ကုန်သွယ်ရေး-၅(ငြိမ်း)

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ အမှတ် ၆၂/၁နှင့် သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ ပိတောက်လမ်း၊ အမှတ် ၁၄နေ (ဦးဘသက်-ဒေါ်အေးတင်)တို့၏တတိယသမီး၊ (ဒေါ်မယ်သင်၊ အုတ်ဖို)၏သမီးချွေးမ၊ (ဦးမောင်မောင်ကြီး)၏ဇနီး၊(သခင်သန်း-ဒေါ်အမာ)၊ (ဒေါ်လှကြည်-ဦးလှမြင့်)တို့၏ညီမ၊ (ဗိုလ်ထွန်းရှင်၊ မော်ကွန်းဝင် ပဆင့်)၊ (ဒေါ်သန်းမေ)၊ (ဒေါ်လှမြင့်)၊ဒေါ်စိန်စိန်သက်-(ဦးအောင်သန်း၊ နိုင်ငံ့ဂုဏ်ရည် ပဆင့်)တို့၏အစ်မ၊ ဦးခင်မောင်ဌေး(C/E)(Uniteam Marine)-ဒေါ်ချိုချိုရင်တို့၏မိခင်၊ ဖြိုးကိုဌေး၊ ခွန်းချိုသာဌေးတို့၏အဘွား၊ တူ၊တူမ ၂၁ယောက်တို့၏အဒေါ်၊ မြေး ၃၈ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၃-၈-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှကြည် အသက်(၈၂)နှစ်

(ဝဏ္ဏကျော်ထင် ဦးစန်းမောင်၊ BCS ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဝန်ထမ်းရေးရာဦးစီးဌာန)၏ဇနီး၊ ဦးကျော်ဆန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်) - ဒေါ်သင်းသင်းအေး (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊နေပြည်တော်)တို့၏မိခင် ဒေါ်လှကြည် အသက်(၈၂)နှစ်သည် ၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်ချိုအုန်း
(ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

အထူးဝမ်းနည်းကြေကွဲခြင်း

(ဝဏ္ဏကျော်ထင် ဦးစန်းမောင်၊ BCS ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဝန်ထမ်းရေးရာဦးစီးဌာန)၏ဇနီး၊ ဦးကျော်ဆန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်)-ဒေါ်သင်းသင်းအေး (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်)တို့၏မိခင် ဒေါ်လှကြည် အသက်(၈၂)နှစ်သည် ၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၅၉/၆၀ ဖောင်ကြီးသင်တန်းဆင်း ဥပဒေအရာရှိများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှကြည်

အသက်(၈၂)နှစ်

ဦးကျော်ဆန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)နှင့် ဒေါ်သင်းသင်းအေး(ဒုတိယညွှန်ကြားရေးမှူး၊ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှကြည် အသက်(၈၂)နှစ်သည် ၁၂-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းဒေသကြီးဥပဒေချုပ်ရုံး
ခရိုင်ဥပဒေရုံးများနှင့် မြို့နယ်ဥပဒေရုံးများ၊
ဥပဒေမိသားစု၊ ရန်ကုန်တိုင်းဒေသကြီး

ဦးပေါကြွယ်

အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်လမ်းခွဲနေ (ဦးဉာဏ်သိန်း-ဒေါ်အုန်းရင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ သခင်ဖိုးလကြီးလမ်း၊ အမှတ် ၂၆၄နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ (ဦးသိန်းမောင်)-ဒေါ်အေးကြည်တို့၏မောင်၊ ဦးမြင့်ထွေး[လ/ထညွှန်မှူး၊ ကျောက်မျက်ပြတိုက်(ရန်ကုန်)] - ဒေါ်သီသီဦးတို့၏အစ်ကိုကြီး၊ ဦးအေးနိုင်-ဒေါ်ကြည်ကြည်မြင့်(SSC)၊ ဒုတပ်ကြပ်မောင်မောင်သန်း(မတယ)-ဒေါ်မြင့်မြင့်သွယ်၊ ဒေါ်မြင့်မြင့်ဝေ (ဘရေ၊ သတ္တုတွင်း)၊ဦးအောင်သက်ဦး(Smile World Co.,Ltd.)-ဒေါ်လှလှဝေတို့၏ဖခင်၊မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈း၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၈-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Michael ဦးဆန်းမြင့်ကျော် (ကိုပြုံး)

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တန်းမြင့်ကျောင်းလမ်း၊ မ/၆၀နေ ဦးကျော်ကင်း-ဒေါ်စိန်ညွန့်တို့၏သား၊ ဦးသာလှ-(ဒေါ်လှရီ)တို့၏သားသမက်၊ဒေါက်တာနိုနိုကျော်၊ မောင်သွန်းဖြိုးကျော်(ဒု-နှစ်၊ ဆေးတက္ကသိုလ်-၂)တို့၏ဖခင်၊ ဒေါက်တာ ဒေါ်နွယ်နီလှ(PSI)၏ခင်ပွန်းသည် ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် St.Peter & St. Paul ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်း(ခ)ကြီးကြီးအုန်း

အသက်(၉၃)နှစ်

နောင်ချိုမြို့နယ်၊ ဈေးရပ်ကွက်နေ (ဦးမြင့်-ဒေါ်ခင်)တို့၏သမီးကြီး၊ ဦးဖေကြိုင်-ဒေါ်တင်ရီ၊ ဦးထွန်းရွှေ-(ဒေါ်သောင်းတင်)တို့၏အစ်မ၊ (ဦးခင်မောင်ဦး)၊ဗိုလ်မှူးရဲလင်းဦး(ငြိမ်း)-ဒေါ်စိန်စိန်အေး၊ ဦးမောင်မောင်လတ်၊ ဒေါ်ဇင်ဇင်လတ်၊ ဦးသန်းနိုင်ဦး-ဒေါ်အေးအေးခိုင်၊ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး-ဒေါ်မေကြူကြူစိုး၊ ဦးအောင်ကျော်စိုး-ဒေါ်ဖြူဖြူဝင်း၊ ဒေါ်ခင်သီတာထွေးတို့၏အဒေါ်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၃ရက်တွင် နောင်ချိုမြို့၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်လွင်ဦး(ကပ-၄၁၈၀)

အကြီးတန်းစာရေး၊ ကကဌေ

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၇၂၁၊ ၂၄လမ်း၊ (၁၀)ရပ်ကွက်နေ (ဦးကျော်နိုင်)-ဒေါ်လှလှကြည်တို့၏သား၊ ပုဇွန်တောင်မြို့နယ်နေ (ဦးသန်းအေး) - ဒေါ်ခင်လှတို့၏သားသမက်၊ တပ်ကြပ်ကြီးကျော်လွင်ထူး - ဒေါ်တင်တင်သိန်း၊ဦးသက်နိုင်-ဒေါ်မိုးမိုး၊ဦးဇော်ထွန်း - ဒေါ်မြသီတာတို့၏အစ်ကိုကြီး၊ မောင်ကျော်ကျော်အောင်၊ မောင်ကောင်းရဲသူ၊ မောင်ကောင်းပြည့်ပိုင်တို့၏ဖခင်၊ ဒေါ်တင်တင်အေး၏ခင်ပွန်းသည်၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(၃၀၄) ခြေမြန်တပ်ရင်း၊ လိုင်းအမှတ် ၅၊ အခန်း ၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

စာရေးဆရာ၊ သတင်းစာဆရာ

ဦးစိုးသိမ်း(မောင်ဝံသ)

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်
အမျိုးသားသတင်းဆုကော်မတီဥက္ကဋ္ဌ
မြန်မာနိုင်ငံသတင်းစာဆရာအသင်း
(Myanmar Journalists Association -MJA) ဥက္ကဋ္ဌ
ဒေါင်းစာပေ၊ အတွေးအမြင်မဂ္ဂဇင်း၊ ပြည်သူ့ခေတ်ဂျာနယ်
အသက်(၆၉)နှစ်

ပဲခူးမြို့၊ အမှတ် ၅၆၀၊ လိပ်ပြာကန်ရပ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းနေ (ဦးမောင်ခင်-ဒေါ်မြစိန်)တို့၏သား၊ အမှတ်(၂)၊ မင်းလမ်း၊ ပဲခူးမြို့နေ (ဦးကျော်လှိုင်)-ဒေါ်ခင်နုတို့၏သားသမက်၊ အမှတ် ၃၀၀၊ မဟာဗန္ဓုလပန်းခြံလမ်း(အထက်)၊ ခြောက်လွှာ(အေ)နေ ဒေါ်မြင့်မြင့်(ဒေါင်းစာပေ၊ အတွေးအမြင်မဂ္ဂဇင်း)၏ချစ်လှစွာသောခင်ပွန်း၊(ဦးမြသန်း-ဒေါ်မြကြည်)၊ဦးသိန်းဟန်-ဒေါ်တင်ကြည်၊ဦးသန်းဝေ-(ဒေါ်စိန်အေး)၊ (ဦးကြီးရှိန်)-ဒေါ်တင်လှ၊ (ဦးသိန်းမြင့်)-ဒေါ်ကြည်ကြည်အေး၊ ဦးအုန်းမြင့်-(ဒေါ်ခင်သီနွယ်)၊ ဦးကြင်စိုး-ဒေါ်ခင်သန်းဝင်းတို့၏ညီ/မောင်၊ ဦးလှတင်-(ဒေါ်သန်းစိန်)၊ ဦးလှမြင့်-ဒေါ်ခင်ဝင်း၊ ဦးရဲမြင့်-ဒေါ်ခင်မျိုးမြတ် (နန်းအိအိဇာ) (သရဖူနှင့် Wellness မဂ္ဂဇင်း)တို့၏အစ်ကို၊ ကိုတင်ထွန်းကျော် (Senior Site Purchaser, Gammon Pte.,Ltd. Singapore)-မထိုက်ထိုက်စိုး (ထိုက်)(Asst, Operation Manager,Buildersmart Pte.,Ltd,Singapore)၊ ဦးစောခိုင် [လ/ထညွှန်ကြားရေးမှူး၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)]-မလတ်လတ်စိုး(လွတ်လပ်စိုး)၊မောင်နောင်နောင်စိုး(Draftsman,Gammon Pte.,Ltd,Singapore)၊ ဒေါက်တာချမ်းသာစိုး-ဒေါက်တာအိပြည့်ဖြိုးဟန်တို့၏ချစ်လှစွာသောဖခင်၊ မောင်ရဲပြည့်ထိုက်၊ မလီလီစိုးတို့၏ချစ်လှစွာသောအဘိုးသည် ၁၁-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၆း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ၁၅-၈-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဈာပနအခမ်းအနားကို ညနေ ၄နာရီမှ ၆နာရီအထိ ကျင်းပမည်ဖြစ်ပြီး အမှတ် ၃၀၀၊ အခန်း 6A၊ မဟာဗန္ဓုလပန်းခြံလမ်းနေအိမ်မှ ရေဝေးသုသာန်သို့ မွန်းလွဲ ၂း၃၀နာရီတွင် ကားများထွက်ခွာမည်ဖြစ်ပါသည်။)

ကျန်ရစ်သူမိသားစု

ဒုတိယရဲမှူးကျော်သိန်း(ငြိမ်း) (သုံးခွမြို့)

လ/၅၆၆၁၇၊ အမှတ်စဉ်(၄)

အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာနေ (ဦးအုန်းခင်-ဒေါ်သောင်း)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ပဲခူးမြို့နေ (ဦးမြင့်သိန်း-ဒေါ်အမာစိန်)တို့၏သားသမက်၊ (ဒုအရာခံဗိုလ်မြင့်သိန်း)၏ညီ၊ (ဦးချိုမောင်) - ဒေါ်ရင်သိန်း၊ ရဲမှူးငွေသိန်း(မုဒုံမြို့နယ်ရဲတပ်ဖွဲ့မှူး) - ဒေါ်ကြူကြူ၊ ရဲတပ်ကြပ်ကြီးကျော်မြင့်သိန်း (သတင်းတပ်ဖွဲ့၊ သုံးခွမြို့)-ဒေါ်တင်တင်မိုးတို့၏အစ်ကို၊ ဒေါ်မို့မို့သိန်း၏ခင်ပွန်း၊ ဦးသူရသိန်း-ဒေါ်သက်သက်မာ၊ ဦးရဲမြင့်သိန်း-ဒေါ်အေးအေးသက်၊ ဦးဇာနည်သိန်း(ခ)ဗိုလ်ကြီးစိုးဝင်း(ငြိမ်း)-ဒေါ်ကေသီမွန်၊ ဦးဘိုဘို-ဒေါ်သူဇာသိန်းတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၂-၈-၂၀၁၃ရက် ညနေ ၄း၂၅နာရီတွင် တဆရ(၂/၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ရင်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်း(ရုံးအဖွဲ့မှူး)
ပန်းဘဲတန်းမြို့နယ်၊ ကြက်ခြေနီဒုတပ်ရင်းမှူး
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း၊ အမှတ် ၇၁ (ရှစ်လွှာ)နေ (ဦးမောင်လှ-ဒေါ်မြစိန်)တို့၏သား၊ ဦးအေးလူ-(ဒေါ်အုန်းညွန့်)တို့၏သားသမက်၊ ဦးခင်စိုး၊ ဦးခင်မောင်ဝင်း၊ ဦးခင်မောင်အေး၊ ဒေါ်စုတို့၏ညီ/မောင်၊ ဦးတင်ထွန်း၊ ဒေါ်မြမြစန်းတို့၏အစ်ကို၊ မောင်အောင်ပိုင်ဖြိုး၊ မစုအိန္ဒြေခိုင်၊ မောင်ခန့်သူရိန်မောင်တို့၏ဖခင်၊ ဒေါ်အေးအေးခိုင်၏ခင်ပွန်းသည် ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးရှေ့ ရွှေဘုံသာလမ်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးချိုအေးကို (ဖျာပုံ)

အသက်(၈၃)နှစ်

ဖျာပုံမြို့နေ ဦးထွန်းရင်-ဒေါ်သိန်းမြတို့၏သား၊ ဖျာပုံမြို့နေ ရွှေပန်းထိမ်ဆရာကြီးဦးအေးမောင်-ဒေါ်ကြည်တို့၏သားသမက်၊ တိုက် ၂၁၊ အခန်း ၁၀၄ (B)၊ ၅လမ်း၊ ယုဇနဉယျာဉ်မြို့တော်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်နေ ဒေါ်စောရီ၏ခင်ပွန်း၊ ဦးအေးမြင့်-ဒေါ်တင်တင်အေး၊ ဦးနေမျိုးဦး၊ ဒေါ်တူးတူးမော်တို့၏ဖခင်၊ မောင်အာကာဟိန်း-မဇင်မာစိုး၊ မောင်ဇွဲသူရ၊မောင်ခွန်ထွန်းလေး၏အဘိုး၊သန့်လွဲရတီ၏ဘိုးဘိုးကြီးသည် ၁၂-၈-၂၀၁၃ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးချစ်ခင် (အမှုဆောင်)

အသင်းဝင်(၁၃၅၂)

အသက်(၈၂)နှစ်

ကျိုက်လတ်မြို့နယ်၊ သဗြုဆိပ်ကျေးရွာနေ (ဦးဘသော် - ဒေါ်မယ်တွန့်)တို့၏သား၊ အမှတ်၁၆၊ မေတ္တာလမ်းသွယ်-၁၊ ၁၄/၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်တင်ဥ၏ခင်ပွန်း၊ ဦးမြင့်ဇော်-ဒေါ်အမာစိန်၊ ဦးခင်မောင်ချို-ဒေါ်လှလှဝင်း၊ ဦးသောင်းဦး-ဒေါ်အေးအေးမူတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၀-၈-၂၀၁၃ရက်(စနေနေ့)နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

ဦးသိန်းမြင့်

(မိဘမေတ္တာကြိုးစက်ရုံ)

အသက်(၅၇)နှစ်

ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာရွာမကျောင်းတိုက်ပဓာနနာယက မိဘမေတ္တာဆရာတော် ဒေါက်တာအရှင်ဝိသုဒ္ဓါစာရ(ပရဟိတရေ)၏ ရဟန်းဒါယကာကြီး၊ ပေါင်းတည်မြို့နယ်၊ ကြာနီကန်ကွက်သစ်၊ ငွေပေါ်ရွာနေ (ဦးသာမိုး-ဒေါ်ဒေါင်းကြည်)တို့၏သား၊ ရွှေပြည်သာမြို့နယ်၊ တ/၁၅ရပ်ကွက်၊ ပန်းခြံ(၁) (လှော်ကား)နေ (ဦးဘာလီ)-ဒေါ်ညွန့်စိန်တို့၏သားသမက်၊ ရွှေပြည်သာမြို့နယ်၊ တ/၁၅ရပ်ကွက်(လှော်ကား) မြို့ပတ်လမ်း၊ အမှတ် ၁၇၅၇(က)နေ ဒေါ်ယဉ်လှ၏ခင်ပွန်း၊ မောင်သန့်ဇော်ဦး-မသင်းသင်းလှိုင်၊ မောင်ဇော်မင်းလတ်၊ မောင်ဇော်ဝင်းမောင်-မမီးမီးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးသိန်းမြင့်သည် ၁၂-၈-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ လှော်ကားသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီ ဦးကျော်တင်

စက်ရှင်မင်းကြီး(ငြိမ်း)၊ (သံတွဲ)

အသက်(၁၀၂)နှစ်

သံတွဲမြို့၊ အမှတ် ၉၁ (သင်္ဂေဟ)၊ ဗိုလ်ချုပ်လမ်းနေ (ဦးဘသင်-ဒေါ်ငွေလှိုင်)တို့၏သား၊ ဟာဂျီမ ဒေါ်သန်းသန်း(T.T.C ကမာရွတ်၊ ငြိမ်း)၏ခင်ပွန်း၊ မလေးရှားနေ ဒေါက်တာဦးကျော်မြင့်-ဒေါက်တာဒေါ်ငွေငွေနွယ်တို့၏ ဖခင်၊ ဒေါက်တာသဇင်၊ ဒေါက်တာသီင်္ဂီတို့၏ဘိုးဘိုးကြီးသည် ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ယင်းနေ့အဆွရ်ချိန်တွင် သံတွဲမြို့၌ ဒါဖနာပြီးပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

စကီနာဘီဘီ(ခ)

ဒေါ်သိန်းတင်(မမ)(မိတ္ထီလာ)

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ကျိုက္ကဆံအိမ်ရာ၊တိုက် ၅၊ အခန်း ၁၀၃နေ ဦးမြင့်မောင်(အာမခံ၊ ငြိမ်း)-ဒေါ်တင်တင်လှ (ခ) Daphne (အထက်တန်းပြ၊ ငြိမ်း)၊ ဒေါက်တာသန်းဇော် (ဆေးရုံအုပ်ကြီး၊ ငြိမ်း)-ဒေါက်တာနီနီ(ခ)Winnie (Save the Children)၊(ဒေါ်အေးအေးမြင့်)၊ (မောင်သက်ရှည်)တို့၏မိခင်၊မြေးလေးယောက်၊ မြစ်လေးယောက်တို့၏အဘွား၊ [ဦးအာမတ်(ခ)ဦးလှမြင့်]၏ဇနီးသည် ၁၂-၈-၂၀၁၃ရက်(တနင်္လာနေ့)ည ၁၁း၅၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၃-၈-၂၀၁၃ရက်(အင်္ဂါနေ့) ဇဟိုရ်နမာဇ်အပြီး ရေဝေးစွန္နီကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်အယ်လရီထွန်းဘ

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ အမှတ် ၆၊ ပဏ္ဍိတလမ်းနေ(ဦးဂျီသိန်းဘ)၏ဇနီး၊ ဦးထရူးမင်းထွန်းဘ၊ (ဒေါ်တင်တင်ထွန်း) - ဦးအောင်ချိုရှင်း၊ ဒေါ် Daphne ထွန်းဘ၊ (ဒေါ်ဘာဘရာထွန်းဘ)-ဦးအောင်ထူးနီး၊ (ဒေါ်ဂျင်းနီထွန်းဘ)၊ ဒေါ်ဖြူဖြူထွန်း-ဦးအေးမင်းတို့၏မိခင်၊ ရန်မျိုးရှင်း၊ လင်းထက်ရှင်း၊ ဒေးဗစ်ကျော်စွာထူးနီး၊ အိန်ဂျယ်ချယ်ရီထူးနီး၊ အက်စတာထူးနီတို့၏အဘွားသည် ၁၃-၈-၂၀၁၃ရက် နံနက် ၂း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၅-၈-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှရွှေ(ခ)ဖိုးလမင်း

အသက်(၄၃)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ခတ္တာလမ်းနေ(ဦးထွန်းတင်)-ဒေါ်အုန်းရီတို့၏သား၊ အမှတ် ၂၄၁၊ နှင်းဆီ ၂လမ်း၊ (၁၇)ရပ်ကွက်၊ အပိုင်း ၃၊ ရွှေပေါက်ကံမြို့သစ်နေ ဒေါ်ချိုချိုဝင်း(အမေချို ပညာ့ရိပ်မွန်)၏ခင်ပွန်း၊ မောင်ဝင်းမောင်သန့်၊ မနှင်းဝေဆု (အောင်ဆန်းသူရိယ လှသောင်းကျောင်း)တို့၏ဖခင်၊ ကိုကျော်စွာအောင်-မနီလာထွန်း၊ ကိုရန်မျိုးအောင်(ဝမ်ဆွေ့)-မသက်သက်၊ကိုသီဟထွန်း-မမြင့်မြင့်နိုင်၊ ကိုရွှေထွေး(ကုလားပို)၊ ကိုနေထွန်း(အက်စ်ဝိုင်)-မမိုးမိုးကြည်၊ ကိုဇေယျာမျိုးလွင်-မခင်ပြည့်စုံ၊ ကိုရဲမင်းသိမ်း-မအေးမြသီတို့၏အစ်ကို/ညီ/မောင်၊ မောင်မြတ်မင်းထွဋ်၊ မကြယ်ဇင်ရွှန်းလဲ့၊ မဆုပြည့်ရတီလွင်တို့၏ဦးလေးသည် ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၈-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရွှေပေါက်ကံနေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိုက်အောင် အသက်(၉၅)နှစ်

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ် ၄၊ ရန်အောင် ၂လမ်းနေ (ဒေါ်ကြည်)၏ခင်ပွန်း၊ ဦးကျော်သိန်း-ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ခင်ဝင်းရီ(အထပြ၊နေပြည်တော်၊ လယ်ဝေး)၊ ဝဏ္ဏကျော်ထင် ဦးဝင်းအောင်(ဗိုလ်မှူးချုပ်၊ ငြိမ်း)-ဒေါ်ဟေမာ၊ ဦးဇော်ဝင်း(STK-TKT)-ဒေါ်ဝင်းဝင်းမာ(MAB ရုံးချုပ်၊ရန်ကုန်)၊ (ဦးဝင်းဗိုလ်-ဘရေ)၊ ဦးဝင်းကို(အကောက်ခွန်-မန္တလေး)-ဒေါ်ခိုင်သန့်ရွှေ၊ ဦးမြတ်မင်းထက်(လဝက၊လယ်ဝေး)-ဒေါ်ခင်ဝင်းဌေး(လဝက၊လယ်ဝေး)တို့၏ဖခင်၊ ကိုသိန်းထိုက်ဦး(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်)-မမြမြအေး၊ ကိုကျော်ထင်လင်း-မသင်းသင်းထိုက်(ဝေလျှံ-စက်သုံးဆီရောင်းဝယ်ရေး)၊ ကိုခိုင်လင်း(မြန်မာ့ရုပ်ရှင်လုပ်ငန်း)-မလင်းလင်းထိုက်(ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန)၊ ကိုမျိုးမင်းထိုက်(လဝက၊ နေပြည်တော်)-မဝေမာသိမ့်၊ ကိုသီဟငြိမ်းထိုက်-မရွှေစင်ဖြိုး(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)၊ မသီတာငြိမ်းထိုက်(ပြည်တွင်းအခွန်)၊ ကိုအောင်နိုင်သူ၊ ကိုအောင်နိုင်ထက်၊ ကိုဘုန်းလက်ရုံး၊ ကိုဗညားပြည့်ဇော်၊မသူသူဇော်၊ မောင်လွင်ကိုမြတ်၊မောင်ကောင်းပုံသစ်၊ မောင်စိုးအုပ်သာတို့၏အဘိုး၊ မြစ်ကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၂-၈-၂၀၁၃ရက် မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော် လယ်ဝေးစမ်းကလေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိုက်အောင်

အသက်(၉၅)နှစ်

သူငယ်ချင်း ဝဏ္ဏကျော်ထင် ဦးဝင်းအောင်(ဗိုလ်မှူးချုပ်၊ ငြိမ်း)-ဒေါ်ဟေမာတို့၏ဖခင် ဦးသိုက်အောင် အသက်(၉၅)နှစ်သည် ၁၂-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၈)မှ ကျောင်းဆင်းအရာရှိမိသားစုများ

ဒေါ်ခင်ထွေး (မော်လမြိုင်ကျွန်းမြို့)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၃၊ အခန်း ၅၀၂၊ ရေကျော်လမ်းနေ (ဗိုလ်ကြီးလှမောင်၊ ငြိမ်း)၏ဇနီး၊ (ဦးအေးချို၊ ရေကြောင်းအင်ဂျင်နီယာ)၊ ဦးစိုးမြင့်(မင်းထန်ရောင်ကျောက်မျက်ကုမ္ပဏီ၊ နေပြည်တော်)-ဒေါ်ခင်သောင်းအေး(ဦးစီးအရာရှိ၊ ဗဟိုစာရင်းအင်း)၊ ဒေါ်သီင်္ဂီ(မြန်မာ့ရုပ်ရှင်လုပ်ငန်း)တို့၏မိခင်၊ မဥမ္မာချို(မင်္ဂလာဈေး)၊ မခင်မြတ်ချို(မင်္ဂလာဈေး)၊ ဗိုလ်မှူးမိုးဇော်တို့၏အဘွားသည် ၁၂-၈-၂၀၁၃ရက် ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ရဟန်းဒါယိကာမကြီး

ဒေါ်စိန်တင်(ခ)ဒေါ်တဆုတ်

အသက်(၇၇)နှစ်

အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးတင်မောင်ဆွေ-ဒေါ်မိမိမော်တို့၏မိခင် ဒေါ်စိန်တင်(ခ)ဒေါ်တဆုတ်သည် ၈-၈-၂၀၁၃ရက်တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၈)မှ
သူငယ်ချင်းများ

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၈-၂၀၁၃ရက်နှင့်၁၄-၈-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးသိန်းတင်(မြစ်ကြီးနား) အသက်(၉၁) နှစ်နာရေးကြော်ငြာတွင် ရဲအုပ်သိန်းရီ (ငြိမ်း)အစား ရဲအုပ်ဒေါ်သိန်းသိန်းရီ (ငြိမ်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးသိန်းဆွေ

အမှတ်(၁)ရေနံချက်စက်ရုံ
သန်လျင်(ငြိမ်း)
အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ရေနံရပ်ကွက်၊ လိုင်း ၂၃/၁နေ [ဦးထွန်းကြိုင်-ဒေါ်အေးကြိုင်(ခ)ဒေါ်မှိုဥ]တို့၏သားကြီး၊ ဒေါက်တာမာမာဝေ(ပါမောက္ခဌာနမှူး၊ မြန်မာစာဌာန၊ငြိမ်း၊ တောင်ငူ)၊ ဦးကျော်ဝင်း(ရေနံ၊ ငြိမ်း)-ဒေါ်နွဲ့နွဲ့အေး(ခ)ဒေါ်တူးမာ (ဖွဲ့စည်းပုံဌာန၊ ရေနံ)၊ (ဦးအောင်ကိုး)-ဒေါ်ခင်မာဝင်း(ခ)မညို (ရွှေစကား-၂၊ အထည်ချုပ်)၊ ဦးသိန်းနိုင်(ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ တောင်ငူ) - ဒေါ်စမ်းစမ်းထွေးတို့၏အစ်ကိုကြီး၊ တူ၊ တူမ ငါးယောက်တို့၏ဦးလေးသည် ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မေကြည်

မန်နေဂျာ(ငြိမ်း)
စက်ပစ္စည်းစက်ရုံအမှတ်(၂)
က·စ·လ
အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗညားနွဲ့လမ်း၊ အမှတ် ၃၆၉နေ (ဦးကျော်ဒင်-ဒေါ်အေးကြိုင်)တို့၏သမီးကြီး၊ (ဦးထွန်းရီ-ဒေါ်ကျင်တင်)တို့၏သမီးချွေးမ၊ ဦးတင်ဝင်း၏ဇနီး၊ ဦးစံငွေ - ဒေါ်တင်တင်ဝင်း၊ ဦးသိန်းဒင်-ဒေါ်ယဉ်သွယ်၊ ဦးကြီးဒင်-ဒေါ်သန်းသန်းဌေး၊ ဦးအောင်ဒင်-ဒေါ်ခင်မေဦး၊ ဦးသန်းဒင်တို့၏အစ်မကြီး၊ ဦးသန့်ဇော်ဦး (TMW Enterprise Ltd.)-ဒေါ်လှဥမ္မာတို့၏မိခင်၊ မောင်လင်းစွမ်းဆောင်(Grade-7၊ အမက-၃၊ မူလွန်၊ ဗဟန်း)တို့၏အဘွားသည် ၁၂-၈-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အမှားပြင်ဆင်ချက်

၁၂-၈-၂၀၁၃ရက်နေ့ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာ၌ ဗိုလ်မှူးလှမြင့်(ငြိမ်း) အသက်(၆၁)နှစ် နာရေးကြော်ငြာတွင် ဦးသူရဖြိုးမင်း ဒေါ်တင်မိုးဝေဟု မှားယွင်းပါရှိခဲ့ပါသည်။ အမှန်မှာ ဒေါ်တင်မိုးဝေ တစ်ဦးတည်းသာဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ဝ၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၄၅၊ ဖက်စ် ဝ၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဥက္ကဋ္ဌနှင့်အဖွဲ့ အားတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)မှ ဥက္ကဋ္ဌ ဦးခင်မောင်အေး ဦးဆောင်သည့်အဖွဲ့အား တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ညနေ ၃ နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဥက္ကဋ္ဌ ဦးခင်မောင်အေး ဦးဆောင်သည့် အဖွဲ့အား တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် သူရဦးအေးမြင့်၊ ဦးဌေးဦး၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် လိုအပ်သည့်လုပ်ငန်းသုံးရင်းနှီးငွေ နိုင်ငံတော်ဘဏ်မှ ထုတ်ချေးခွင့်ပြုရေးနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြု

နေပြည်တော် ဩဂုတ် ၁၃

မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် သုံးစွဲရန် မလုံလောက်ပါက နိုင်ငံတော်ဘဏ်မှချေးယူသုံးစွဲရန် ငွေပမာဏ သတ်မှတ်ပေးမှုကို ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ပါကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့၌ ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းစဉ်။ (သတင်းစဉ်)

ပိုင်စီးပွားရေး အဖွဲ့အစည်းများအတွက် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကျပ် (၄၁၀ ဒသမ ၉၇၂) ဘီလီယံအား နိုင်ငံတော်ဘဏ်မှ ထုတ်ချေးခွင့်ပြုရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ထည့်သွင်းတင်ပြခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ငွေပမာဏ စုစုပေါင်းမှာ ကျပ်(၄၁၀ ဒသမ ၉၇၂) ဘီလီယံဖြစ်ပြီး ယင်းငွေများကို ပြန်ကြားရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့က ချေးယူသုံးစွဲမည်ဖြစ်ပါကြောင်း၊ ချေးယူနိုင်ရန်လျာထားပေးသည့်ငွေကျပ် (၄၂၀ ဒသမ ၉၇၂)ဘီလီယံကို

ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းစဉ်။ (သတင်းစဉ်)

နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်မှ တစ်နှစ်လျှင် လေးရာခိုင်နှုန်းအတိုးနှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း ဆက်လက်ရှင်းလင်းတင်ပြခဲ့ရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုသည်။

ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်နှင့် မန္တလေးတိုင်း

စာမျက်နှာ ၇ ကော်လံ ၁ ■

ရေလုပ်ငန်းများ ဖွံ့ဖြိုးဝေစည် ကမ်းရိုးတန်း တနင်္သာရီ

ခိုင်ထူး(မြိတ်)

မြိတ်ကျွန်းစုမှထွက်ရှိသော ရေထွက်ပစ္စည်းများ ထုပ်ပိုးနေသည်ကို တွေ့ရစဉ်။

မြိတ် ဩဂုတ် ၁၃

ရေပေါ်ရေအောက် သယံဇာတများ ပေါကြွယ်လှသည့် တနင်္သာရီကမ်းရိုးတန်းသည် ကျွန်းပေါင်း ၈၀၀ ကျော် ပင်လယ်ပြာပြာတောင်တန်းကြီးများ စိမ်းစိုစိုတနင်္သာရီရိုးမနှင့် လှပဝေဆာလွန်းလှသည့် ပန်းချီကားတစ်ချပ်လို မြင်ရသူအပေါင်း လွမ်းမောဖွယ်ကောင်းလှပေသည်။ တနင်္သာရီကမ်းရိုးတန်းသည် မြန်မာနိုင်ငံတောင်ဘက်ခြမ်းတွင်တည်ရှိပြီး မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသုံးခုအနက် အရှည်ဆုံးကမ်းရိုးတန်းတစ်ခုဖြစ်၍ မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၅၀ မိနစ်မှ ၁၃ ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ်မှ ၉၈ ဒီဂရီ ၃၀ မိနစ်တွင် ကမ်းရိုးတန်း မိုင် ၂၀၀ (1200)km ရှည်လျား၍ သယံဇာတပေါကြွယ်လှသည့် ရေပြင်ကြီးတစ်ခုဖြစ်သည်။

ကမ်းရိုးတန်းရေပြင်ကြီးသည် ဂရင်းနိုက်ကျောက်များဖြင့် ဖွဲ့စည်းထားသော ကျွန်းပေါင်း ၈၀၀ ကျော် တည်ရှိပြီး ဟိန်းဇဲကျွန်းမှ ဂေါ်ကျွန်းအထိ ရေဧရိယာ ၃၄၃၄၀ km²ပါဝင်သည့် မြိတ်ကျွန်းစု Myeik/Mergui Archipelago ကို ပိုင်ဆိုင်ထားပြီး မြိတ်ကျွန်းစုဂေဟစနစ် (MAME- Myeik/Mergui Archipelago Marine Ecosystem) သည် BOBLME တွင် အရေးပါဆုံးသော ဒေသတစ်ခုဖြစ်သည်။

ရေသယံဇာတများ ပေါများကြွယ်ဝသော ကမ်းရိုးတန်းကို လေ့လာရာတွင် ယခင်က ငါးသယံဇာတများကို မိရိုးဖလာဖမ်းဆီးစားသောက်

စာမျက်နှာ ၇ ကော်လံ ၁ ❄

မှတ်သားဖွယ်ရာမိုးရေချိန်များ ၁၃-၈-၂၀၁၃

ရွှေကူမြို့	၅ ဒသမ ၄၃ လက်မ
ကော့သောင်းမြို့	၃ ဒသမ ၉၀ လက်မ
ဇန်းမော်မြို့	၃ ဒသမ ၆၆ လက်မ
နေပြည်တော်(ပျဉ်းမနား)	၂ ဒသမ ၈၃ လက်မ
ခန္တီးမြို့	၂ ဒသမ ၆၈ လက်မ
ကြို့ပင်ကောက်မြို့	၂ ဒသမ ၃၂ လက်မ
ကန့်ဘလူမြို့	၂ ဒသမ ၂၄ လက်မ
တောင်သာမြို့	၂ ဒသမ ၁၄ လက်မ
ဟဲဟိုးမြို့	၂ ဒသမ ၀၉ လက်မ
တောင်ငူ (လေကြောင်း)	၂ ဒသမ ၀၉ လက်မ

ယနေ့မာတိကာ

ပြည်သူ့အသံနာကြားရန် နော်ဝေဝန်ကြီးချုပ် ယာဉ်မောင်းအဖြစ် ရုပ်ဖျက်ကာ တက္ကစီမောင်းဆွဲ — စာမျက်နှာ-၄

စာမေးပွဲအရည်အချင်း ရမှတ်နိမ့်ကျခြင်းက လူငယ်တို့၏ တက်လမ်းရည်မှန်းချက်များကို ပြိုလဲစေ — စာမျက်နှာ-၅

၂၀၁၃ ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ် — ဆောင်းပါး စာမျက်နှာ-၆

ဘဏ်များအကြား နိုင်ငံခြားငွေကြေးဈေးကွက်၏ သတင်းအချက်အလက်များ ဖြန့်ဝေသွားမည် — စာမျက်နှာ-၉

ဆီးဂိမ်းအတွက် ရွှေရောင်ပစ်မှတ် မြန်မာ တိုက်ကွမ်ဒိုအဖွဲ့ — စာမျက်နှာ-၁၃

မြေကျင်းတူးရာမှ ပုံးပေါင်းတွေ့ရှိ — စာမျက်နှာ-၁၅